အသက် (၈၁)နှစ် ရှိပြီဖြစ်သော စီနီယာအမှုတော်ဆောင် Pastor Eric Maddison သည် သင်းအုပ်အဖြစ်အမှုတော်ဆောင်စဉ်ကာလ ပတ်လုံး သင်ယူစုစည်းထားသော ဤပညာရတနာကို လူတိုင်းသိရှိစေရန် ထုတ်ဖော်ရေးသားခဲ့ပါသည်။ Pastor Eric သည် (၂၅)နှစ်ကျော် ကျွန်တော်တို့အတွက် မင်္ဂလာဖြစ်စေခဲ့ပါသည်။ အခကြေး ငွေပေးစရာမလိုပဲ မင်္ဂလာဖြစ်စေသော ဤစာအုပ်ငယ်သည် လူတိုင်း မဖြစ်မနေ ဖတ်သင့်သောစာအုပ် ဖြစ်ပါသည်။


Dr. Les Norman and Mrs. Pilar Norman
The World Christian Network
http://www.worldchristians.org


# ဘုရားသခင်၏ကောင်းမြတ်ဆုံးသောအရာကို သင်တွေ့ရှိနိုင်သည်


By Pastor Eric C Maddison
E-mail: support@dci.org.uk



မာတိကာ
အမှာစာ
ကျေးဇူးတင်လွှာ
နိဒါန်း
အခန်း (၁) ဘုရားသခင်၏ကောင်းမြတ်ဆုံးသောအရာကို သင်တွေ့ရှိပြီလား ၁-၆
အခန်း (၂) အဓိကမကျတိုင်ကိုမေ့ကျန်ထားခြင်း ၇-၁၄
အခန်း (၃) သင်ယူလျှောက်လှမ်းခြင်းသို့ ယုံကြည်သူများအား ပို့ဆောင်ခြင်း ၁၅-၂၂
အခန်း (၄) ဝိညာဉ်တော်နှင့်ပြည့်ဝသော်လည်းတားဆီး ပိတ်ပင်ခံရခြင်း ၂၃-၂၈
အခန်း (၅) လှုပ်ယမ်းနေသော ခံစားမှုများကိုထိန်းချုပ်ခြင်း ၂၉-၃၃
အခန်း (၆) ဒုက္ခခက်ခဲခြင်းများ၊ ဘေးအန္တရာယ်များနှင့် ပျော်ရွှင်ကြည်နူးခြင်းများ ၃၄-၄၃
အခန်း (၇) မြောက်များစွာဖျက်ဆီးပစ်ပယ်ထားခြင်း ၄၄-၄၈
အခန်း (၈) ထိခိုက်ပစ်ပယ်ခြင်းခံရသူ၏အတွင်းစိတ်နေ သဘောထားများ ၄၉-၆၁
အခန်း (၉) အခြားသောသတင်းကောင်း ၆၂-၆၇
အခန်း (၁၀) ခရစ်တော်နှင့်အတူဗတ္တိဇံတွင်မြှုပ်နှံခဲ့ပါ ၆၈-၇၅
အခန်း (၁၁) ဒုက္ခကြပ်တည်းမှုကိုထုတ်ဖော်ဖြေရှင်းပါ ၇၆-၈၀
အခန်း (၁၂) ရာစုနှစ်ပေါင်းများစွာရှာဖွေသောအရာ ၈၁-၈၆
အခန်း (၁၃) အသက်ရှင်ခြင်း၏ မှန်သောအချက်အလက်များ ၈၇-၉၂
အခန်း (၁၄) မှတ်မိခြင်းတခုသက်သက်ပဲလား ၉၃-၉၇
အခန်း (၁၅) ဘုရားသခင်၏ကျန်းမာစေခြင်း ၉၈-၁၀၃
အခန်း (၁၆) မိမိကိုယ်ကိုမနာကျင်စေနှင့် ၁၀၄-၁၀၇
အခန်း (၁၇) ဘုရားသခင်၏ကောင်းမြတ်ဆုံးသောအရာကို သင်တွေ့ရှိလိမ့်မည် ၁၀၈-၁၀၉

# အမှာစာ

မဟာပညာရှင်ရှောလမုန်ဘုရင်မင်းကြီးက “ပညာရှိတို့နှင့်တိုင်ပင်ပြီးမှ စစ်မှုကိုပြုရ၏။ အကြံပေးနိုင်သောသူများစွာရှိလျှင် ဘေးလွတ်တတ်၏” ဟု (သုတ္တံ ၂၄း၆) တွင် ဖော်ပြထားပါသည်။ အကြံပေးနိုင်သော ယုံကြည်သူခရစ်ယာန်များနှင့်အတူနေရခြင်းသည် အလွန်ပင်စိတ်ချမ်းသာစရာဟု ဆိုရပေလိမ့်မည်။

အကျွန်ုပ်၌ခရစ်ယာန်အကြံပေးစာပေ မြောက်များစွာရှိပြီး ၎င်းစာအုပ်အားလုံးအသုံးဝင်တန်ဖိုးရှိကြပါသည်။ သို့သော်ဤစာအုပ်၏ ထူးခြားချက်မှာ စာအားဖြင့်နည်းသော်လည်း ပညာကိုလက်တွေ့ အသုံးပြုရမည့် အရာများကို လေးနက်စွာ ဖော်ပြထားခြင်းဖြစ်ပါသည်။

စာအုပ်တော်တော်များများ၏ အားနည်းချက်မှာ ပညာကိုလက်တွေ့ အသုံးပြုရမည့်အရာများကို ချန်လှပ်ထားခြင်းပင်ဖြစ်သည်။ ၎င်း၏ အကျိုးဆက်ရလဒ်မှာ သြဝါဒများ ကောင်းမွန်မှန်ကန်သော်လည်း လက်တွေ့အသုံးချခြင်း၏ ရလဒ်နည်းခြင်းပင်ဖြစ်သည်။ ဤစာအုပ်လေးနက်ရခြင်း အကြောင်းမှာ Nottingham ရှိ ဒေသန္တရအသင်းတော်၌ အောင်မြင်ကြာမြင့်စွာ အမှုတော်ဆောင်ခဲ့သော Pastor Eric Maddison က ရေးသား ပြုစုခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

ဤကဲ့သို့ လေးလေးနက်နက် သင်ကြားပေးခြင်းဖြင့် ဒေသန္တရအသင်းတော်ကို တည်ထောင်ခဲ့ပါသည်။ ထို့အပြင် သမ္မာကျမ်းစာ (နှုတ်က ပတ်တော်)သည် ဘုရားသခင်မှုတ်သွင်းထားကြောင်းကို Eric သည် ခိုင်မြဲစွာ ယုံကြည်သောကြောင့် သူ၏သင်ကြားခြင်းအားလုံးသည် ကျမ်းစာပေါ် အခြေပြု လျက်ရှိသည်။ ၎င်းအပြင် Eric သည် ယေရှုခရစ်၏ တပည့်တော် ဘုရား၏ အသုံးတော်ခံဖြစ်သောကြောင့် သူ၏အသက်တာနှင့် သွန်သင်ခြင်းသည် ခရစ်တော် ကို ဗဟိုပြုလျက်ရှိပါသည်။

Colin Whittaker
Editor of Redemption Magazine

ဘုရားသခင်၏သားတော်ကို ယုံကြည်ခြင်းအားဖြင့်တည်၏။ သားတော်သည် ငါ့ကိုချစ်၍ ငါ့အဘို့ကိုယ်ကိုကိုယ်စွန့်တော်မူ၏ (ဂလာတိ ၂း၂၀)။ထိုသို့ငါတို့၏ လူဟောင်းသည် ဝိညာဉ်တော်အားဖြင့် ခရစ်တော်၏သေခြင်း၌အမြဲတမ်း မြှုပ်နှံ ထားရမည်။

မိတ်ဆွေဘုရားသခင်၏ စစ်မှန်သော ဂတိတော်ကိုလက်ခံရရှိရန် ယုံကြည်ပါ။ ထို့နောက်စစ်မှန်သော သမ္မာတရားကို အသက်တာ၌ နာခံခြင်းဖြင့်ထိန်းသိမ်းစောင့်လျှောက်ပါ အကယ်၍ဘုရားနည်းလမ်းကိုတွန်းလှန်ခြင်း(သို့) တစ်စိတ်တစ်ပိုင်းသာ လိုက်လျှောက်လျှင်တော့ ဘုရားသခင်၏ကောင်းမြတ်ဆုံး သောအရာကို တွေ့နိုင်မည်မဟုတ်ပေ။

သို့ဖြစ်လျှင်ဘုရားသခင်၏ ကောင်းမြတ်ဆုံး သောအရာဟာဘာလဲ။ ၎င်းသည်အဖခမည်းတော်၊ သားတော်ယေရှုခရစ်နှင့်အတူ ချစ်ခင်ရင်းနှီးကျွမ်းဝင်စွာမိတ်သဟာရဖွဲ့ခြင်းဟူသော အံ့သြဖွယ်ကောင်းသော အခွင့်အရေးပင်ဖြစ်သည်။ ယေရှုခရစ်တော်က ယေရှုကလည်း၊ ငါ့ကိုချစ်သောသူသည် ငါ့စကားကိုနားထောင်လိမ့်မည်။ ငါ့ခမည်းတော်သည် ထိုသူကိုချစ်တော်မူမည်။ ငါတို့သည်လည်း သူ့ဆီသို့ကြွ၍နေရာချရမည် (ယောဟန်၊ ၁၄း၂၃)။ ပညာရှင်များနှင့် ညာဏ်ကောင်းသောသူများမရရှိသော အရာကိုပညာမရှိသောသူနှင့် အငယ်ဆုံးသောသူများရရှိခြင်းအရာမှာ အံ့သြဖွယ်ကောင်းလှပါသည်။ ထိုအခါယေရှုက ကောင်းကင်နှင့် မြေကြီးကိုအစိုးရတော်မူသော အဘကိုယ်တော်သည် ပညာအလိမ္မာနှင့် ပြည့်စုံသောသူတို့အား ဤအရာများကိုထိမ်ဝှက်ကွယ်ထားလျက် သူငယ်တို့အားဖော်တော်မူသည်ဖြစ်၍ ကျေးဇူးတော်ကို အကျွန်ုပ် ချီးမွမ်းပါ၏ (မဿဲ ၁၁း၂၅-၂၆)။

ဘုရားသခင်ထံ၌ နည်းခံစရာရှိသည်နည်းတူ သူနှင့်မိတ်သဟာယဖွဲ့ရန် နည်းခံသင်ယူရမည်။ ယေရှုခရစ်တော်သည် ပြဿနာများကြားထဲတွင် မိမိအဘယောသပ်အိမ်၌ လေ့လာသင်ယူခဲ့ပါသည်။ ထိုကဲ့သို့ ရှုပ်ထွေးနေတဲ့ ပြဿနာများကြားထဲတွင် ပြိုလဲသွားခြင်းမရှိပဲ ခမည်းတော်နှင့်အတူ မိတ်သဟာယဖွဲ့ခဲ့သည်။

(ရှင်ယောဟန်၊ ၅း၃၀) တွင် ငါသည်ကိုယ်အလိုအလျောက် အဘယ်အမှုကိုမျှမပြုနိုင်။ ငါသည်ကြားသည့်အတိုင်း တရားစီရင်၏။ ငါစီရင်ခြင်းသည်လည်း တရားတော်နှင့်ညီညွတ်၏။ အကြောင်းမူကား၊ ငါသည်ကိုယ်အလိုသို့မလိုက်၊ ငါ့ကို

## ကျေးဇူးတင်လွှာ

မိတ်ဆွေ ဤစာအုပ်ကိုဖတ်နေစဉ် ကွဲပြားခြားနားနေသောအကြောင်းအရာများဖြစ်သော်လည်း တစ်ခုနှင့်တစ်ခုဆက်နွယ်လျက်ရှိ ကြောင်းကို သင်တွေ့ရပေလိမ့်မည်။ ဤသို့ဖြစ်ရခြင်းမှာ လစဉ်မဂ္ဂဇင်း၌ သီးသန့်ထုတ်ဝေလျက်ရှိခြင်းကြောင့် ဖြစ်သည်။ အကယ်၍သူငယ်ချင်းများစွာ၏ အားပေးတိုက်တွန်းမှုသာ မရှိခဲ့ပါက စာအုပ်အနေဖြင့် ထွက်ပေါ်လာခြင်း ရှိမည်မဟုတ်ပေ။

ဤစာအုပ်ဖြစ်ပေါ်လာစေရန် အားပေးတိုက်တွန်းကူညီသော သူများထဲမှ Mike Wells of Abiding life Ministries, Denver Colorado; David Shearman of the Christian Centre, Nottingham; နှင့် Colin Whittaker, Editor of Redemption Magazine တို့အား အထူးကျေးဇူးတင်ရှိ ကြောင်းဖော်ပြလိုပါသည်။ သူတို့၏ အားပေးဝေဖန်မှုအမြဲတမ်းတိုက်တွန်း အားပေးမှုနှင့် အကြံပေးမှုများသည်ပင် ကျွန်ုပ်အတွက်ခွန်အား အရင်းအမြစ်ဖြစ်ခဲ့ပါသည်။

ထို့အပြင် ချစ်ခြင်းမေတ္တာအားဖြင့်စိတ်ရှည်သည်းခံစွာ လက်တွဲလျက်အားပေးကူညီသော Mrs. Christine Thompson အားလည်း ကျေးဇူးတင်ရှိကြောင်းဖော်ပြလိုပါသည်။ ဤစာအုပ်ထုတ်ဝေရာတွင် အတွင်းရေးမှူးကိစ္စအဝဝနှင့် ပတ်သက်၍ကျွမ်းကျင်စွာသူမ၏ ကူညီပေးမှုကြောင့် ဤစာအုပ်ကိုအချိန်မီ ထုတ်ဝေနိုင်ခြင်းဖြစ်ပါသည်။ ယခုဒုတိယ အကြိမ်ထုတ်ဝေခြင်း၌လည်း ကွန်ပျူတာကျွမ်းကျင်စွာ ကူညီပေးခဲ့သော Mike နှင့် Sharan Blackburn ကိုလည်း ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်လိုပါသည်။

အကယ်၍ ဤစာအုပ်သည် သင့်ကိုမင်္ဂလာဖြစ်စေပြီး သင်၏အမှုတော်ဆောင်ရာ၌ ထပ်မံပုံနှိပ်လို၍ သော်လည်းကောင်း၊ အခြားဘာသာစကားအားဖြင့်ဘာသာပြန်လိုလျှင်သော်လည်းကောင်း၊ ၎င်းကိစ္စကို လမ်းညွှန်နိုင်သောသူထံသို့တွန့်ဆုတ်ခြင်းမရှိပဲ ဆက်သွယ်နိုင်ပါသည်။ ဘုရားသခင်ကတိထားခဲ့သည်ကား သူ၏နှုတ်ကပတ်တော်သည် မြစ်ရေ ကဲ့သို့ဖြစ်လာစေရန်ဖြစ်သည်။ သို့မဟုတ်လျှင်လည်းစာအုပ်ဖြန့်ဝေခြင်းအား ဖြင့်လည်းကူညီနိုင်ပါသည်။

Pastor Eric. C. Maddison.

## နိဒါန်း

ဤစာအုပ်ထဲတွင် သင်၏ခရစ်ယာန်အသက်တာ ထက်မြက်လာစေနိုင်သော အကြောင်းအရာမျိုးစုံ ရေးသားထားပါသည်။

ဩဝါဒပိုင်းဆိုင်ရာနှင့် သမ္မာကျမ်းစာငြင်းခုံဆွေးနွေးရာ၌ အရေးမပါဟုထင်မြင်တတ်သည့် ခရစ်ယာန်အသက်တာများနှင့်အတူ သင်၏ခရစ်ယာန်အသက်တာအရင်းအမြစ်နှင့်အဆင့်အတန်းပင်လျှင် သိမြင်လာပါလိမ့်မည်။

အဓိကရည်ရွယ်ချက်မှာ ခရစ်တော်ကိုယ်တိုင် ရှင်ပေါလုထံသို့ ဗျာဒိတ်တော်ဖွင့်ပြခဲ့သည့် ရိုးရှင်းသောဧဝံဂေလိတရားကို ထိန်းသိမ်းရန်နှင့် ခရစ်တော်၏ နည်းဥပဒေသများကို ဖော်ပြဝေငှရန်ရည်ရွယ်ခြင်းဖြစ်သည် (ဂလာတိ၊ ၆း၁၁)။ ရှင်ပေါလုက ဧဝံဂေလိသမ္မာတရားကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ၎င်း၏အမှုကိုဆောင်ရာ၌အံ့ဩဖွယ်ရာဖြစ်ခြင်းသည် လက်ဝါးကပ်တိုင်၌ ခရစ်တော်၏ပြီးမြောက်ခြင်းနှင့် ပြန်လည်ရှင်ပြန်ထမြောက်ခြင်း ကိုအမြဲတမ်းဗဟိုပြုခြင်းကြောင့်ဖြစ်သည် (၂ကော၊ ၁၁း၁-၄)။

ဘုရားသခင်၏ ကောင်းမြတ်ဆုံးသောအရာကို မြင်တွေ့နိုင်စေရန်သင်၏ ယုံကြည်ခြင်းသည် အကောင်းတွေး၊ အကောင်းမြင်ခြင်းသက်သက်ဖြင့်သာမဟုတ်ပါ။ သမ္မာတရားကိုလက်ခံပြီးသော ယုံကြည်ခြင်းသည် ကလေးငယ်ကဲ့သို့သာဖြစ်ပြီး ၎င်းယုံကြည်ခြင်းအားဖြင့် အဖခမည်းတော်ထံ၌ ခရစ်တော်၏နာမတော်ဖြင့် တောင်းလျှောက်၍ ဝိညာဉ်တော်ကို စောင့်ဆိုင်းခြင်းအားဖြင့်သာ အမှန်တကယ်ခံစားရရှိစေပါသည် (ယောဟန်၊ ၁၆း၁၃-၁၆)။

ဦးနှောက်အသိဉာဏ်မှတဆင့် အသက်တာသို့ ဝိညာဉ်အားဖြင့် အမှန်တကယ် ကူးပြောင်းသိရှိခံစားခြင်းသည် လူ၏ကြိုးစားအားထုတ်ခြင်းဖြင့်မဖြစ်နိုင်ပါ။ ဘုရားသခင်၏ ဂတိတော်သည် ဝိညာဉ်တော်တစ်ပါးတည်း အားဖြင့်သာ တတ်နိုင်သည်။ ကျွန်တော်တို့ဘက်မှ လုပ်ဆောင်ရမည်မှာ ဘုရားသခင်၏အလိုတော်နှင့် ကိုက်ညီရန်နှင့် သူ၏ ထာဝရအကြံအစည်ကို ယုံကြည်ရန်ဖြစ်သည်။ ယေရှုကဘုရားသခင်စေလွှတ်တော်မူသောသူကို ယုံကြည်ခြင်းအကျင့်ကား အလိုတော်နှင့်ညီသော အကျင့်တည်းဟု မိန့်တော်မူ၏ (ယောဟန်၊ ၆း၂၉)။ သင်သည် ဘုရားသခင်ကိုယုံကြည်ခြင်းအားဖြင့် သမ္မာတရားကိုဝယ်ယူခြင်းဖြစ်သည် (ရောမ၊ ၃း၂၃)

ပထမဦးစွာ ကျွန်တော်တို့ကိုယ်စား ယေရှုခရစ်တော်ပြီးမြောက်ခဲ့သောအရာကို ယုံကြည်ရမည်။ ထို့နောက်ယုံကြည်ခြင်းဖြင့် ခြေလှမ်း၍အသက်ရှင်ရမည်။ ဤအကြောင်းအရာသည် သမ္မာကျမ်းစာနှင့် ဆိုင်သော ပညာဖြစ်ပြီး၎င်းအားဖြင့် ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ ရွေးနှုတ်ခြင်း၊ ကယ်တင် ခြင်းနှင့်ဆိုင်သော အရာများကို တောင်းလျှောက် ရရှိစေနိုင်သည်(၁ကော၊ ၁း၃၀)။

ဥပမာ - သင်၏အပြစ်ခွင့်လွှတ်ခြင်းသည် အခမဲ့ကျေးဇူးတရားသက်သက်ဖြစ်သည်။ ယုံကြည်ခြင်းအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏။ ကိုယ်အလိုအလျှောက် ရောက်သည်မဟုတ်။ ဘုရားသခင်သနားတော်မူရာဖြစ်သတည်း။ ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာအခွင့်မရှိ (ဧဖက်၊ ၂း၈-၁၀)။ ထိုအရာကို ဘုရားသခင်၏ နည်းလမ်းအတိုင်း လက်မခံပါကရရှိမည်မဟုတ်ပါ။ ထို့နောက်အရေးကြီးသောအရာမှာ ယုံကြည်ခြင်းအားဖြင့်အပြစ်တရားမှခွင့်လွှတ်ခြင်းရရှိပြီးနောက် သူတစ်ပါးကိုလည်း အပြစ်ခွင့်လွှတ်ရန်ပင်ဖြစ်သည်။ သင်တို့သည်သူတစ်ပါးတို့၏ အပြစ်ကိုလွှတ်လျှင် ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် သင်တို့၏အပြစ်ကိုလွှတ်တော်မူမည်။ သင်တို့သည် သူတစ်ပါးတို့၏ အပြစ်ကိုမလွှတ်လျှင် ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် သင်တို့၏အပြစ်ကို လွှတ်တော်မမူ (မဿဲ၊ ၆း၁၄-၁၅)။

အခြားသောပုံဥပမာမှာ ကျွန်တော်တို့၏ လူဟောင်းမှ လွတ်မြောက်ခြင်းဖြစ်ပါသည်။ ၎င်းအရာသည် ယုံကြည်ခြင်းအားဖြင့်သာဖြစ်နိုင်သည်။ “ထိုမှတပါး၊ ငါတို့၏လူဟောင်းသည် ထိုသခင်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေသတ်ခြင်းကိုခံရပြီဟု ငါတို့သိကြ၏။ အကြောင်းမူကား၊ ငါတို့သည် နောက်မှအပြစ်တရား၏အစေကို မခံစေခြင်းငှာ၊ အပြစ်တရား၏ကိုယ်ကို ဖျက်စီးမည်အကြောင်းတည်း” (ရောမ ၆း၆)။ နောက်တဖန် “ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ။ သို့သော်လည်း အသက်ရှင်သေး၏။ ထိုသို့ဆိုသော် ငါသည် ကိုယ်တိုင်မရှင် ခရစ်တော်သည်ငါ၌ ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ယခုငါရှင်သော အသက်သည်

စေလွှတ်တော်မူသော ခမည်းတော်၏ အလိုသို့လိုက်၏။ ထို့အပြင် (ရှင်ယောဟန်၊ ၈း၂၈)တွင် ယေရှုကသင်တို့သည် လူသားကိုမြှောက်ထားသောအခါငါသည် ဤမည်သောသူဖြစ်သည်ကိုလည်းကောင်း၊ ငါသည်ကိုယ်အလိုအလျှောက် အဘယ်အမှုကိုမျှမပြုပဲ ငါ့ခမည်းတော်သည် ငါ့အား နည်းပေးတော်မူသည်အတိုင်း ငါဟောပြော သည်ကိုလည်းကောင်း သင်တို့သည်သိကြလိမ့်မည်။ ဤအရာသည် ခရစ်တော်၏ လျှို့ဝှက်သောအသက်တာနှင့်အလုပ်ကို တွေ့ရသကဲ့သို့ ကျွန်တော်တို့လည်း လုပ်ဆောင်အတုယူရန်ဖြစ်သည်။ ခရစ်တော်လက်ဝါးကပ်တိုင်ပေါ် မတင်မှီဆုတောင်းသောအရာမှာ ထိုသူအပေါင်းတို့သည် ငါတို့၌တစ်လုံးတစ်ဝ တည်းဖြစ်စေခြင်းငှာ ဆုတောင်းပါ၏ (ယောဟန်၊ ၁၇း၂၁)။ ဤဆုတောင်းချက်သည် တစ်ဦးချင်းခရစ်တော်၌ တစ်လုံးတဝဖြစ်ခြင်းနှင့် ထိုမှတဆင့်အခြား ယုံကြည်သူများနှင့် တစ်လုံးတစ်ဝဖြစ်ခြင်းကိုဆိုလိုပါသည်။

အထက်ပါ အခြေခံအုတ်မြစ် သင်ယူခြင်းကိုမမေ့ပါနှင့်။ နေ့စဉ်နေ့တိုင်း သမ္မာကျမ်းစာသွန်သင်ချက်နှင့် ဂတိတော်အတိုင်းအသက်ရှင်ရန်လိုအပ်ပါသည်။ အကြောင်းမူကား နှစ်သက်တော်မူသောအမှုကို အစဉ်မပြတ်ငါပြုသည်ဟု မိန့်တော်မူ၏ (ယောဟန်၊ ၈း၂၉)။ ယေရှုသည်သူ၏ ဆုတောင်းခြင်းကိုလည်း ခမည်းတော်နားထောင်၍ အဖြေပေးတော်မူမည်ကို သိတော်မူ၏ (ယောဟန်၊ ၁၁း ၄၁-၄၂)။ ယေရှုသည်ကျမ်းစာကို မှောက်လှန်သော စာတန်၏တန်ခိုးကို တွန်းလှန်နိုင်ရုံသာမက သူ၏အစီအစဉ်များကို လမ်းလွဲစေရန်စုံစမ်းခြင်းကိုလည်း အောင်မြင်တွန်းလှန်နိုင်ခဲ့သည်။

ယေရှုက "အကျွန်ုပ်သည်အဘ၏ အလုပ်ခွင်၌နေရပါသည် (လုကာ၊ ၂း ၄၉)၊ အမှုပြီးပြီဟုဆိုလျှက် ဦးခေါင်းတော်ငိုက်ဆိုက်တော်မူ၏ (ယောဟန်၊ ၁၉း၃၀)။ ယေရှုသည်သူ၏ခမည်းတော်နှင့်အတူ တစ်လုံးတစ်ဝဖြစ်၍ သူ၏ အလိုတော်အတိုင်း အသက်ရှင်ခဲ့သည်။ အရာခပ်သိမ်းမိန့်တော်မူသော အရာတို့သည် ခမည်းတော်၏ ဦးဆောင်ခွင့်ပြုချက်နှင့်သာ လုပ်ဆောင်ခြင်းဖြစ်သည်။ ခမည်းတော်၏ ခွင့်ပြုချက်မပါပဲတစ်ကြိမ်မျှ ပြောဆိုလုပ်ဆောင်ခြင်းမရှိခဲ့ပေ (ယောဟန်၊ ၅း၃၀၊ ၅း၄၃၊ ၁၀း၃၂၊ ၁၀း၂၅)။

ယေရှုခရစ်၏ လျှို့ဝှက်သော အသက်တာဖြင့် အမှုတော်ဆောင်ခဲ့သော အရာများကို ကျွမ်းကျင်လိမ္မာစွာ ecumenicalism ဟုခေါ်သော ခရစ်ယာန် ဂိုဏ်းဂဏသွေးစည်းရေးအဖြစ် အစားထိုးခြင်းသည် အလွန်ဝမ်းနည်းစရာ ကောင်းလှပေသည်။ တလုံးတဝဖြစ်ခြင်းသည် ခရစ်တော်၌ တလုံးတဝဖြစ်ခြင်းကို ဆိုခြင်းဖြစ်သည် (ယောဟန်၊ ၁၇း၂၀-၂၃)။ စစ်မှန်သောတလုံးတဝဖြစ်ခြင်းမှာ ဂိုဏ်းဂဏခွဲခြားခြင်းမရှိပဲ စစ်မှန်သောယုံကြည်သူများ တလုံးတဝတည်း သမ္မာတရားအတွက် အတူတကွလုပ်ဆောင်ခြင်း ဖြင့်သာဖြစ်နိုင်ပေမည်။

ဘုရားသခင်၏ ကောင်းမြတ်ခြင်းကို ထာဝရခံစားရမည့်သူသည် သတို့သမီးဖြစ်ဖို့ရန် ပြင်ဆင်ပြီးသောသူများ အတွက်သာဖြစ်သည် (ဗျာဒိတ်၊ ၂၁း ၂၂)။ သို့သော် ယခုတွင်ဘုရားသခင်၏ ကောင်းမြတ်ခြင်းဆိုသည်မှာ ကိုယ်တော်နှင့် အတူ မိတ်သဟာယဖွဲ့၍ ဗျာဒိတ်တော်ခံရခြင်းကို ဆိုလိုပါသည်။ ဤစာအုပ်သည် ကွဲပြားခြားနားသော်လည်း အကြောင်းအရာများသည် ဆက်နွှယ်လျက် ရှိသကဲ့သို့ ခရစ်တော်၏ ဆုတောင်းချက်အတိုင်း ကောင်းမွန်လှပသောတလုံးတဝ ဖြစ်ဖို့ရန် အထောက်အကူဖြစ်ပါစေသော်။

ထိုသို့ဆိုသော် ငါသည် ကိုယ်တိုင်မရှင် ခရစ်တော်သည်ငါ၌ရှင်တော်မူ၏ (ဂလာတိ၊ ၂း၂၀)။

၎င်းယုံကြည်ခြင်းသည် သင့်ကိုဘုရားသခင်နှင့်အတူ ပြန်လည် သင့်မြတ်စေပြီး နေ့စဉ်ခရစ်တော်၏ ကယ်တင်ခြင်းကိုရရှိစေရန် နှလုံးသားတံခါးဖွင့်စေသည်။ ယုံကြည်ခြင်းဖြင့် ခရစ်တော်၏ ကယ်တင်ခြင်းကို နေ့စဉ် သင့်အသက်တာ၌ ပို့ဆောင်လိမ့်မည် (ရောမ၊ ၅း၁၀)။ သို့သော်သာမာန်အမည်ခံ ခရစ်ယာန်များသည် ခရစ်တော်မပါပဲ ဇာတိပကတိအတိုင်း အသက်ရှင်နေကြသည်။

ယခုမိတ်ဆွေအနေဖြင့် ကျွန်တော်တို့၏ လူဟောင်းအပေါ် ဘုရားသခင်၏အသေခြင်းတည်းဟူသော ပြစ်ဒဏ်သည် ပြင်းထန်လွန်းသည်ဟု ထင်ကောင်းထင်နိုင်ပါသည်။ ၎င်းအလားတူ ခရစ်တော်၏ သွန်သင်ခြင်း၌ "ငါနှင့်ကွာလျှင် သင်တို့၌အဘယ်မျှကိုမျှမတတ်နိုင်ကြ" (ယောဟန်၊ ၁၅း၅) ဟုဆိုထားပါသည်။ ဤနေရာတွင် မှန်သောစပျစ်နွယ်ပင်သည် ထာဝရအသက်ဆိုလိုခြင်းမဟုတ်ပဲ ဘယ်လိုထာဝရတည်တံ့မည့် အသီးသီးနိုင်မလဲ ဆိုတာဆိုလိုခြင်းဖြစ်သည်။ ကျွန်တော်တို့အသက်တာ၌ နှစ်လိုဖွယ်သောအသီးများမသီးခင် ကျွန်တော်တို့၏ လူဟောင်း (ဇာတိပကတိ) ကြိုးစားအားထုတ် မှုများကိုဖြတ်တောက်၍ ခရစ်တော်၌ ဆက်နွယ် ခြင်းပြုရန် ပြင်ဆင်ရပေမည်။

အကယ်၍ မိမိကိုယ်ကိုအားကိုးပြီး အချင်းချင်းတစ်ယောက်ကိုတစ်ယောက် ချစ်ကြလော့ဟူသော အမိန့်တော်ကိုနာခံမည်ဆိုလျှင် ကျွန်တော်တို့အမြဲတမ်း ရှုံးနိမ့်လိမ့်မည်။ ဤပညတ်သည် လောကလူသားအနေဖြင့် မလိုက်လျှောက်နိုင်ပေ။ ရည်ရွယ်ချက်သည် သန့်ရှင်းနိုင်သော်လည်း လက်တွေ့၌မပြည့်စုံသော ဝမ်းနည်းစရာတွေ့ရပေမည်။လောကလူသားတို့၏ချစ်ချင်းမေတ္တာသည် အတ္တစွန်းထင်းတတ်ခြင်းကိုအမြဲတမ်းမမြင်ရသော်လည်း ပတ်ဝန်းကျင်မကောင်းမှုဖိအားကြောင့် လွယ်ကူစွာ ပျက်ပယ်သွားတတ်ကြောင်းကိုတွေ့ရသည်။

ဤသမ္မာတရားကို ကျွန်တော်တို့ သိမြင်လာသောအခါ ကျွန်တော်တို့၏ ဦးနှောက်အသိဉာဏ်ဖြင့်သိရုံနှင့် မလုံလောက်ကြောင်းကိုသိရမည်။ ကျွန်တော်တို့ ဝိညာဉ်၌သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် အမှန်အသိပေးခြင်းပြုရန် တောင်းခံရမည်။ သမ္မာကျမ်းစာအတိုင်းသိခြင်းသည် ဦးနှောက်အသိဉာဏ်ဖြင့်သိခြင်း



# အခန်း (၁)

## ဘုရားသခင်၏ကောင်းမြတ်ဆုံးသောအရာကို သင်တွေ့ရှိပြီလား။

ဤစာအုပ်သည် အပြစ်မှလွတ်ခြင်း၊ ဒုစရိုက်အပြစ်ကိုဖုံးအုပ်ခြင်း၊ ဒုတိယမွေးဖွားခြင်းခံပြီးသော်လည်းအားထုတ်ကြိုးပမ်းစရာမလိုပဲ လွတ်လပ်စွာခရစ်ယာန်အသက်တာ၌ မကျဉ်လည်နိုင်သော ခရစ်ယာန်များအတွက် ရေးသားထားခြင်းဖြစ်သည်။ ခရစ်တော်ကို လက်ခံရရှိပြီးသော်လည်း ကြွယ်ဝ ပြည့်စုံသောအသက်တာပိုင်ဆိုင်ကြောင်း မဖော်ပြနိုင်သောသူများဖြစ်ကြ၏ (ယောဟန်၊ ၁၀း၁၀)။

ထိုသို့ဖြစ်ရခြင်းမှာ တခါတရံဘုရားသခင် (သို့) လူလူချင်းအကြားတွင် ဆိုးညစ်သောဒုစရိုက် ပြုတတ်ခြင်းကြောင့်ဖြစ်သည်။ ဤအရာသည် စိတ်တွင်းနာကြည်းမှုမှထပ်ဆင့် ပုန်ကန်မှုဖြစ်စေတတ်သည်။ ပုန်ကန်မှုသည် ကျွန်တော်တို့ချစ်ရမည့် ဘုရားသခင်နှင့် ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှမချစ်နိုင်ခြင်းသည် ဘုရားသခင်၏ ပညတ်တော်ကို ကျူးလွန်ခြင်းဖြစ်သည်။

ပြဿနာသည် ကိုယ့်ရဲ့အစွမ်းအစကိုအားကိုးပြီး ခရစ်ယာန်အသက်တာ၌အသက်ရှင်ရန်ကြိုးစားခြင်း၊ အားနည်းသောသူတို့အား ပြုစုခြင်း၊ နာကြင်ထိခိုက်စေခြင်း စသည်တို့ထက်သာ၍ ပါးနပ်သောအရာများဖြစ်နိုင်ပါသည်။

ထိုသို့လက်ခံနိုင်ဖွယ်ဖြစ်သော ဉာဏ်ပညာများကြားတွင် ဘုရားသခင်၏ ကောင်းမြတ်ဆုံးသောအရာရှာဖွေရာ၌ ပြဿနာများနှင့်အစပြု ရင်ဆိုင်ရသော်လည်း ရှာဖွေရင်ဆိုင်ရင်း လွယ်ကူစွာဖြေရှင်းနိုင်မည်ဖြစ်သည်။ ကိုယ့်အစွမ်းသတ္တိကို အားကိုးပြီးအသက်ရှင်ခြင်းသည် ကျရှုံးခြင်း၊ စိတ်ပျက်ဖွယ်ကောင်းခြင်းနှင့် ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပေါ်စေတတ်သည်။

ကျွန်တော်တို့တွင် ပြဿနာပြင်းပြင်းထန်ထန်ဖြစ်ပွား စေသောအကြောင်းရင်းတစ်ရပ်မှာ (ရောမ၊ ၇)တွင် "ရှင်ပေါလုက" အကြောင်းမူကား၊ ငါသည် ကိုယ်ကျင့်သော အကျင့်ကိုမနှစ်သက်။ ကျင့်ချင်သောအကျင့်ကိုမကျင့်၊ ရွံရှာသော အကျင့်ကိုကျင့်၏ (ရောမ၊ ၇း၁၅)၊ ဟုဖေါ်ပြထားပါသည်။

ပထမဦးစွာရှင်ပေါလု အသက်တာ၌ပြဿနာပြင်းပြင်းထန်ထန် ဖြစ်ပွားစေသောအရာသည် မျှော်လင့်ချက်မရှိတော့သည့်အပြစ်သားမှ စတင်လာခြင်း

မဟုတ်ပေ။ ထိုပြဿနာ၏ အဖြေကို (ရောမ၊ ၅း၁)တွင် တွေ့ရပါသည်။ ထို့ကြောင့် ငါတို့သည် ယုံကြည်ခြင်းရှိ၍၊ ဖြောင့်မတ်ရာသို့ရောက်လျှင် ငါတို့ သခင်ယေရှုသည် ခရစ်အားဖြင့် **ဘုရားသခင်ရှေ့တော်၌ ငြိမ်သက်ခြင်းကိုခံစားရကြ၏။** သို့သော် ဤအသစ်သောအပြစ်စီရင်ချက်သည် မျှော်လင့်ချက်မဲ့ယုံကြည်သူ တစ်ယောက်သည် ဇာတိအသွေးသားအလိုသို့ လျှောက်လှမ်းနေခြင်းကြောင့်ဖြစ်ပြီး ဝိညာဉ်တော်၏ အလိုတော်သို့ ဘယ်လိုလျှောက်လှမ်းရမည်ဆိုတာမသိမချင်း **သူ့ကိုယ်သူ ငြိမ်သက်ခြင်း** ခံစားနိုင်မည်မဟုတ်ပေ။

ရှင်ပေါလုသည် သံသယမရှိပဲအပြစ်ကို အတိုင်းအတာ တစ်ခုထိ အောင်မြင်နိုင်သော နည်းလမ်းကိုတွေ့ရှိထားပါသည်။ ထိုမှတပါး၊ ငါတို့၏ လူဟောင်းသည် ထိုသခင်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေသတ်ခြင်းကိုခံပြီဟု ငါတို့သိကြ၏ (ရောမ၊ ၆း၆)။ လက်ဝါးကပ်တိုင်တွင် ခရစ်တော်အားဖြင့်ပြုခဲ့သော အံ့ဩဖွယ်ရာကို ယုံကြည်ခြင်းဖြင့် မည်ကဲ့သို့လက်ခံ ရမည်ကိုနားလည်ထားပါသည်။ သို့သော်လည်း (ရောမ၊ ၇း၁၅-၁၄) တွင် တစ်စုံတစ်ရာ မှားယွင်းနေသောအရာ ရှိကြောင်းနှင့် ကောင်းသော အကျင့်ကျင့်မည့်အစား မကောင်းသောအရာကိုသာ လုပ်ဆောင်နေကြောင်း တွေ့ရှိခဲ့ပါသည်။

သူ၏ဇာတိပကတိ၌ (ဇာတိအသွေးသားကြိုးစားအားထုတ်မှု) သည် ကောင်းသောအရာတစ်စုံတစ်ခုမျှမရှိသည် (ရောမ၊ ၇း၁၈)ကို မသိမခြင်း ခရစ်ယာန်အသက်တာ ခက်ခဲနေခြင်းကို သူနားလည်ခဲ့ရပါသည်။ ၎င်းအရာ နားလည်ခဲ့ပြီးသည့်တိုင် ကောင်းသောအကျင့်ကျင့်သော်လည်း ဇာတိလူဟောင်းက သာ၍ အသက်ရှင်အနိုင်ယူခဲ့ပါသည်။ ဇာတိလူဟောင်းသည် သေပြီးပြီဟု မှတ်မယူသေးသ၍ ပို၍ဆိုးရွားလာပြီး အပြစ်သည် သူ့အလိုလိုဖြစ်ပေါ်နေကြောင်း သူတွေ့ရှိခဲ့ရပါသည်။

အကယ်၍ကျွန်တော်တို့လည်း ဘုရားသခင်၏ ကောင်းမြတ်ဆုံးသော အရာကိုရှာဖွေလျှင် ကျွန်တော်တို့၏ လူဟောင်းသည် မကောင်းသော အရာခပ်သိမ်း လုပ်ဆောင်နိုင်သည်သာမက ကောင်းသောအရာတစ်စုံ တစ်ခုမျှမလုပ်ဆောင် နိုင်ကြောင်း တွေ့ရလိမ့်မည်။

နေ့ရက်စဉ်တိုင်း ကျွန်တော်တို့၏ဆိုးသောလူဟောင်းနှင့် ကောင်းသော



လူဟောင်းအပေါ်၌ ဘုရားသခင်၏ သေခြင်းတည်းဟူသော ပြစ်ဒဏ်ကိုလက်ခံရမည်။ ၎င်းတို့နှစ်ခုစလုံးသည် အာဒံထံမှရရှိလာသောအမွေ (ကိုယ့်အလို အလျောက် အသက်ရှင်လိုခြင်း) ဖြစ်သည်။ ကျွန်တော် တို့သည် ဘုရားသခင်မပါပဲ ကိုယ့်အလိုအလျောက် အသက်ရှင်ဖို့ရန် ဖန်ဆင်းလာခြင်းမဟုတ်ခဲ့ပေ။

အကယ်၍ကျွန်တော်တို့၏ လူဟောင်းသည် ခရစ်တော်နှင့်အတူ ကားတိုင်၌ တင်သတ်ခြင်းခံပြီဟု မှတ်ယူလျှင် (ကောလော၊ ၃း၅)၊ ၎င်းလူဟောင်း၏ ချုပ်ထိမ်းမှုမှ လွတ်မြောက်ရုံသာမက ခရစ်တော်၏ ဝိညာဉ်သည် ကျွန်တော်တို့ကို အုပ်ချုပ်နိုင်ရန် လမ်းစဖွင့်လာမည် ဖြစ်ပြီးသေခြင်းနှင့် အပြစ်၏ပညတ်တရားမှ လွတ်မြောက်လာနိုင်မည်ဖြစ်သည် (ရောမ၊ ၈း၂)။ သို့မှသာ ပညတ်တရားမတတ်နိုင်သော အရာကိုတန်ခိုးပြည့်ဝသော ခရစ်တော်၏တန်ခိုးဖြင့် တတ်နိုင်ကြောင်း တွေ့ရမည် (ရောမ၊ ၈း၃)။ ထို့သို့ဘုရားသခင် ကယ်လွှတ်တော်မူသောကြောင့် ယေရှုခရစ်၌ ဇာတိပကတိအတိုင်းမကျင့်၊ ဝိညာဉ်ပကတိ အတိုင်းကျင့်သောသူတို့သည် အပြစ်စီရင်ခြင်းနှင့်လွတ်ကြ၏ (ရောမ၊ ၈း၁) ဆိုသောအရာကို ပြောဆိုနိုင်မည်ဖြစ်သည်။

အပြစ်သည်ပျက်စီးမှုပေးနိုင်သော တန်ခိုးတစ်ခုဖြစ်ပြီး ၎င်းသည် ယုံကြည်သူအထဲ၌လည်း တည်ရှိ၍လှုပ်ရှားလျက်ရှိသည်။ ၎င်းကိုပယ်ဖျက်ချ၍ မရသော်လည်း ဝိညာဉ်တော်၏အလိုတော်အတိုင်း အသက်ရှင်ခြင်းဖြင့် အပြစ်၏ တန်ခိုးလျော့နည်းစေနိုင်ပါသည်။

သန့်ရှင်းခြင်းသည် ဒုစရိုက်အပြစ်မပြုနိုင်ဟု မဆိုလိုသော်လည်း ဘုန်းတန်ခိုးတော်သည် အပြစ်မပြုလုပ်စေရန် ရွေးချယ်မှုစွမ်းရည်ပေးနိုင်သည်။ သန့်ရှင်းခြင်းသည် သခင်မှတဆင့် အခြားသူများထံသို့လည်းကောင်း၊ သင့်အထဲ၌ ခရစ်တော်အားဖြင့် လွတ်ခြင်းအခွင့်ရရှိရန် ဖန်တီးပေးခြင်းလည်းဖြစ်သည်။ သန့်ရှင်းခြင်းသည် ဇာတိလူဟောင်းမှ လွတ်မြောက်ခြင်းနှင့် လူသစ်ဖြစ်လာကြောင်းကို ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်။ သန့်ရှင်းခြင်းသည် သင်၏အသက်တာ ထူးခြားလာခြင်း မဟုတ်ပဲအသက်တာတိုးပွား စေခြင်းဖြစ်သည်။ ရှင်ပေါလု၏ သက်တာ ထူးခြားပြောင်းလဲခြင်း ဖော်ပြပုံကိုကြည့်ကြပါစို့။ ငါသည် ခရစ်တော်နှင့် အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ။ သို့သော်လည်း အသက်ရှင်သေး၏။

ဂရုမစိုက်ခြင်း၊ လစ်လျူရှုခြင်းနှင့် မေ့လျော့ခြင်းများဖြစ်ခဲ့ရသည်။ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ ရွေးကောက်ခြင်းစသည်တို့သည် စစ်မှန်သောသမ္မာတရားများ ဖြစ်သော်လည်း တစ်လုံးတဝတည်းဖြစ်နိုင်ဖို့ရန် ထောက်ပံ့သော ရေမြောင်းငယ်သာ ဖြစ်ပြီး၊ သာ၍ကြီးသောမြစ်ရေမှာ ခရစ်တော်နှင့် တစ်လုံးတဝဖြစ်ခြင်းဖြစ်ပါသည်။

ရှင်ပေါလုသည် ခရစ်တော်ကို ဂုဏ်ယူထိုက်သော မျှော်လင့်ခြင်းကဲ့သို့သာ ဘယ်တော့မှ ဟောပြောခြင်းမပြုပဲ၊ ခရစ်တော်နှင့်အတူ ပြည့်စုံကြွယ်ဝစွာ မိတ်သဟာယဖွဲ့သော သူများဖြစ်စေရန် ဉာဏ်ပညာနှင့်တကွ သင်ကြားပေးခဲ့ခြင်း ကြောင့် ၎င်းမျှော်လင့်ခြင်းမှ တကယ့်စုံလင်ခြင်းအဖြစ်သို့ ကူးပြောင်းခဲ့ရသည်။ ထပ်၍ ရှင်ပေါလုကတန်ခိုးတော်၌ အသက်တာစည်းလုံးခြင်းသည် အမှုတော် ဆောင်ရာ၌ အောင်မြင်မှုဖြစ်စေပါသည်ဟု ရှင်းပြခဲ့သည်။ ငါ၌တန်ခိုးပြုပြင် အားထုတ်တော်မူသည် အတိုင်းကြိုးစားအားထုတ်လေ့ရှိ၏ (ကောလော၊ ၁း၂၇-၂၉)။ ဤလျှို့ဝှက်နက်နဲသော ခွန်အားကိုဂလာတိ စာစောင်တွင်ရှင်းလင်းစွာ ဖော်ပြထားပါသည်။ ငါသည်ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်တွင် အသေခံပြီ သို့သော်လည်းအသက်ရှင်သေး၏။ ထိုသို့ဆိုသော် ငါသည်ကိုယ်တိုင်မရှင်၊ ခရစ်တော် သည် ငါ၌ရှင်တော်မူ၏ (ဂလာတိ၊ ၂း၂၀)။

ရှင်ပေါလုသည် သူ၏လူကောင်းအပေါ်၌ သေခြင်းပြစ်ဒဏ်ကို နေ့စဉ် လက်ခံခဲ့ပြီး သူ၏အသက်တာနှင့်အမှုတော်မြတ်၌ ခရစ်တော်၏တန်ခိုးပါသော အသက်တာကြောင့် ဝမ်းမြောက်လျှက်ရှိခဲ့သည် (ရောမ၊ ၆း၆-၁၃) သူသည် အလုပ်လုပ်ခဲ့သော်လည်း သက်တောင့်သက်သာရှိခဲ့သည် (ဟေဗြဲ၊ ၄း၁၀-၁၁)။ ခရစ်ယာန်အမှုတော်ဆောင်ခြင်း၌ ကိုယ်အစွမ်းအစ ဖြင့်သာကြိုးစားပါက စိတ်ပျက် ခြင်း၊ အားအင်ကုန်ခမ်းခြင်းသာ ကျန်ရစ်တတ်သည်။ ၎င်းသည်မှားယွင်း နေရုံသာ မက တန်ဖိုးမဲ့နေကြောင်း သက်သေထူလျက်ရှိသည်။ ထိုအရာထက် ခရစ်တော် သည် သင့်အထဲ၌အသက်ရှင်၍ သင်နှင့်အတူတကွ လုပ်ဆောင်ခြင်းသည် တလုံးတဝတည်းဖြစ်ခြင်း၏ အကျိုးရလဒ်ဖြစ်သည်သာမက ပို၍ကောင်းမွန်ပြီး၊ လွယ်ကူစွာ သာ၍ဘုရားဘုန်းတော် ထင်ရှားလာမည်ဖြစ်သည်။

တစ်ခါတရံခရစ်ယာန်များ အားအင်ကုန်ခမ်းခြောက်သွေ့လာပြီး ကျရှုံး ခြင်း၏ အကျိုးရလဒ်တို့ကြောင့် အသက်တာစည်းလုံးခြင်းဆိုတာဟာဘာလဲ၊



မဟုတ်ပဲ လက်တွေ့ကျကျသိခြင်းဖြစ်သည်။ ယေရှုကထာဝရအသက်ဟူမှုကား မှန်သောထာဝရဘုရားသခင်ကို သိကျွမ်းခြင်းတည်း (ယောဟန် ၁၇း၃)။ ထာဝရ အသက်သည် မှန်သောဘုရားသခင်ကို သိကျွမ်းခြင်းဖြစ်ပြီး ဘုရားသခင်အကြောင်း သိခြင်းမဟုတ်ပါ။ မိတ်ဆွေသည် ဘုရားနှင့်ဆိုင်သော ဒေါက်တာဘွဲ့ရရှိသော်လည်း နတ်ဆိုးကဲ့သို့အသက်ရှင်လျှင် ဝမ်းနည်းစရာကောင်းလှသည်။ မိတ်ဆွေသည် ဘာသာရေးအသိပညာကြွယ်ဝသော်လည်း အတွင်းဗဟို၌ ပုပ်သိုးဆွေးမြေ့နေ ကောင်းနေနိုင်သည်။

ထို့ကြောင့်ယေရှုခရစ်ချမှတ်သော ဤစံနမူနာလိုက်လျှောက်ကြည့်ပါ။ ပထမ ဦးစွာ “ငါနှင့်ကွာလျှင်သင်တို့သည် အဘယ်အမှုကိုမျှမတတ်နိုင်ကြ” ဟူသော စကားကိုသဘောတူပြီးမှ နေ့စဉ်သင်၏ အသက်တာရရှိရန်နှင့် သင်၏ချစ်ခြင်း မေတ္တာအားဖြင့် အသက်ရှင်ပါမည် (ယောဟန်၊ ၁၅း၉-၁၆)ဟု ဆုတောင်းပါ။ ထိုအခါသင်ရမည့် ရလဒ်မှာ (၁) ပျော်ရွှင်ကြည်နူးခြင်းနှင့် (၂) ဝိညာဉ်ရေးရာ တန်ခိုးများရရှိလာလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သင်သည်ခရစ်တော်နှင့် ဆက်နွယ်ပြီး ဘုရားသခင်၏ ကောင်းမြတ်ခြင်းမြင်တွေ့၍ မြည်းစမ်းကြောင်းကို သူတစ်ပါးတို့ မြင်လာကြသောအခါ အသက်တာ၌ ထိုအရာထက်ကြီးသော ဝမ်းမြောက်ခြင်း မရှိသောကြောင့်ဖြစ်ပါသည်။

၎င်းသည်တန်ခိုးဖြစ်လာလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် သူတစ်ပါး ထံသို့ အတ္တမဆန်၊ သန့်ရှင်းသော ဘုရားသခင်၏ မေတ္တာကိုသယ်ဆောင်လာသော ကြောင့် သင်ကိုယ်တိုင်သုခမင်္ဂလာ ခံစားရမည်။ စကြာဝဠာတခု လုံးအတွက် အကောင်းဆုံးသောဆေးဝါးသည် ချစ်ခြင်းမေတ္တာဖြစ်၏။ ချစ်ခြင်းမေတ္တာမျှဝေ သောသူနှင့် ခံစားသောသူ၌ ကျန်းမာခြင်းဖြစ်စေပါသည်။ ရှုပ်ထွေးခြင်းနှင့် စိတ်ဖိစီးမှုထဲမှ ငြိမ်သက်ခြင်းရရှိ၍ နာကျင်မှုများကို တဖြည်းဖြည်းကျန်းမာစေပြီး အတွေးအခေါ်ပိုင်းဆိုင်ရာ အားနည်းမှုများလည်း တဖြည်းဖြည်းကောင်းမွန် စေတတ်သည်။

နောက်ဆုံး၌ သင့်ထံမှချစ်ခြင်းမေတ္တာသည် သူတပါးထံသို့စီးဆင်းခြင်း များပြားလာသောအခါ သန့်ရှင်းသောဝိညာဉ်တော်မစမှုကြောင့် “သင်တို့သည် တောင်းချင်သမျှကိုတောင်း၍ ရကြလိမ့်မည် (ယောဟန်၊ ၁၅း၇-၈)။

သင်သည်ယေရှုခရစ်တော်၏ နက်နဲသောပညတ်တော်ကိုသိမြင် နားလည်သောကြောင့် သူသည်ကျေနပ်အားရလိမ့်မည်။ ယေရှု၏လူတို့သည် နေ့စဉ်သူ၏ချစ်ခြင်းမေတ္တာ၌ အတူတကွကျင်လည်ကြသော အခါသူတို့၏ အလိုအတိုင်းဆုမတောင်းပဲ ခရစ်တော်၏အလိုတော်အတိုင်း ဆုတောင်းကြောင်းကို သိနားလည်တော်မူ၏။

ထို့ကြောင့်သင့် အသက်တာကို ခရစ်တော်၏ အုပ်စိုးမှုအောက်၌ ဆက်ကပ်အပ်နှံပါ။ ထို့နောက် အံ့သြဖွယ်ရာနက်နဲသောအသက်တာကို ပြောင်းလဲစေနိုင်သောသန့်ရှင်းသောဝိညာဉ်တော်ကို အားကိုးယုံကြည်ပါ။ နေ့စဉ်သင့်အသက်တာ၌ယေရှုခရစ်၏အသက်တာကို အလိုအလျှောက် ပေါ်ထွက်လာစေရန် သင့်ဇာတိအသွေးအသားကြိုးစားအားထုတ်မှု ပပျောက်လာသည့်အထိ ဝိညာဉ်တော်ကိုအမြဲတမ်း ပထမနေရာပေးရမည်။

ဤအရာသည် ဘုရားသခင်၏ ကောင်းမြတ်ဆုံးသော အရာဖြစ်သည်။ ၎င်းအပြင်ထိုသို့ကောင်းမြတ်နေသော်လည်း ဇာတိအသွေးသားကြိုးစားအားထုတ်မှုအားဖြင့် အသက်ရှင်နေတတ်သည်။ သင်ကိုယ်တိုင်ခရစ်တော်၏ ဘုန်းအာနုဘော်ကိုလက်တွေ့ခံစားလာသောအခါမှသာ သင့်အသက်တာကို စစ်မှန်သော မျှော်လင့်ခြင်းပြည့်စုံလာမည်ဖြစ်သည် (ကောလော၊ ၁း၂၇)။

ထို့အပြင်သင်၏ဆိုးညစ်သော နေရာမှပြန်လည်ထမြောက်၍ အပြစ်စီရင်ချက်အားလုံးကိုခါချလျက်၊ ယခုအပြစ်စီရင်ခြင်း မရှိတော့ပါဟု (ရောမ၊ ၈း၁) အော်ပြောပါ။ ခရစ်တော်သည် ငါ့အထဲ၌ကိန်းဝပ်ရုံသာမက ဤနက်နဲသောအကြောင်းအရာကို ရှာဖွေတွေ့ရှိသောကြောင့် ဇာတိအလိုသို့မလိုက်ပဲ ဝိညာဉ်တော်၏ အလိုသို့လိုက်မည်။ ယေရှု၏ဝိညာဉ်အားဖြင့်သင့်ကို ဝိညာဉ်ပကတိ၌အသက်ရှင်စေခြင်းဖြင့် လူကောင်းဖြစ်ရန် ဇာတိအားဖြင့်ကြိုးစားအားထုတ်ခြင်းကိုအကောင်းဆုံး သောအရာဖြင့်အစားထိုးပေးခဲ့ပြီ။

အောက်ပါသင်ခန်းစာများတွင် သင့်ကိုနက်နဲသော တန်ခိုးတော်ထဲသို့ဦးဆောင်လမ်းပြခြင်းကို ဖော်ပြပါလိမ့်မည်။



# အခန်း (၂)
# အဓိကမဏ္ဍိုင်ကိုမေ့ကျန်ထားခြင်း

တစ်ခါတစ်ရံမှာ ခေတ်ရေစီးကြောင်း ပြောင်းလဲမှုဖိအားကြောင့် သာမကရှက်ဖွယ်သောဘုရားအကြောင်းငြင်းခုံမှုများကြားတွင် ရှင်ပေါလု၏ သွန်သင်ချက်သမ္မာတရားသည် ပျောက်ကွယ်လေ့ရှိပြီး ယုံကြည်သူများ၏ အသက်တာနှင့်အမှုတော်ဆောင် ဆရာ/ဆရာမများအပါအဝင် ဝမ်းနည်းစရာကောင်းသောအရာမှာ ခရစ်ယာန်များကြားတွင် တစ်လုံးတစ်ဝဖြစ်ခြင်း သို့မဟုတ် အသက်တာစည်းလုံးခြင်း၌ အမြစ်မတွယ်နိုင်ခြင်းပင်ဖြစ်သည်။ ယေရှုကတစ်လုံးတစ်ဝဖြစ်ခြင်းအကြောင်းကို ငါသည်ခမည်းတော်နှင့် တစ်လုံးတဝတည်းဖြစ်သည်ဟု မိန့်တော်မူ၏ (ယောဟန်၊ ၁၀း၃၀)။ ဤတစ်လုံးတဝခြင်းသည် ဘယ်တော့မှ သူတစ်ယောက်တည်းနေဖို့ရန်မရည်ရွယ်ခဲ့ပါ ယေရှုကလည်း၊ ငါ့ကိုချစ်သောသူသည် ငါ့စကားကိုနားထောင်လိမ့်မည်။ ငါ့ခမည်းတော်သည် ထိုသူကိုချစ်တော်မူ၏။ ငါတို့ သည်လည်းသူ့ဆီသို့ကြွ၍နေရာချမည် (ယောဟန်၊ ၁၄း၂၃)။ ခရစ်တော်၏ နောက်ဆုံးဝိုင်ကြွေးဆုတောင်းခြင်း၌ သူ၏နှလုံးသားဝန်တာ တွေ့မြင်ရသည့်အရာမှာ “ထိုသူတို့အဘို့ကိုသာ အကျွန်ုပ်ဆုတောင်းသည်မဟုတ်ပါ။ သူတို့ဟောပြောခြင်း အားဖြင့်အကျွန်ုပ်ကို ယုံကြည်သောသူတို့ အဘို့ကိုလည်း ဆုတောင်းပါ၏။ ထိုသူအပေါင်းတို့သည် တလုံးတဝတည်းဖြစ်လျက်၊ အဘကိုယ်တော်သည် အကျွန်ုပ်၌ရှိတော်မူ၍ အကျွန်ုပ်သည်လည်း ကိုယ်တော်၌ရှိသကဲ့သို့ ထိုသူအပေါင်းတို့သည် ငါတို့၌တလုံးတဝဖြစ်ခြင်းငှာ ဆုတောင်းပါ၏ (ယောဟန်၊ ၁၇း ၂၀-၂၁)။ ဤတစ်လုံးတဝဖြစ်ခြင်းတွင် အတူတကွလုပ်ဆောင်ခြင်းသည် တပည့်တော်တို့ထံ၌ အဓိကသင်ကြားပေးရာတွင် “အဘကိုယ်တော်သည် အကျွန်ုပ်၌ရှိတော်မူ၍ အကျွန်ုပ်သည်လည်း ကိုယ်တော်၌ရှိသကဲ့သို့”ဟု ပြောဆိုခဲ့ပါသည်။ ဤတလုံးတဝဖြစ်ခြင်းကိုမေ့ပျောက်နေသည့် ဩဝါဒသို့မဟုတ် မထုတ်ဖော်နိုင်ခဲ့သော ဘုရားသခင်၏အကြံအစည်၊ အလိုတော်ဟုခေါ်ဆိုနိုင်ပါ သည်။

ဩဝါဒစာအားလုံးထဲတွင် တလုံးတဝဖြစ်ခြင်းကို ရှင်ပေါလုကလည်းတင်ပြဆွေးနွေး ကွယ်ကာပေးခဲ့သော်လည်း ဤအဓိကအကြောင်းအရာကြီးကို

ရှင်ပြန်ထမြောက်ခြင်း တန်ခိုးသည်လည်း ဝမ်းနည်းဖွယ် ကောင်းစွာတားဆီးနေပေလိမ့်မည်။

ပထမဆုံးလူသားအာဒံထံမှ ရရှိခဲ့သောအမွေ လူဟောင်းသည် တမူထူးခြားလှသည်။ ၎င်းသည် အဆိုးမြင်၊ အဆိုးတွေး၊ အဆိုးခံစား၊ အဆိုးအားဖြင့် တုံ့ပြန် ရည်ရွယ်ချက်ပင်ဆိုးသွမ်းလေ့ရှိလျက်၊ ဒုတိယမွေးဖွား ခြင်းခံပြီးသောသူများတွင်ပင်တွေ့ရသည်။ အခန်း(၁)တွင် ဖော်ပြပြီး သည့်အတိုင်း (ရောမ၊ ၈း၁-၄)တွင် အပြစ်စီရင်ခြင်း၌ ရှင်ပေါလု၏ဝမ်းမြောက်ခြင်းသည် မျှော်လင့်ခြင်းကင်းမဲ့သော အပြစ်သားကိုတရားစီရင်ရာ၌မဟုတ်ပဲ အကူအညီမဲ့နေသော ယုံကြည်သူ၏ လွတ်မြောက်ခြင်းနှင့် ပျော်ရွှင်ခြင်းပင်ဖြစ်သည် (ရောမ၊ ၇း၁၅-၂၅)။

ခရစ်ယာန်မြောက်များစွာတို့၏ ဝမ်းနည်းစရာမှာ ဝိညာဉ်တော်အားဖြင့်မွေးဖွားခြင်းခံသော်လည်း ဇာတိအသွေးသားအလိုဖြင့် အသက်ရှင်ခြင်းပင်ဖြစ်သည်။ Watchman Nee က ဇာတိအသွေးသားသည် ကိုယ်ကျိုးအတွက်ရှာတတ်သည်ဟု ဆိုပြီး၊ William Law က ကိုယ်ကျိုးရှာခြင်းသည် ကျွန်တော်တို့ပြိုလဲခြင်း၏ မကောင်းသောပင်စည်နှင့် အကိုင်းအခက်များဖြစ်သည်။

**သင့်အတွက်ဘုရားသခင်ပြုလုပ်ပေးထားသောအရာ** ကို အသိမှတ်ပြုလက်ခံခြင်းကလွဲလို့ သင်၏ဇာတိလူဟောင်းအကျင့်ကို အောင်မြင်နိုင်သောနည်းလမ်းဘာမှမရှိပါ။ ဟုတ်ကဲ့ - သင်၏လူဟောင်း သည်လက်ဝါးကပ်တိုင်၌ ရိုက်သတ်ခြင်းခံပြီးဖြစ်ပါသည်။ ယခုသင်မြင်တွေ့ရသော ပထမခြေလှမ်းကိုနေ့တိုင်းအတည်ပြုပါက သန့်ရှင်းသောဝိညာဉ်တော်သည်လည်း ၎င်းကိုအတည်ပြုပေးပါလိမ့်မည်။ သို့ပြုလျှင်တဖြည်းဖြည်း လက်ဝါးကပ်တိုင် တန်ခိုးအားဖြင့် ဘုရားသခင်၏ နက်နဲသောပညာကိုဖော်ပြပါလိမ့်မည်။ ထိုသို့ဇာတိလူဟောင်း၏ တန်ခိုးသည် အားနည်းခြောက်သွေ့ပျက်စီးလာမည်ဖြစ်ပါသည်။

သို့သော် ဒုတိယခြေလှမ်းကို ထပ်မံပေါင်းထည့်ရမည့်အရာမှာ ခရစ်တော်နှင့် အတူသေရုံသက်သက်မဟုတ်ဘဲ သူနှင့်အတူရှင်ပြန် ထမြောက်ခြင်း၌ အသစ်သောအသက်တာဖြင့် လျှောက်လှမ်းရမည်။ သင့်အသက်တာ၌ ရှင်ပြန်ထမြောက်ခြင်းတန်ခိုး အဆက်မပြတ်စီးဝင်လာ သည်တိုင်အောင် ဤဒုတိယ



ဆိုတာကိုသိစေရုံသာမက လူသားတို့၏ဘုန်းကျက်သရေသည် ဤကဲ့သို့မျှသာဖြစ်ကြောင်း သိမြင်စေပါသည်။ ထို့ကြောင့်ဘုရားသခင်က သဘောထားကြီးစွာပေးကမ်းနေသော အရာကိုသိမြင်နားလည်လက်ခံ ဖို့ရန်ကြိုးစားကြပါစို့။

အသက်တာတစ်လုံးတဝဖြစ်ခြင်းသည် သန့်ရှင်းသော ဝိညာဉ်တော်၏ နှစ်ခြင်းပေးခြင်းမဟုတ်ပါ။ ကောရိန္သုအသင်းတော်ကဲ့သို့ ဝိညာဉ်ဆုကျေးဇူးနှင့် စုံလင်သော်လည်း ဇာတိပကတိလူကဲ့သို့ ဖြစ်နိုင်ပါသည် (၁ကော၊ ၃း၁-၄)။ သန့်ရှင်းသောဝိညာဉ်တော်၏ နှစ်ခြင်းပေးခြင်းသည် အမှုတော်မြတ်အတွက် တန်ခိုးပါသောလက်ဆောင်များ ပေးခြင်းဖြစ်ပြီး၊ အသက်တာစည်းလုံးခြင်းသည် တစ်လုံးတဝနှင့် ချစ်ခြင်းမေတ္တာဖြင့် သက်ရှင်ရန်ထပ်ဆင့်တန်ခိုးပေးခြင်း ဖြစ်သည် (၁ကော၊ ၁၃)။

သို့သော်ဤအရာသည် အပြစ်ကင်းသော စုံလင်ခြင်းမဟုတ်သောကြောင့် ဝမ်းနည်းဖွယ်ကောင်းလှသည်။ တစ်လုံးတဝဖြစ်သောအသက်တာသည် အပြစ်မပြုနိုင်ခြင်း မဟုတ်သော်လည်း အပြစ်မပြုမိစေရန် ရွေးချယ်နိုင်သောစွမ်းရည်ရှိပါသည် (ရောမ၊ ၆း၁၂-၁၃)။ သန့်ရှင်းခြင်းအသက်တာသည် ကျွန်တော်တို့၏ အသက်တာတစ်ခုလုံးကို ခရစ်တော်ဘုရားအုပ်စိုးခြင်းပေတည်း။

၎င်းအရာသည် ယုံကြည်သူတစ်ဦးစီတိုင်းကို ထူးခြားစွာကန့်သတ်ပေးခြင်းမဟုတ်ပဲ၊ ဇာတိလူဟောင်း၏ ချုပ်နှောင်ခြင်းမှ လွတ်လပ်စေခြင်းသာဖြစ်သည်။ ယခုတွင်ခရစ်တော်သည် သူ၏တန်ခိုးရောင်ခြည်တော်ကို ထုတ်လွှတ်လျှက်ရှိပါသည်။

အသက်တာတစ်လုံးတဝဖြစ်ခြင်းသည် နက်နဲသောသမ္မာတရားကို ကျယ်ပြန့်စွာ သိမြင်ခြင်းဖြစ်ပြီး ရှင်ပေါလုကိုရှေ့ပြေးလမ်းရှင်း/ပြသူဟု ခေါ်ဆိုကြလျှက် ယေရှုခရစ်တော်၏ အသင်းတော်အကြောင်း ဟောပြောခဲ့သည်။ အလွန်နှိမ့်ချသော ယုံကြည်သူများသည် ဓမ္မဟောင်းခေတ် ယုံကြည်သူများသိမြင်ခြင်းထက်ပို၍ ကြီးမြတ်သောအစွမ်းသတ္တိနှင့် မြင့်မြတ်သောအခွင့်အရေးများပိုင်ဆိုင်ကြသည်။ ထိုအရာသည် ဇာတိလူဟောင်း၏ ချုပ်နှောင်ခြင်းမှလုံးဝလွတ်မြောက်ခြင်းမဟုတ်ပဲ သင်၏အထဲ၌ကျိန်းဝပ်သော ခရစ်တော်အားဖြင့် အသစ်သောအသက်တာ၌ ကျင်လည်ခြင်းသာဖြစ်သည် (ရောမ၊ ၆း၄)။ ယခုတွင်

အံ့ဖွယ်သောခွန်အားနှင့်အတူ အမှုတော်မြတ်၌ ဆင်းရဲဒုက္ခခံခြင်း၊ စာတန်တိုက်ခိုက်မှုများကို ရင်ဆိုင်နိုင်သည် (၂ကော၊ ၄း၈-၁၈)။

အသင်းတော်သမိုင်းတလျှောက်တွင် အောင်မြင်သောဘုရားအသုံးတော်ခံပုဂ္ဂိုလ်များ၏ သက်သေခံချက်သည် "ငါမဟုတ်ပဲ၊ ငါ့အထဲ၌ကျိန်းဝပ်တော်မူသော ခရစ်တော်ကြောင့်သာ" ဟူ၍ဖြစ်သည်။

John Wesley သည် တစ်လုံးတဝဖြစ်ခြင်း အသက်တာကို သိမြင်ခဲ့ပြီး အင်္ဂလန်နိုင်ငံ ဝိညာဉ်ရေးရာနှင့် လူမှုရေးရာပျက်စီး နေခြင်းမှပြန်လည် နလန်ထူနိုင်ရန် ဘုရားသခင်က အသုံးပြုခဲ့သည်။ သူ၏အသက်တာတစ်ခုလုံးကို ခရစ်တော်စီးနင်းအုပ်ချုပ်နိုင်ရန် ပုံအပ်ခဲ့သောကြောင့် မြို့တော်တိုင်း၊ မြို့နယ်တိုင်း၊ ဇနပုဒ်-ရွာငယ်တိုင်း အသင်းတော်ထူထောင်နိုင်ခဲ့ပါသည်။ John Wesley ၏ညီ Charles ၏ သက်သေခံချက်ကို နားစဉ်ကြည့်ကြပါစို့။

"ငါမှာ မပြေမငြိမ်းနိုင်သော လှုံ့တော်မှုနှင့်အတူ
မကုန်ခမ်းသော လိုအင်တမ်းတခြင်းတစ်ခု
ပြင်းပြသော ငါ့နှလုံးသားအားဖြည့်ဆည်းပေးပါ။
သင့်ထက်ငယ်သော / အားနည်းသောအရာကိုမပေးပဲ
ခွန်အားအရာ၌ သင်ကိုယ်တိုင် ငါ့အထဲကျိန်းဝပ်လျက်
သင်၌ရှိရှိသမျှအတိုင်း ဆင်းလာ၍ ဆောင်ရွက်ပေးပါ။

William Booth သည် တစ်လုံးတဝဖြစ်ခြင်း သိနားလည်ခဲ့ပြီး နောင်တတရားသို့ လူထောင်ပေါင်းများစွာလမ်းပြဖို့ရန် အိမ်တိုင်းသို့စေလွှတ်မည့် ခရစ်ယာန်စစ်သည်တော်များအဖွဲ့ကို တည်ထောင်ခဲ့ပါသည်။ ထိုစစ်သည်တော် များသည် မကောင်းသော ဒုစရိုက်များကိုချေမှုန်းခဲ့ကြသည်။

C.T.Studd သည် ခရစ်တော်နှင့် တစ်လုံးတဝဖြစ်ခြင်းကြောင့် ကောင်းသောအခွင့်အရေးနှင့် နာမည်ကျော်ကြားခြင်းကို လစ်လျူရှုခဲ့ပြီးသာသနာ ကွင်းသို့ သွားရောက်ဦးဆောင်ခဲ့ပါသည်။ အသင်းတော်သမိုင်းတွင် ဝိညာဉ်ဖခင်ကြီးများသည် ခရစ်တော်၏ အသက်တာကို လိုက်လျှောက်၍ အများအတွက်ပုံသက်သေဖြစ်စေဖို့ရန် ဘိတ်သိပ်တန်ခိုးပေးခြင်းခံခဲ့ရသည်။

Hudson Taylor သည် China တရုတ်ပြည်တွင်း သာသနာပြုခြင်းကို



လုပ်ဆောင်ခဲ့သော်လည်း သူ၏အစွမ်းအစအားဖြင့် (၁၈)နှစ်လုံးလုံး ကြိုးစားခဲ့ပြီးမှ တစ်လုံးတဝဖြစ်ခြင်းကို ရှာဖွေတွေ့ရှိခဲ့သည်။

ဘုရားအသုံးတော်ခံ ကျွန်တော်သိသောသူ၊ မသိသောသူများ အားလုံးတို့သည် ကမ္ဘာအစွန်အဖျားထိ အောင်မြင်ခဲ့ကြသည်။ သူတို့၏ အောင်မြင်ခြင်းလျှို့ဝှက်ချက်မှာ "ငါမဟုတ်ပဲ၊ ငါ့အထဲ၌ ကျိန်းဝပ်တော်မူ သောခရစ်တော်ကြောင့်" ဖြစ်သည်ဟူသောအရာပင်ဖြစ်သည်။ အရာခပ်သိမ်းပြန်ပေးအပ်သည့်နေ့ရက်တွင် သူတို့၏သရဖူအားလုံးကို ခရစ်တော်၏ခြေတော်ရင်း၌ချထား၍ ပြတ်ဝပ်မည့် အရာမှာအလွန်ပင် အံ့ဩဖွယ်ကောင်းလှပေမည် (ဗျာဒိတ်၊ ၄း၉-၁၁)။

ထို့ကြောင့် နေ့စဉ်တာဝန်ဝတ္တရားများ လုပ်ဆောင်ရင်း ခန္ဓာကိုယ်မောပန်းနွမ်းနယ် အားအင်ကုန်ခမ်းလာပြီး အတွေးများခမ်းခြောက်လာခြင်းသည် ခွန်အားရှိရာပင်စည်ကို သင်ရှာဖွေမတွေ့ရှိခြင်းကြောင့်ဖြစ်သည်။ ရှင်ပေါလုက "ငါ့ကိုခွန်အားနှင့်ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကို ငါတတ်စွမ်းနိုင်၏"ဟု (ဖိလိ၊ ၄း၁၃)တွင် ပြောဆိုထားပါသည်။

ဘုရားသခင်၏လမ်းစဉ်ကို မှန်ကန်ပြည့်စုံစွာ ကျွန်တော်တို့သိမြင်လာသောအခါ အခြားသောကားတိုင်တော်၏ ပညာရှုတောင့်ကိုလည်း နားလည်လာမည်ဖြစ်သည်။ ကျွန်တော်တို့ သခင်၏ကြီးမားသော တန်ခိုးရင်းမြစ်သို့ ချဉ်းကပ်မည်ဆိုလျှင် သမ္မာတရား(၂)ချက်သည် နေ့စဉ်သက်တာ၌ ကိုက်ညီနေရမည်။ ထို(၂)ချက်သည် အတူတကွစည်းထား၍ ထိန်းသိမ်းထားရမည်။ အဘယ့်ကြောင့်ဆိုသော် "ဘုရားသခင်ဘက် စပ်၍တန်ဘိုး တင်တော်မူသောအရာကို လူမခွဲမခွာစေနှင့်"ဟု မိန့်တော်မူ၏။

ဘုရားသခင်၏ နှုတ်ကပတ်တော် သမ္မာတရားသင်ခန်းစာကို လက်တွေ့ကျင့်ဆောင်ရမည်။ ယုံကြည်ခြင်းသည် ရှင်ပြန်ထမြောက်ခြင်းနှင့် လက်ဝါးကပ်တိုင်ကို လေးစားကြည်ညိုခြင်းထက် သာ၍လုပ်ဆောင်ရမည်။ ၎င်းတို့၏ တန်ခိုးကိုနေ့စဉ်ကိုက်ညီစွာ အသုံးပြုရမည်။

ကျွန်တော်တို့လူဟောင်းအပေါ်၌ ဘုရားသခင်၏ ပြစ်ဒဏ်ပေးခြင်းတရားကိုငြင်းပယ်လျှင် (သို့မဟုတ်) ဗျာဒိတ်တော်မရှိခဲ့လျှင် (ရောမ၊ ၆း၆) ပြင်းထန်စွာ တားဆီးနှောင့်ယှက်မှု ရင်ဆိုင်ရရုံသာမက ကျွန်တော်တို့ အသက်တာတစ်ခုလုံး၌

(ရောမ၊ ၈း၂) သို့မဟုတ် ခရစ်တော်ကလည်းကြိုက်မှာပါ၊ နားလည်မှာပါဆိုပြီး တစ်စုံတရာဇာတိအားဖြင့် လုပ်ဆောင်မိချိန်သတိထားမိရဲ့လား၊ ဝိညာဉ်တော်၏ အသီးအပွင့်ထင်ရှားစေဖို့ အခက်အခဲရှိနေတယ်ဆိုရင် **သင့်မှာနက်နဲသော သမ္မာတရား တွေ့ရှိခြင်းမရှိခြင်းကြောင့်** ဖြစ်သည်။

တစ်ခါတရံသင်၏ အကောင်းဆုံးကြိုးစား အားထုတ်မှုကြားထဲမှ ဇာတိ အသွေးသား၏ လုပ်ဆောင်မှုထင်ရှားတတ်သည် (ဂလာတိ၊ ၅း၁၉)။ ၎င်းသည် တပ်မက်ခြင်းပေးရုံသာမက၊ လိမ်ညာခြင်း၊ ဇာတ်ကြောင်းပြန်ခြင်း တို့ဖြစ်တတ်သည်။ ထို့အပြင် မောက်မာခြင်း၊ ထိနာအောင်ပြုခြင်း၊ ရန်လိုခြင်း၊ စိတ်ဖောက်ပြန်လွယ်ခြင်း၊ ဂရုဏာမဲ့ခြင်း၊ အာဏာတပ်မက်ခြင်း၊ ဒေါသတကြီးပြောဆိုခြင်း၊ ဝရုန်းသုန်းကား ဖြစ်ခြင်း သူတစ်ပါးအောင်မြင်ခြင်းကို မနာလိုဖြစ်ခြင်း စသည်တို့ဖြစ်တတ်သည်။

ဇာတိလူဟောင်းသည် လှည့်ဖြားခြင်း၊ ပြဿနာတတ်စေခြင်း၊ သူတပါး ကိုဝေဖန်ခြင်း၊ ပေါင်းသင်းကွဲစေခြင်းတို့ ပြုတတ်သည်။ လူဟောင်း၏ အခြားသော ဇာတိမှာ သူတပါးစွပ်စွဲခြင်းပြုတတ်သော်လည်း သူ၏အမှားဝန်ခံဖို့ရန်ခက်ခဲတတ် သည့်အပြင်စိတ်တိုခြင်း၊ တစွတ်ထိုးပြုခြင်း၊ သူတပါးနာကျင် စေဖို့ရန်ဝန်မလေး ခြင်း၊ မျက်နှာသုန်မှုန်ခြင်း၊ သရော်ပြုံးပြုံးခြင်း၊ ကိုယ့်ကိုကိုယ်သနားခြင်း၊ သူတစ်ပါး အပေါ်သံသယဖြစ်ခြင်း၊ လျို့ဝှက်ခြင်း၊ သူတစ်ပါးကို အထင်သေးခြင်း၊ အကျိုး ကြောင်းမေးလို့မရခြင်း၊ အားကိုလို့မရခြင်း ခွင့်မလွှတ်တတ်ခြင်း၊ သူ၏အပြစ် ထုတ်ဖော်ခြင်းခံရပင်လျှင် ပျော့ပြောင်းလာမှုမရှိခြင်းတို့ဖြစ်သည်။

အထက်ပါအရာတို့သည် ဇာတိပကတိ၏ကျင့်ခြင်းပင် ဖြစ်ကြသည်။ ထိုကဲ့သို့အသက်ရှင်သောသူသည် ဒုက္ခပြဿနာနှင့် ကြုံလာသောအခါ ခရစ်တော် ၏ သဏ္ဍာန်မဖော်ဆောင်နိုင်သည့်အပြင် စည်းကမ်းမရှိခြင်း၊ အသက်တာအပ်နှံမှု မရှိခြင်း၊ ကောင်းသောအရာများပင်လျှင် ဖျက်စီးတတ် သည်။ ထိုသို့တနေ့ပြီးတနေ့ တစ်နှစ်ပြီးတနှစ် ဒုက္ခရောက်ရုံသာမက တစ်ယောက်ပြီးတစ်ယောက်အပေါ်သို့ လွှမ်းမိုးလာတတ်သည်။

အကယ်၍ခေတ္တအသင်းတော်၏ တာဝန်တစ်ရပ်မှ ရပ်ဆိုင်းခြင်း၊ အသင်းတော်မှ ရပ်နား၍ချစ်ခြင်း၊ ပျော်ရွှင်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာရှိခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်



ခြေလှမ်း သမ္မာတရားကို ယုံကြည်ပြီးဝန်ခံခြင်းပြုပါ။

သင့်အသက်တာ၌လူဟောင်းကို တစ်ကြိမ်ပယ်ချွတ်သည်နှင့် လူသစ်ကို ခရစ်တော်၏ အသက်တာဖြင့် ပြန်လည်အစားထိုးအားအင် ဖြည့်လျှင်၊ တဒင်္ဂ သို့မဟုတ် တခဏအတွင်း ပြန်လည်စည်းကပ်ဖို့ရန် လူဟောင်း၏အကျင့်စရိုက်များ ကို ချေမှုန်းစွန့်ခွာဖို့ရန်အတွက်ပြဿနာ ရှိတော့မည်မဟုတ်ပေ (ရောမ ၈း၁၃၊ ကောလော ၃း၅၊ ဧဖက် ၄း၁၇-၃၂၊ ဧဖက် ၅း၁-၇)။

၎င်းကိုဘယ်လို၊ ဘယ်အချိန်မှာစတင်ရမလဲ၊ ယခုဟုဆိုသော်လည်း ယခုချက်ခြင်းပင် သင့်အသက်တာတစ်ခုလုံးကို သန့်ရှင်းသောဝိညာဉ်တော်ထံသို့ လုံးဝဆက်ကပ်အပ်နှံပါက သင့်ကိုခရစ်တော်နှင့်တစ်လုံးတဝဖြစ်ခြင်း အသက်တာ အဖြစ်သို့ ပို့ဆောင်လိမ့်မည်။ သင်၏လိုအင်ဆန္ဒမျှော်လင့်ခြင်း ဘုန်းအသရေမုချ အမှန် ရရှိလာသည်အထိ သင့်ကိုခိုင်ခံ့တည်တံ့စေရန် အကူအညီတောင်းခံပါ။ သင့်ကိုဆုတ်ယုတ်စေတတ်သော စိတ်ပျက်ခြင်းကို အခွင့်မပေးပါနှင့်။ ကျရှုံးခြင်း ကြုံရရင်တောင်မှ နတ်ဆိုးလှည့်ဖြားခြင်းကို မယုံပါနှင့်။ ထိုအရာသည် သင့်အတွက် မဟုတ်ပဲ အခြားသောသူများအားတက်စေရန် စာတန်၏လုပ်ဆောင်ခြင်း ဖြစ်သည်။

သင်၏အဆက်မပြတ် ဝန်ခံသောနှုတ်ကပတ်တော်အားဖြင့် သင်ဝန်ခံခြင်း အရာပေါ် သက်ရှင်ထင်ရှားစေလိမ့်မည် (ဟေဗြဲ ၁၁း၃)။ ထိုသို့တဖြည်းဖြည်းနှင့် လှပစွာ ကြောက်မက်ဖွယ်ကောင်းသော ဇာတိလူဟောင်း၏ လွှမ်းမိုးမှုသည် ကွယ်ပျောက်လာပြီး စိတ်လှုပ်ရှားဖွယ်ကောင်း သောယေရှုခရစ်တော်၏ နည်းလမ်း သစ်များသည် ပိုမိုကြီးထွားလာပါလိမ့်မည်။

သင်၏အသစ်သောရောင်ခြည်တော်ကြောင့် သင့်ကိုသူငယ်ချင်းများ၊ မိသားစုဝင်များက အံ့သြလာကြပါလိမ့်မည်။ သင်သည် သက်တောင့်သက်သာရှိနေ သည်ကို သူတို့သတိပြုလာလိမ့်မည်။ ခရစ်တော်အတွက် သင်လုပ်ဆောင်ခြင်း၊ သက်သေခံခြင်းစသည်တို့သည် အလိုအလျှောက်ထွက်ပေါ်လာလိမ့်မည်။ ထိုသို့ ဖြစ်လာခြင်းသည် ခရစ်တော်သည်သင့်အားဖြင့် အလုပ်လုပ်လာခြင်းဖြစ်သည်။

သင်လုပ်မှား၊ ကိုင်မှားခြင်းကြောင့် ပြက်ရယ်ပြုသောသူများ၊ သင်မချစ်နိုင် သောသူများပင်လျှင် ပြန်လည်ချစ်လာနိုင်လိမ့်မည်။ တစ်လုံးတဝဖြစ်ခြင်းအသက်

တာသည် ဇိမ်ခံခြင်းသက်သက်မဟုတ်ပဲ လိုအပ်သောအရာများကို ကူညီမစခြင်းဖြစ်သည်။

သင်၏လူဟောင်းနှင့် ပတ်သက်သောဇာတိအသွေးသားဖြင့် အသက်ရှင်ခြင်းနှင့်ဆင်တူရိုးမားဖြစ်သော ဘုရားအားကိုခြင်းမရှိပဲ ကိုယ့်အစွမ်းအစအားဖြင့် ကြိုးစားအသက်ရှင်ခြင်းကို အမြဲတမ်းသတိပြုပါ။ ထိုသို့သောအရာသည် အသက်ရှင်စဉ် ဘုရားသခင်နှင့်သူ၏တန်ခိုးတော်မပါပဲ ဝမ်းနည်းဖွယ်အသက်ရှင် ခဲ့သောအာဒံနှင့်သူ၏သားစဉ်မြေးဆက်များကဲ့သို့ဖြစ်၏။ အပြစ်ထဲသို့ သူတို့ကျ ဆင်းစဉ်တွင် ဇာတိပကတိလူသားများဖြစ်လာခဲ့ကြသည် (ကမ္ဘာ ၆း၃)။ တစ်လုံး တဝဖြစ်ခြင်း အသက်တာသည်ခရစ်တော်၏ ဝိညာဉ်နှင့်အတူစိုစိုပြေပြေ၊ ပျော်ပျော် ရွှင်ရွှင်အသက်ရှင်ခြင်းဖြစ်သည်။



# အခန်း (၃)
## သင်ယူလျှောက်လှမ်းခြင်းသို့ ယုံကြည်သူများအား ပို့ဆောင်ခြင်း

ဇာတိအသွေးသားကို ရိုက်သတ်ခြင်းမရှိပဲ ဆက်လက်လှုပ်ရှားနေလျှင် မိနစ်အနည်းငယ်ပင် သင်ယူလုပ်ဆောင်နိုင်မည်မဟုတ်သည့်အပြင် ဝိညာဉ်ပကတိအားဖြင့်လည်း လျှောက်လှမ်းနိုင်မည်မဟုတ်ပါ။

မြောက်များစွာသောလူတို့သည် ဝိညာဉ်တော်အားဖြင့် မွေးဖွားခြင်းခံရသော်လည်း ဝိညာဉ်၏အလိုအတိုင်း မလိုက်လျှောက်နိုင်ခြင်းကို သိမြင်ရပါသည်။ ကောရိန္သုအသင်းတော်သည် ဝိညာဉ်ဆုကျေးဇူးချို့တဲ့မှု မရှိသော်လည်း ဇာတိအလိုအတိုင်း အသက်ရှင်ကြောင်းကို ရှင်ပေါလုက အပြစ်တင်ခဲ့သည် (၁ကော ၁း၅-၇)။ သူတို့၏အကျင့်စရိုက်ရော့ရဲခြင်း၊ သင်းကွဲခြင်း၊ ပွဲတော်သုံးဆောင်ရာ၌ပင်လျှင် ကိုယ်ကျိုးရှာခြင်းစသည့် အပြစ်များရှိခဲ့သည် (၁ကော ၃း၁-၄)။ ဤအချက် (၃)ချက်သည်ဇာတိ ထင်ရှားခြင်းနှင့် ဝိညာဉ်ရေးရာအသက်တာ၌ကြီးမားသော မဟာရန်သူကြီးဖြစ်သည် (ဂလာတိ၊ ၅း၁၆-၂၁)။

တမန်တော်ရှင်ပေါလုကိုယ်တိုင်ပင်လျှင် ဇာတိအားဖြင့် ကြိုးစား ကျင့်ချိန်၊ ပညတ်တော်ကို လိုက်လျှောက်ချိန်၌ (ရောမ၊ ၇)၊ ဤပြဿနာကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ အဖြေမှန်တွေ့ရှိရန် ဘယ်လောက်ကြာကြာ လုံးပန်းခဲ့ကြောင်း ကျွန်တော်တို့မသိခဲ့ရသော်လည်း သူသိလာသောအခါ လွတ်လပ်သော၊ ဝေငှသောတမန်တော်ဖြစ်လာခဲ့ပြီး (ရောမ၊ ၇)၌ ရင်ဆိုင်ရသော ပြဿနာများကို (ရောမ၊ ၈း ၁-၄)၏ လွတ်ငြိမ်းချမ်းသာခြင်းထဲ၌ အရည်ပျော်သွားစေခဲ့ပါသည်။

ယုံကြည်သူများစွာတို့၏ အတည်တကျ ရပ်တည်ချက်မှာ (ရောမ၊ ၇) ဖြစ်တတ်ပြီး မသိရသောအမှုတော်ဆောင်များစွာပင်လျှင် ဤနေရာ၌ရပ်တည်လေ့ရှိတတ်သည်။ ထိုဝမ်းနည်းဖွယ်ကောင်းသော ပြဿနာသည် ယုံကြည်သူရင့်ကျက်တိုးတက်ပြောင်းလဲချိန် ခဏအတွင်းဖြစ် တတ်လေ့ရှိသည်။ ထိုအရာသည် ဇာတိလူဟောင်း၏ ရုပ်ဆိုးမှု၊ အားနည်းမှုတို့သည် ထုတ်ဖော်ချိန်ခဏအတွက်သာ ရည်ရွယ်ထားခြင်းဖြစ်ပါသည်။

ခရစ်တော်၏ ဝိညာဉ်အားဖြင့်သင့်အသက်တာ လုံးဝအုပ်စိုးမှုမရှိတဲ့အချိန်

(၁ကော၊ ၁း၂၅)။

ဘုရားသခင်၏ မိုက်မဲခြင်း၊ လက်ဝါးကပ်တိုင်၏ တရားကိုဟောခြင်းသည် ဘုရားသခင်၏ နက်နဲသောပညာပါဝင်လျက်ရှိသည်။ ထိုပညာကို လောကီမင်း တစ်စုံတစ်ယောက်မျှမသိ။ သိလျှင်ဘုန်းကြီးတော်မူ သောသခင်ကိုလက်ဝါး ကပ်တိုင်မှာ မကွက်မျက်ကြပြီ (၁ကော၊ ၂း၇-၈)။

အပြစ်ခွင့်လွှတ်ခြင်းကို သင်ရှာနေလျှင်လက်ဝါးကပ်တိုင်သို့သွားကို သွားရမည် (၁ယော၊ ၁း၉)။ လောကီအသွေးသား ပျော်ရွှင်မှုကိုတွန်းလှန်နိုင်သော တန်ခိုးကိုသင်ရှာလျှင် ကားတိုင်သို့သွားရမည် (ဂလာ ၆း၁၄)။ စာတန်၏ စွပ်စွဲခြင်းကို ခုခံတွန်းလှန်အောင်မြင်လိုလျှင် ကားတိုင်၏အောင်မြင်ခြင်းကို ယုံကြည် အားကိုးပါ (ဗျာဒိတ် ၁၂း၁၁)။ ထိုနည်းတူစွာ ဇာတိလူဟောင်းမှ လွတ်မြောက်ခြင်း ကိုတမ်းတမိပြီး ခရစ်တော်၏ သဘောသဘာဝကို စီးဆင်းစေလိုလျှင် လက်ဝါး ကပ်တိုင်သို့သွားရမည် (ရောမ၊ ၆း၆)။ လက်ဝါးကပ်တိုင်သို့သွားခြင်းဖြင့် ဝိညာဉ်တော်သည် အမှန်အကျိုးဖြစ်ထွန်းခြင်းသို့ ဦးဆောင်လမ်းပြလိမ့်မည်။

ကျွန်တော်တို့၏ လက်နက်တန်ဆာမှာ ဇာတိပကတိအရာမဟုတ်ပဲ၊ ရဲတိုက်များကို ဖြိုပျက်နိုင်သော ဘုရားသခင်၏ တန်ခိုးတော်ဖြစ်သည် (၂ကော၊ ၁၀း၄)။ ၎င်းတို့သည် နတ်ဆိုး၊ ဇာတိအသွေးသားနှင့် လောကကိုအောင်မြင် နိုင်သော အရာဖြစ်သည်။ ယုံကြည်ခြင်းသည် ဝိညာဉ်တော်၏ ဓားတည်းဟူသော နှုတ်ကပတ်တော်ကို သယ်ဆောင်၍ နှုတ်ကပတ်တော်ကို ပြောဆိုတတ်သည်ဖြစ်၍ (ဧဖက်၊ ၆း၁၇)၊ စာတန်၊ ဇာတိအသွေးသားနှင့် အပြစ်တို့၏တန်ခိုးများကို လက်နက်ကင်းမဲ့စေသည်။ ခရစ်တော်၏လက်ဝါးကပ်တိုင်အားဖြင့် သင်ဖြစ်နေ သည့် အခြေအနေထဲမှ ကယ်တင်နိုင်သည်။

ယေရှုခရစ်အထဲ၌ သင့်ကိုခွင့်လွှတ်၊ လက်ခံပြီးဘုရားသခင်၏ ညဏ်ပညာ သည် သင့်ကိုဖြောင့်မတ်စေသည်။ ခရစ်တော်ထဲ၌ သင့်ကိုသန့်ရှင်းစင်ကြယ်၊ ရွေးနှုတ်ကယ်တင်ခဲ့ပြီး သင့်ကိုစာတန်လက်မှ ကယ်လွှတ်တော်မူ၍ သန့်ရှင်းသော အရာလုပ်ဆောင်နိုင်သော အရည်အချင်းကို ပေးတော်မူပြီ (၁ကော၊ ၁း၂၉-၃၁)။

ဘယ်တော့မှ **ခရစ်တော်၏ တန်ခိုးတော်နှင့် လက်ဝါးကပ်တိုင်၏ တန်ခိုးတော်** မပါပဲ အသက်မရှင်ပါနှင့်။ စာတန်၏ နှောင့်ယှက်ရှုပ်ထွေးမှုနှင့်



ချုပ်တီးခြင်း (ဂလာတိ၊ ၅း၂၂) စသည့်ဝိညာဉ်အသီးသီးရန် ခက်ခဲနေလျှင်၊ ထိုပြဿနာသည် သင့်အသက်တာကို ပျက်စီးခြင်းထဲသို့မျိုချ၍၊ သနားကြင်နာ တတ်သောသူတစ်ယောက်မျှသာ ဖြစ်နေချိန်တွင် အင်အားကုန်ခမ်းပြီး သီချင်းပင် သင်ဆိုနိုင်မည်မဟုတ်ပေ။

Watchman Nee က သာမန်ခရစ်ယာန်ဖြစ်ခြင်းသည် ဇာတိအသွေး အသား (Flesh) ဟူသောစကားလုံးကို “h” ဖြုတ်၍ ပြောင်းပြန်ဖတ်ကြည့်ပါက (Self) ဟူသောကိုယ့်အတ္တ၊ ကိုယ့်အတွက် အသက်ရှင်ခြင်းဖြစ်သည်ဟု ဆိုထားသည်။

ကိုယ့်ကိုကိုယ်သိခြင်း၊ ကိုယ့်ကိုကိုယ်ဖြောင့်မတ်ခြင်း၊ ကိုယ့်ကိုကိုယ် အရေးပါခြင်း၊ ကိုယ့်ကိုကိုယ် ဗဟိုပြုခြင်း၊ ကိုယ့်ကိုကိုယ်ကျေနပ်ခြင်း၊ ကိုယ့်အကြံပဲ ကြိုက်ခြင်း၊ ကိုယ့်ကိုကိုယ်သနားခြင်း၊ ကိုယ့်ကိုကိုယ်ဂုဏ်ယူခြင်း၊ မိမိကိုယ်ကို ချီးမြှောက်ခြင်း တို့သည်ဇာတိအသွေးသား ဖြစ်ကြသည်။

အချို့ယုံကြည်သူများသည် ခေါင်းမာ၍ယေရှုခရစ်ကို မိမိအသက်တာ၏ သခင်အဖြစ် လက်မခံချင်သောကြောင့်ဝမ်းနည်းဖွယ် ဤအခြေအနေ၌ရပ်တည် လျက်ရှိကြသည်။ ဣသရေလလူမျိုးကဲ့သို့ ဘုရားသခင်၏ဂတိတော်ကို လက်မခံ၊ ပုန်ကန်၍ ငြီးတွားကြသောကြောင့် သူတို့၏အသက်တာ တခုလုံးသည် သေသည် တိုင်အောင်စက်ဝိုင်းကဲ့သို့ လည်ပတ်လျက်ရှိသည် (ဟေဗြဲ၊ ၃း၇-၁၉)။ လူတိုင်းသည် တစုံတယောက်ကို အပြစ်တင်နေကြပြီး ဒီနေ့၌စာတန်ကို ပြစ်တင်လျှက် နောက်နေ့ ၌ အမှုတော်ဆောင်ဆရာ၊ အချို့မှုကားမိဘနှင့် ဘုရားသခင်ကိုပြစ်တင်လည်ပတ် ၍ ရောင့်ရဲခြင်းမရှိပဲသေကြရသည်။ ထိုကဲ့သို့များစွာသော အသင်းတော်သည် လွတ်မြောက်ခြင်းမရှိပဲ ၎င်းအရာ၌ ကျက်စားကျင်လည်နေကြသည်။

ဘုရားသခင်၏ လူတို့သည် **ဤဒုက္ခအကျပ်ရိုက်ခြင်းမှ ဘုရားသခင်၏ နည်းလမ်းကိုမသိကြသောကြောင့်** အသက်တာပြဿနာမှ လွတ်မြောက်ခြင်း မရရှိပဲ ကျရှုံးနေသည်မှာ ဝမ်းနည်းစရာကောင်းလှပေသည်။

ဇာတိပကတိ၏အလိုသို့ မလိုက်ပဲ ဝိညာဉ်ပကတိအတိုင်း သင်မည်ကဲ့သို့ ကျင့်လျှောက်နိုင်မည်နည်း (ဂလာတိ၊ ၅း၁၆)။

ဆိုးညစ်၊ ပုပ်သိုး၊ မုန်းတီးရွံရှာဖွယ်ကောင်းသော ဇာတိအလိုသို့ သင့်ကို လိုက်စေသော အာဒံ၏ဇီဇလူဟောင်းကို သတိပြုမိပါလိမ့်မည်။ ထိုဇာတိပကတိမှ

ကယ်ချွတ်ရန် ဘုရားပြင်ဆင်ပေးသော တခုတည်းသောနည်းလမ်းမှာ **၎င်းကို သေစေခြင်းပင်** ဖြစ်သည်။ ဤအတွက်ကြောင့် ခရစ်တော်အသေခံခြင်းဖြင့် ကျွန်တော်တို့၏ အပြစ်မှလွတ်မြောက်စေရုံ မကဇာတိလူဟောင်းထဲမှလည်း ကယ်ချွတ်တော်မူ၏။ ဤအရာသိခြင်းသည် ပထမခြေလှမ်းဖြစ်သည်။ ငါတို့၏ လူဟောင်းသည် ထိုသခင်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေသတ်ခြင်းကိုခံပြီဟု ငါတို့သိကြ၏။

ယခုတွင်ဇာတိအပြစ်၏ လွှမ်းမိုးမှုသည်သေခြင်းသို့အမြဲပို့ဆောင် နေကြောင်းကို ခိုင်မြဲစွာယုံကြည်နေရမည်။ ယေရှုသည်ကားတိုင်၌ သင်၏အပြစ်များသာ သယ်ဆောင်ခဲ့သည်သာမက (၁ပေ၊ ၂း၂၄)၊ ဇာတိအပြစ်နှင့် ဆိုင်သော အရာကိုပင် ယူဆောင်သွားခဲ့သည်။

**ခရစ်တော်သင့်အတွက် အသေခံခြင်း** သည်အံ့သြဖွယ်ကောင်းပြီး (၁ကော၊ ၁၅း၁-၃)၊ ထိုဖွင့်ပြချက်သင့်ဆီသို့ ရောက်သောအခါ **ခရစ်တော်၌ သင်ဟာသေနေခြင်း** (ကောလော၊ ၃း၃)သည်ပို၍ အံ့သြဖွယ်ကောင်းပေသည်။

သင်၏အပြစ်လွှမ်းမိုးမှုအပေါ်၌ ဘုရားသခင်၏သေခြင်းပြစ်ဒဏ် စီရင်ချက်ကိုလက်ခံလိုက်ပါ။ ယုံကြည်ခြင်းမပါပဲ သင်၏ကြိုးစားအားထုတ်မှု အားလုံးသည် အရာမထင်ကြောင်းကို သဘောတူပြီး (ရောမ၊ ၆း၆-၁၁) နေ့တိုင်း ဤယုံကြည်ခြင်း၌ ရပ်တည်ပါ။ သင့်အထဲ၌ရှိသော အပြစ်၏တန်ခိုးကိုလက်ဝါးကပ်တိုင်၏ တန်ခိုးတော်အားဖြင့် ဖျက်စီးသည်အထိ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အဆက်မပြတ်မှီဝဲပါ။ သို့မှသာ ဇာတိပကတိ၏အကျင့်များ ချုပ်ငြိမ်းစေရန် လွယ်ကူပေလိမ့်မည် (ကောလော၊ ၃း၅)။ ထိုသို့ပြုလျှင် သင်၏ကြိုးစားအားထုတ်မှု၌ ခရစ်တော်၏ သက္ကာန်ထင်ရှားလာမည်ဖြစ်သည် (ရောမ၊ ၈း၂၉)။

သင်လုပ်ဆောင်ရမည့်အရာမှာ ခရစ်တော်၏သေခြင်း၊ ပြန်လည်ထမြောက်ခြင်း၏ အသစ်သောအသက်တာ၌ **အမြဲသဘောတူလျက် လျှောက်လှမ်းရမည်** (ရောမ၊ ၆း၁-၁၃)။

နေ့စဉ်သင်၏ ကြိုးစားအားထုတ်မှုထဲသို့ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း အသက်တာကို လက်ခံပါ (ရောမ၊ ၆း၁၂-၁၃)။ **သူ၏လက်ဝါး ကပ်တိုင်တန်ခိုး** အားဖြင့် သင်၏မကောင်းသောတုံ့ပြန်မှု၊ ခံစားမှု၊ တွေးတောမှုများ



ပျက်စီးစေကြောင်းကိုတွေ့ရမည်ဖြစ်ပြီး သူ့အသက်တာ၏ကောင်းသော တုန့်ပြန်မှု ခံစားမှု၊ တွေးတောမှုများသည် သင့်ထံသို့ရောက်ရှိလာလိမ့်မည်။ ၎င်း၏အကျိုးရလဒ်မှာ ငြိမ်သက်ခြင်းနှင့် တန်ခိုးတော်၌ အစဉ်လျှောက်လှမ်းအောင်မြင်ခြင်းပင် ဖြစ်သည်။ ဝိညာဉ်ပကတိဖြင့်အသက်ရှင်ခြင်းသည် အပြစ်မလုပ်နိုင်သော နေရာသို့ သင့်ကိုမပို့ဆောင် ပဲ၊ အပြစ်မလုပ်ဖို့ရန် ရွေးချယ်နိုင်သော တန်ခိုးပေးမည်ဖြစ်သည်။

ဤနက်နဲလျှို့ဝှက်ဆန်းကြယ်သော သမ္မာတရားကို သင်ဆုပ်ကိုင်ထားသောကြောင့် ယေရှု၏အသက်တာသည် တဖြည်းဖြည်းလှပစွာနှင့် စိတ်လှုပ်ရှားဖွယ်ကောင်းစွာ ကြီးထွားလာပါလိမ့်မည်။ သင်၏ဇာတိပကတိ ထိန်းချုပ်မှုသည် သင်၌ သက်ရောက်မည်မဟုတ်တော့ချေ။ သင်၏ပုဂ္ဂိုလ်ဖြစ်ခြင်းတစ်ခုလုံး ယေရှုခရစ်တော်က ထိန်းချုပ်လာသောအခါ ထွက်ပေါ်လာသောသင်၏ထူးခြားမှုသည် သင်ကိုယ်တိုင် အံ့သြရုံသာမက၊ သင်၏အနီးဆုံးလူနှင့် သူငယ်ချင်းများပင်လျှင် အံ့အားသင့်စေပါလိမ့်မည်။

အသက်တာ၌ မယုံနိုင်လောက်အောင် ကြီးမားသောယုံကြည်ခြင်းသည် **ယုံကြည်ခြင်းဖြင့်ပြောဆိုဝန်ခံသော** ဘုရားသခင်၏ ယုံကြည်ခြင်းမျိုးဖြစ်သည်။ ယေရှုက (မာကု၊ ၁၁း၂၀-၂၅)တွင် ရှင်းလင်းစွာ ဖော်ပြထားသောအရာမှာ ယုံကြည်ခြင်းဖြင့် တောင်များပင်လျှင်ရွေ့စေခြင်းဖြစ်သည်။ ဤကြီးမားသော ဂတိတော်များအားဖြင့် သင်ကိုယ်တိုင်သင်ယူပြီးနောက် နှုတ်ဖြင့်ထုတ်ဖော်ပြောဆိုပါ။

နေ့စဉ် ဤနက်နဲသော လျှို့ဝှက်ချက်ကို သဘောတူ၍အသုံးပြုလျှင် နေ့စဉ်သူ့အသက်တာအားဖြင့် ကယ်တင်လိမ့်မည် (ရောမ၊ ၅း၁၀)။ ယေရှုက “လူသား၏အသားကိုမစား၊ အသွေးကိုမသောက်လျှင် သင်တို့၌ အသက်မရှိ” (ယော၊ ၆း၅၃)။ အကယ်၍ သူ၏အသက်ကိုသင်၌ အစဉ်တည်နေလိုလျှင်အသက်မုန့်ဖြစ်သော ယေရှုကို တစ်ရက်တစ်ပတ်မဟုတ်ပဲ **အမြဲတမ်း** လက်ခံရမည်။

လက်ဝါးကပ်တိုင်သည် လောကီပညာရှင်များအတွက် မိုက်မဲခြင်း (၁ကော၊ ၂း၁-၈)၊ အတွေးခေါ်ပညာရှင်များအတွက် မယုံနိုင်သောအရာ (ကောလော၊ ၂း၈)၊ သြဝါဒမှားယွင်းသူများအတွက် အထင်မြင်သေးခြင်း (၁ကော၊ ၁း၂၃)၊ သို့သော် ကယ်တင်ခြင်းသို့ ရောက်သောငါတို့၌ ဘုရားသခင်၏ တန်ခိုးတော်ဖြစ်၏ (၁ကော၊ ၁း၁၈)။ ဘုရားသခင်၏ မိုက်မဲခြင်းအရာသည် လူတို့၏ပညာထက်သာ၍ ပညာရှိ၏

ဆက်လက်၍စာတန်သည် အိမ်နှင့်လုပ်ငန်းခွင်၌ ရန်ဖြစ်စကားများ စေတတ်သည်။ အသင်းတော်ထဲမှာပင်လျှင် ရန်ဖြစ်ခြင်း၊ မနာလိုခြင်း၊ ကိုယ့်နည်းလမ်း စသည့်ဝမ်းနည်းဖွယ်ရာများတွေ့ရသည်။ ဤအရာသည် မှားယွင်းသော "ဉာဏ်ပညာ"ဖြစ်ပြီး အကျိုးရလဒ်မှာ ဝမ်းနည်းဖွယ်ကောင်းခြင်း၊ စည်းစနစ်မကျခြင်းနှင့် ပြုသမျှအဆိုးများသာဖြစ်တတ်သည် (ယာကုပ်၊ ၃း၁၅-၁၆)။ ဤအရာအားလုံးသည် ငြိမ်သက်ခြင်းကိုသယ်ဆောင်လာသော ဝိညာဉ်ပကတိပညာကို တွန်းလှန်သောသူဖြစ်သည် (ယာကုပ်၊ ၃း၁၇-၁၈)။ ဒါဆို ဘယ်လိုဖြေရှင်းကြမလဲ၊

အလုပ်များသောနေ့မှာ ဘုရားသခင်နှင့်အတူ အချိန်ယူခြင်းဖြင့် အစပြုခြင်းထက်ကောင်းသောနည်းလမ်းမရှိပါ။ မေရီကဲ့သို့ယေရှု၏ ခြေတော်ရင်းမှာထိုင်ပြီးသူ၏မျက်နှာတော်ကိုရှာ၍၊ သူ၏နှုတ်ထွက်စကား ကို နားထောင်ရမည် (လုကာ၊ ၁၀း၄၂)။ ထိုသို့ပြုလျှင် နေ့စဉ်အလုပ်လေး များအားဖြင့်စိတ် နှောင့်ယှက်မှုများ လျော့ပါးလာမည်ဖြစ်သည်။ ကျွန်တော်တို့သည် ခရစ်တော်နှင့် ဆက်သွယ်မှုအမြဲရှိပါက နေ့စဉ်ဝန်တာလေးများကို ကောင်းမွန်စွာကိုင်တွယ် ဖြေရှင်းနိုင်မည်ဖြစ်သည်။ ကျွန်တော်တို့အချိန်များကို သူ၏ရှေ့တော်မှောက်မှာ အပ်နှံသောအချိန်မှစ၍ စိတ်ချမှုအပြည့်နှင့်လှပငြိမ်သက်သော မျက်နှာရောင်ခြည်ဖြာထွက်လာမည်ဖြစ်ပြီး ကျွန်တော်တို့ရှေ့၌ ရင်ဆိုင်ရမည့်အရာများက မတော်တဆအဖြစ်ပျက်များနှင့် ကံကြမ္မာလှည့်ပြောင်းတိုက်ခိုက်မှုများကို ဝိညာဉ်တော်သည် အမြဲသတိပေးလေ့ရှိသည်။

အကယ်၍ဖြစ်နိုင်လျှင်နေ့စဉ်လုပ်ဆောင်ရမည့်အရာ စနစ်တကျ တာဝန်ပေးသူကို ရှာဖွေသင့်သည်။ စနစ်တကျစီမံလုပ်ဆောင်ခြင်းသည် အားအင်မကုန်၊ အချိန်သက်သာစေရုံမက မလိုအပ်သောကြိုးစားအားထုတ်မှု လျော့နည်းစေသည်။ ဤပထမဦးနှောက်ကြည်လင်ခြင်းသည် အလုပ်များသော်လည်း **အတားအဆီးမရှိစေခြင်း** ဖြစ်သည်။ ထိုသို့ ကြည်လင်စေခြင်းအားဖြင့် ခရစ်တော်၏အသက်တာသည် အတားအဆီးမရှိပဲ စီးဆင်းလာပြီးကျွန်တော်တို့၏ ဝန်ထုပ်ကိုသယ်ဆောင်နိုင်ရုံ မကသူတပါး ဝန်ထုတ်များလည်းဖေးမ ကူညီနိုင်မည်ဖြစ်သည် (ဂလာ၊ ၆း၂)။

ဒုတိယစောင့်ကြည့်ရမည့် အချက်မှာ စာတန်ကရက်စက်စွာတိုက်ခိုက်သွေးဆောင်သောအခါ စိတ်ရှုပ်ထွေးခြင်းနှင့် ရောနှောရှုပ်ထွေးခြင်းဖြစ်သည်။



စိတ်ပျက်စေမှုကို ခွင့်မပြုပဲအမြဲတမ်းအောင်မြင်သော အသက်တာရရှိစေရန် ရှေ့တိုးရင်ဆိုင်ပါ။

သင်၏ကိုယ်စား သူ့အသက်တာ အစားထိုးသကဲ့သို့၊ မေးခွန်းမေးရမည့်အရာမှာ "လူတွေကစော်ကားမှုပြုလာသောအခါ နာကျင်မှုခံစားပါမည်လား၊ ဟုတ်ကဲ့၊ သို့သော်လည်းပြန်ပြီး မတုံ့ပြန်ရပါ။ စုံစမ်းသွေးဆောင် ခြင်းခံရမည်လား၊ ဟုတ်ကဲ့ သို့သော်ယခုဧရင်းအရာကို အောင်မြင်နိုင်သော တန်ခိုးသင့်မှာရှိသည်။ မထိမ်းနိုင်လောက်အောင် စိုးရိမ်ပူပန်ကြောက်ရွံ့တုန်လှုပ်မှုခံစား ရပါမည်လား၊ ဟုတ်ကဲ့ သို့သော်ခဏမျှသာဖြစ်ရမည်။ ထို့နောက် သင်၏ကြောက်ရွံ့မှုမှ လွတ်မြောက်စေရန် သင်၏ယုံကြည်မှုကို ဝန်ခံသည့်အခါ ဧင်းအရာတို့သည် လျော့နည်း၊ ပျောက်ကွယ်သွားလိမ့်မည်။ ကျွန်ုပ်၏ခံစားမှု၊ ကြောက်ရွံ့မှုနှင့် ကိုယ်ခန္ဓာနာကျင်ခြင်းများ ကျန်းမာပါမည်လော၊ ဟုတ်ကဲ့ မုချကျန်းမာ လာပါလိမ့်မည် (ရောမ၊ ၈း၁၁)။

သင်၏အသက်တာ ဆိုးသောတုံ့ပြန်မှုများထဲမှ လွတ်ကင်းပြီးခရစ်တော်၏ တန်ခိုးတော်နှင့် လွှမ်းခြုံမှုကြောင့် အောင်မြင်ခြင်းအသက်တာ၊ ကျန်းမာခြင်းတို့သည် သင်၏ခန္ဓာအစိတ်အပိုင်းမှ ဖြာထွက်လာမည်ဖြစ်သည်။ သင့်အထဲသို့ သူ၏အောင်မြင်ခြင်း အသက်တာကူးပြောင်းလာလိမ့်မည် (ဟေရှာ၊ ၅၃း၁၁)။ ဤအရာဖြစ်လာရန် အချိန်စောင့်ဆိုင်းရသော်လည်း သူခံရသောဒဏ်ချက်အားဖြင့် ငါတို့သည်အနာပျောက်လျက်ရှိကြ၏ (ဟေရှာ၊ ၅၃း၅)။ သင်သည် ဂိလဒ်ပြည်၌ ဗာလဖံပင်အစေးကို အသုံးပြုသောအခါ (ယေရမိ၊ ၈း၂၂)၊ မကျန်းမာနိုင်သောအနာ၊ နာကျင်မှုများမရှိတော့ပါ။

သင်၏ ဇာတိလူဟောင်းသည် ရိုက်သတ်ခြင်းခံပြီးကြောင်းကို မှတ်ယူပြီး၊ သင်၏ယုံကြည်ခြင်းကို လှုပ်ရှားမှုပြုပါ။ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းအသက်တာကိုလက်ခံပြီး ဝိညာဉ်ပကတိအတိုင်း မလိုက်လျှောက်နိုင်ဖို့ရန် စာတန်၏ ကြိုးစားအားထုတ်မှုကို ငြင်းပယ်မောင်းထုတ်ပါ။

သင်၏ဝိညာဉ်ပကတိ၌ ယေရှု၏ ရှင်ပြန်ထမြောက်ခြင်း အသက်တာ မသက်ရောက်သည့်တိုင်အောင်နှင့် သင်၏ဇာတိလူဟောင်း အပေါ်သေခြင်း ပြစ်ဒဏ်စီရင်ချက်ကို ဝိညာဉ်တော်၏ အသိပေးခြင်းမသိရသည့်တိုင်အောင်

ဝိညာဉ်တော်၏အလုပ်ကို မပယ်ချွတ်ပါနှင့်။ ဘုရားသခင်၏ ဂတိတော်များ တကယ့်ခံစားစေရန် ဝိညာဉ်တော်သည် ဦးဆောင်လမ်းပြလိမ့်မည်ကို ယုံကြည်စိတ်ချအားကိုးပါ။

နေ့အချိန်ကုန်ဆုံး၍ ရောက်လာသကဲ့သို့ အခြားသောအသိဉာဏ်အားဖြင့် သိခြင်းအရာအားလုံး ဝိညာဉ်ပကတိသိခြင်းဖြင့် အစားထိုးလိမ့်မည်။ ဤထာဝရအရာကို လိုက်လျှောက်ဖို့ရန် သင့်ကိုအရှုံးအဖြစ်စေသော ကြောက်ရွံ့စေသော အပဟန့်အတားများကို အခွင့်မပေးပါနှင့်။

ဤနှစ်သက်ဖွယ်ကောင်းသော နိမိတ်လက္ခဏာများဖြစ်ပျက်လာသောအခါ ငြိမ်သက်ခြင်း၊ အတွင်းဝိညာဉ်တန်ခိုးရှိလာခြင်း၊ သင်၏ဝိညာဉ်ပျော်ရွှင်လာခြင်းကို ထင်ရှားစွာသိမြင်လာလိမ့်မည်။ ဤသုခချမ်းသာ ခြင်းထဲသို့ဝင်စားလျှင် သင်၏ကြိုးစားလုပ်ဆောင်မှု၏ အကျိုးကိုကောင်းမွန်စွာ တွေ့ရလိမ့်မည်။ သို့သော်လည်း ယခုမှာမူတခြားလူများထံသို့ ဤနက်နဲသောအရာ ပေးကမ်းထုတ်လွှတ်နိုင်ရန်သင်ယူရမည်။



# အခန်း (၄)
# ဝိညာဉ်တော်နှင့်ပြည့်ဝသော်လည်းတားဆီးပိတ်ပင်ခံရခြင်း

ဝိညာဉ်တော်နှင့်ပြည့်ဝ နေချိန်မှာပင်လျှင် ရှုံးနိမ့်ပျက်ပြားခြင်း ရှိနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းကိုသူတစ်ပါးထံသို့ မဝေငှခြင်းကြောင့်ဖြစ်သည်။ ဤသို့ဖြစ်ခြင်းသည် **ကျွန်တော်တို့ဦးနှောက်အတွေးကို** နှောင့်ယှက်ဖို့ရန်စာတန်၏ တန်ခိုးအောက်၌ကျရှုံးခြင်းဖြစ်ပြီး သန့်ရှင်းသောဝိညာဉ်တော် မထိုးထွင်းနိုင်ရန် တားဆီးစေသည်။ ထို့ကြောင့် သမ္မာသတိရှိကြလော့ (၁ပေ၊ ၄း၇)။

ကျွန်တော်တို့၏ အတွေးများကိုအခြားသော အတွေးများအားဖြင့် လွှမ်းမိုးနိုင်သော်လည်း၊ ၎င်း၏အရင်းအမြစ်ကြီးသုံးခုကို သေချာစွာစောင့်ကြည့် လေ့လာဆင်ခြင်လျှင်၎င်း၊ အတွေးများသည် ကျွန်တော်တို့ကို ပိုမိုရှင်းလင်းစွာ သိမြင်စေပါသည်။ စာတန်၏အဓိကရည်ရွယ်ချက်သည် ရှုပ်ထွေးစေရန်နှင့် အာရုံပျံ့လွင့်စေရန်ဖြစ်သောကြောင့် သူ၏အကြံစည်များကို လစ်လျူမရှုသင့်ပေ (၂ကော၊ ၂း၁၁)။ ဤစစ်ပွဲ၌ ဇာတိပကတိလက်နက်သည် မအောင်မြင်နိုင်သောကြောင့် စာတန်၏နည်းဗျူဟာကို အောင်မြင်နိုင်သော ဝိညာဉ်ပကတိ လက်နက်များကို အသုံးပြုကြရမည် (၂ကော၊ ၁၀း၄)။

ပထမကျွန်တော်တို့စောင့်ကြည့်ရမည့်အချက်မှာ **နေ့စဉ်ကိစ္စအဝဝ** ဖြစ်ပြီး၊ ၎င်းတို့တွင် ကျွန်တော်တို့အတွေး၊ ရတ်တရက်လုပ်ဆောင်ချက်၊ လုပ်ငန်းတာဝန်၌ ပါဝင်ခြင်း၊ ကျွန်တော်တို့အလုပ်၊ ကိုယ့်မိသားစုနှင့် အခြားလုပ်ဆောင်ချက်များပါဝင်သည်။ ဤအချက်များဖြင့် **ကျွန်တော်တို့ အတွေးများကို လုံးဝလွှမ်းမိုး** သွားမည်ကို စိုးရိမ်စရာရှိသည်။

ယေရှုက (မာကု၊ ၄း၁၅)တွင် "ဤလောကကို ဂရုစိုက်ခြင်းသည် နှုတ်ကပတ်တော်ကို အတားအဆီးဖြစ်စေသည်ဟု ပြောထားပါသည်။ ထို့ကြောင့် အသီးကို စောင့်ရှောက်ကြလော့ (မဿဲ၊ ၁၃း၂၂)။ စာတန်သည် တရားဝင်သောအရာနှင့် လိုအပ်သောအရာများအားဖြင့် ကျွန်တော်တို့ ဦးနှောက်အတွေးကို တားဆီးရန် ရှာဖွေလေ့ရှိသည်။ ကျွန်တော်တို့၏ အခွင့်အရေးနှင့်လွတ်လပ်စွာ ပေါင်းသင်းဆက်ဆံရေးတွင် ရန်တွေ့စေရန် နှလုံးသားများကို နှိုးဆော်လေ့ရှိသည်။

ထို့ကြောင့် ဝိညာဉ်ပကတိအတိုင်း လိုက်လျှောက်၍ စာတန်၏တားဆီးမှုများမှ ဦးနှောက်ကို လွတ်လပ်စေကာ နှလုံးသားတံခါးဖွင့်၍ ယေရှု၏တိုက်တွန်းလှုံ့ဆော်မှုကိုလက်ခံပါက များမကြာမီသူသည် သင့်အားဖြင့်အမှုပြု၍ အံ့သြဖွယ်ကောင်းသော ဝမ်းမြောက်ခြင်းကို သင်တွေ့ရှိရလိမ့်မည်။

ယခုဝိညာဉ်တော်နှင့်ပြည့်ဝဖို့ရန် သင့်ဦးနှောက်ကို လွတ်လပ်ခွင့်ပေးပါ။ သို့သော်လည်း အခြားသောတားဆီးမှုရှိနေသေးကြောင်းကိုသတိပြု၍ ၎င်းကိုဖယ်ရှားလိုက်ပါ။



အချို့ယုံကြည်သူများသည် အတွေးများကွဲကြေလောက်အောင် ဤအဖြစ်မျိုးမိမိအနီးအပါးတွင်ရှိကြောင်းကို မသိတတ်ကြချေ။ အကယ်၍သေချာစွာ ဆုတောင်းစစ်ဆေးခြင်းမပြုပဲ ဦးဆောင်မှုများအတိုင်း လိုက်လျှောက်ပါက **သူစိမ်း၏ခေါ်သံ** နောက်သို့ အန္တရာယ်ကြုံတွေ့နိုင်သည်။ အကယ်၍ ဤအချိန်မျိုးတွင် ကောင်းစွာသဘောပေါက်ခြင်းမရှိပါက ကောင်းသောသိုးထိန်း၏ သတိပေးခြင်းကိုမသိပဲကျရှုံးတတ်သည် (ယောဟန်၊ ၁၀း၅)။ ဒါဖြင့်ကျွန်တော်တို့ ရန်သူကိုဘယ်လိုသိနိုင်မလဲ။

ကျွန်တော်တို့၏ ရန်သူကိုသူ၏အသံ၊ သူသုံးသောနည်းဗျူဟာနှင့်နောက်ဆုံး၌ သူသုံးသောစကားလုံးများ ကျွန်တော်တို့ ဝိညာဉ်ပေါ်သို့ သက်ရောက်ခြင်းအားဖြင့်သိနိုင်ပါသည်။ ရန်သူသည် မဖြေရှင်းနိုင်သော ပြဿနာပြုရန် **ရန်လိုကျူးကျော်ခြင်း** သို့တွန်းပို့ခြင်း ကျမ်းစာကိုပင်ကိုးကား အသုံးပြုလေ့ရှိသည် (မဿဲ၊ ၄း၆)။ သင့်ကို **စွပ်စွဲပြစ်တင်** လိမ့်မည်။ ဥပမာ ဘုရားကျောင်းသွားခြင်း၊ ကျမ်းစာဖတ်ခြင်းတို့သည် အချိုးနှီးဖြစ်ပြီး၊ သင့်ဆုတောင်းခြင်းလည်း ဟန်ဆောင်နေခြင်းဖြစ်သည်ဟု ပြစ်တင်လိမ့်မည် (ဗျာဒိတ်၊ ၁၂း၁၁)။ သင့်ကိုအဆက်မပြတ် ဒုက္ခပေးခြင်း၊ ဂဏာမငြိမ်အောင် သံသယရှိစေခြင်း၊ ခက်ခဲသောဖိစီးမှုစသည်ဖြင့် **သင့်စိတ်ကိုပူပန်စေလိမ့်မည်။**

ဟုတ်ကဲ့၊ သူစိမ်း၏အသံဖြင့်စွပ်စွဲခြင်း၊ ရက်စက်ခြင်း၊ ဗိုလ်ကျခြင်းစသည်တို့ကို ခုခံစောင့်ရှောက်ပါ။ သိုးထိန်း၏အသံထက် သားသတ်သမား၏အသံကိုနားမထောင်ပါနှင့်။

စာတန်အသုံးပြုသော နည်းဗျူဟာမသိသော်လည်း **မတော်လှန်ပဲမနေပါနှင့်** ယေရှုကဲ့သို့စာတန်ကို လှုပ်ရှားတွန်းလှန်ပါ (လုကာ၊ ၄း၈)။ သူ့ကိုငြင်းခုံခြင်းမပြုပဲ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဓါးကဲ့သို့အသုံးပြုပါ (ဧဖက်၊ ၆း၁၇)။ သူသည်ရှုံးပြီးသော ရန်သူဖြစ်ကြောင်း (၁ယော၊ ၃း၈)၊ သင်သည်ခရစ်တော်၌ အောင်မြင်သူဖြစ်ကြောင်း (ကောလော၊ ၃း၃)၊ သင်သည် ခရစ်တော်နှင့်အဘယ်အရာကမျှ မခွဲခွာနိုင်ကြောင်း (ရောမ၊ ၈း၃၅-၃၉) သူ့ကို အသိပေးပါ။ သင့်အတွက် ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် **သင်၏လုပ်ဆောင်မှု၌မတည်ပဲ** ခရစ်တော်၏ပြည့်စုံသော မေတ္တာတော်၌တည်ကြောင်း ရန်သူကိုပြောပါ

(ဖေက်၊ ၁း၆)။ သူ၏နောက်ဆုံး ပျက်စီးခြင်းနှင့် တရားစီရင်ခြင်း ရောက်လာမည်ဖြစ်ကြောင်း (ဗျာဒိတ်၊ ၂၀း၁၀) ကိုအသိပေးပါ။

သင်၏ယုံကြည်ခြင်းသည် သိုးထိန်း၏အသံတော်ကိုသာ နားထောင်မည်ဖြစ်ကြောင်း ကျယ်လောင်စွာဖွင့်ပြောပါ။ လက်ဝါးကပ်တိုင်၏ တန်ခိုးကြောင့် ကြားသူစိမ်း၏အသံကို ငြင်းဆန်ကြောင်းသိစေပါ။ အကယ်၍လိုအပ်လျှင် သင်နှင့်အတူ အခြားယုံကြည်သူများအား ဆုတောင်းအကူအညီခံယူပါ။ သို့သော် အားလုံးတိုက်ခိုက်ပေးမည်ဟုမခံယူပဲ သင်ကိုယ်တိုင် ဆက်လက်လှုပ်ရှား တိုက်ခိုက်ရမည်ဖြစ်ကြောင်းသတိပြုပါ။

ယခုတတိယစောင့်ကြည့်ရမည့်အချက်သည် စာတန်လှုပ်ရှားမှု အားလုံး၏အကြောင်းရင်းဖြစ်သည်။ သင့်သိုးထိန်း၏အသံကို တီးတိုးနည်းပါးလာပြီး ကွယ်ပျောက်လာစေရန် နှောင့်ယှက်လိမ့်မည် (ယောဟန်၊ ၁၀း၃-၄)။ ကြမ်းတမ်းသောစာတန်၏အသံနှင့် မေတ္တာပြည့်ဝလျက် နူးညံ့သိမ်မွေ့သော ယေရှုခေါ်သံသည် တိုက်ရိုက်ဆန့်ကျင်နေသော်လည်း **၎င်းအသံကိုသင်လွယ်ကူစွာလစ်လျူရှုနိုင်ကြောင်း** သတိပြုရမည်။

သင့်ကိုရန်လိုနှောင့်ယှက်သော အသံအားလုံးကို ငြိမ်းစေပြီးလျှင် သိုးထိန်း၏ နူးညံ့သောအသံကို ပြန်လည်တုံ့ပြန်ရန်သင်ယူပါ။ သူ၏စိမ်းလန်းသောစားကျက်မြေသို့ သင့်ကိုပို့ဆောင်၍ သူ၏ကြည်လင်သောစမ်းရေဖြင့် သင့်ကိုပြန်လည်းလန်းဆန်းစေလိမ့်မည်။ သူ၏မျက်မှောက်တော်၌ သင့်ကိုနှစ်သိမ့်၍ ခက်ခဲသောပတ်ဝန်းကျင်နှင့် မှောင်မိုက်သောခရီးတစ်ခုလုံး သင့်ကိုဦးဆောင်လိမ့်မည်။ သင်၌တောင့်တစိုးရိမ်မှုမရှိပဲ (ဆာလံ၊ ၂၃း၁)၊ စိမ်းလန်းသောစားကျက်မြေ (၂၃း၂)၊ ငြိမ်သက်သောစမ်းရေ (၂၃း၂) အားအင်ပြန်လည်ပျိုးထောင်ခြင်း (၂၃း၃) သူ၏လက်တော်ဖြင့် ဦးဆောင်စိတ်ချမှု (၂၃း၃)နှင့် ပြည့်စုံသော စိတ်နှလုံးငြိမ်သက်ခြင်း (၂၃း၄) များကိုခံစားရလိမ့်မည်။

ထိုသို့ဆိုသော် ကျွန်တော်တို့ ဦးနှောက်ထဲ၌နာခံဖို့ရန်ထားရှိသော အတွေးမှန်သမျှကို ကျမ်းစာဖြင့်စစ်ဆေးမေးမြန်းခြင်းမပြုပဲ လိုက်လျှောက်ရမည်လော၊ လိုက်လျှောက်ရန်မဟုတ်ပါ။ သို့သော်လည်းသော့တံသည် သော့ခလောက်နှင့်ကိုက်ညီသကဲ့သို့ မိမိပတ်ဝန်းကျင်နှင့် ပေါင်းသင်းဆက်ဆံရေးကိုက်ညီ၍



သမ္မာကျမ်းစာအချက်လက်နှင့်လည်း ကိုက်ညီပါက ယုံကြည်ခြင်းဖြင့်သော့ကိုဖွင့်၍ နှုတ်တော်ထွက်စကားကို နာခံရမည်။

သို့သော်သတိပေးစကားတစ်ခုမှာ - သော့ဖွင့်သောအခါ ကြမ်းတမ်းစွာအားအင်နှင့် တွန်း၍မဖွင့်ရပါ အဘယ့်ကြောင့်ဆိုသော် တံခါးဖွင့်ရန်ဘုရားသခင်ပို့ဆောင်သောအခါ ပတ္တာပေါ်၌ဆီများရွှဲနေသောကြောင့် အဘယ်သူမျှ သင့်ရှေ့မှာတံခါးကိုစောင့်၍ မပိတ်နိုင်ရာ (ဗျာဒိတ်၊ ၃း၈)။

ယေရှုသည် ခမည်းတော်နှင့်နေ့စဉ်ဆက်နွယ်ရာတွင် အမြဲနိုးကြားလျက်အတွင်းဝိညာဉ်အသံတော်ကိုနားထောင်၍ လျှောက်လှမ်းခဲ့သည်။ ယေရှုက ငါသည်ကိုယ်အလိုအလျှောက် အဘယ်အမှုကိုမျှမပြုနိုင်။ ငါသည်ကြားသည်အတိုင်းတရားစီရင်၏။ ငါစီရင်ခြင်းသည်လည်း တရားတော်နှင့် ညီညွှတ်၏ဟု (ယောဟန်၊ ၅း၃၀)တွင် ဆိုထားပါသည်။

ကျွန်တော်တို့သည် ဝိညာဉ်ပကတိအတိုင်း အသက်ရှင်သကဲ့သို့ ဝိညာဉ်တော်၏ လမ်းပြမှုသည်လည်း ကြီးထွားများပြားလာလိမ့်မည် (ရောမ၊ ၈း ၁၄)။ စာတန်၏ကျွန်မှလွတ်မြောက်ခဲ့သော သား/သမီးတို့သည် လွတ်လပ် ဝမ်းမြောက်ခြင်းနှင့် လွတ်လပ်စွာခရစ်တော်အတွက် အသက်ရှင်ရန်ဖြစ်သည်။

သို့သော်လည်း သင့်ဝိညာဉ်ငြိမ်သက်ခြင်းမရှိပဲ လေးလံနေလျှင်ဆုတောင်းခြင်းဖြင့် သင့်အခြေအနေကို ပြန်လည်သုံးသပ်ပါ။ ယုံကြည်ခြင်း ဖြင့်ခြေလှမ်းရာ၌ သင့်ကိုထောက်ပံ့ကူညီသော ယုံကြည်သူညီအစ်ကိုတို့ကိုဝေငှ၍ ဝိညာဉ်တော်နှင့်ပြည့်ဝသော ဆုတောင်းခြင်းမျိုးကိုခံယူပါ။

မှန်ကန်စွာပြုလုပ်ခြင်းအမှု၌ ဘုရားသခင်သည် အဘယ်တော့မှသင့်ကိုပြစ်တင်လိမ့်မည်မဟုတ် (ယာကုပ်၊ ၁း၅)။ တဖန်တုံယေရှုက ငါ့နောက်သို့လိုက်သောသူသည် မှောင်မိုက်၌မသွားမလာ၊ အသက်၏လင်းကို ရလိမ့်မည် (ယောဟန်၊ ၈း၁၂)ဟု မိန့်တော်မူ၏။ ဘုရားသခင်၏ စကားတော်သည် သင်၏ပြဿနာထဲ၌ **အလင်းတန်း** ကို အမြဲပို့ဆောင်လိမ့်မည်။ အလင်းသည်စိတ်ချမှုပေးရုံသည်သာမက သင့်ဝိညာဉ်ကို **မစခြင်း** ပေးတော်မူလိမ့်မည်။ ထိုသို့ **အလင်းတရား**ကိုနာခံ၍ ၎င်း၏မစခြင်းကြောင့် ရဲရင့်ခြင်းသတ္တိရရှိလာပြီး အံ့သြဖွယ်ကောင်းသော **လွတ်ငြိမ်းချမ်းသာခြင်း** သို့ရောက်ရှိလိမ့်မည်။

ထိမ်းချုပ်မှုအောက်၌ရှိသောတန်ခိုးသည် လုံခြုံမှုတန်ခိုးဖြစ်သည်။ သင်၏ခံစားမှုကိုက်ညီ၍ ကြည်လင်သောအတွေးရှိပြီး ဝိညာဉ်တော်နှင့် ပြည့်ဝခြင်းသည် ဆာငတ်သောလူသားထံသို့ ယေရှုပြောသောအသက်စမ်း ရေစီးဆင်းစေခြင်းဖြစ်သည် (ယောဟန်၊ ၇း၃၈)။

ယခုတွင်ငြိမ်ဝပ်စွာ မောပန်းနွမ်းနယ်ခြင်းမရှိပဲ ဘုရားသခင် အတွက် လုပ်ဆောင်ရမည် (ဟေဗြဲ၊ ၄း၉-၁၀)။ ဘုရားသခင်၏ လူများအကြားတွင် ကြေကွဲနေသူများအားသနားခြင်း၊ ချစ်ခြင်းမေတ္တာနှင့် အမှုတော်ဆောင်ရမည်။ ငတ်မွတ်သောကာလကိုမေ့လျော့၍၊ ကန္တာရဒေသကိုကြွယ်ဝသော ဥယျာဉ်ခြံဖြစ်စေပြီ (ဟေရှာ၊ ၃၅)။ သခင်၏ရွေးနှုတ်ခြင်းသို့ ပြန်လာကြ၍ သူတို့၏ခေါင်းတော်၌ ထာဝရပျော်ရွှင်ခြင်း သီချင်းနှင့်အတူဇိအုန်သို့လာကြပြီ။ ဝမ်းနည်းခြင်းများကွယ်ပျောက်ကာ ဝမ်းမြောက်ကြည်နူးခြင်းကိုရရှိခဲ့ကြပြီ။

ဘုရားသခင်၏ ချစ်ခြင်းမေတ္တာဖြင့်ဆွဲဆောင်၍ လောကီသားများ ချဉ်းကပ်လာကာ ဘုရားသခင်၏ကောင်းမြတ်ခြင်း၌ ပျော်ရွှင်ခြင်းဖြစ်စေသည်။ ချစ်စဖွယ်ဖြစ်ခဲ့သောဇာတိလူပျောင်းကို ကြည်နူးဖွယ်ရာလူသစ်ကြောင့် တားဆီးပိတ်ပင်မှုဖြစ်စေသည်။ လူငယ်များသည် သက်ကြီးသူများကိုရိုသေပြုစုလျက်ရှိသည်။ ယေရှု၏မျက်မှောက်တော်၌ သူ၏လူများလွတ်ခြင်းအခွင့်သည် ကလေးငယ်များပင်လျှင် ညှိတွယ်လျှက်ရှိသည်။

ဆောင်းကာလလွန်ပြီ။ မိုးလည်းကြည်လင်ပြီ။ မြေကြီးပေါ်မှာ ပန်းများပွင့်ကြပြီ။ ငှက်တို့မြည်တွန်ချိန်လည်းရောက်လေပြီ။ ငါတို့မြေ၌ ချိုးငှက်တွန်သံကိုလည်းကြားရ၏။ သင်္ဘောသဖန်းပင်သည် စိမ်းလန်းသောအသီးကို မှည့်စေ၏။ စပျစ်နွယ်ပင်လည်းပွင့်လျက်မွှေးကြိုင်၏။ ငါချစ်သောနှမ၊ ငါ၏မိန်းမလှထ၍လာခဲ့ပါဟု (ရှောလမုန်၊ ၂း၁၁-၁၃)ယေရှုသည် သူ၏လူများအကြားတွင် ကျိန်းဝပ်လျက်ရှိ၏။

ဟုတ်ကဲ့၊ ဝိညာဉ်ပကတိအတိုင်းလျှောက်လှမ်းခြင်း၊ တားဆီးမှုဦးနှောက်အတွေးကိုကာကွယ်ခြင်း၊ လှုပ်ယမ်းနေသောအတွေးများချုပ်ထိန်း ခြင်းစသည့်အားလုံးသည်ထိုက်တန်ပေ၏။ စိတ်ဓါတ်ကျနေသော သူများအတွက် ကျေနပ်စေဖို့ရန် သင့်အထဲမှအသက်စမ်းရေသည် ယခုစီးဆင်းနိုင်လျက်ရှိ၏ (ယောဟန်၊



# အခန်း (၅)
## လှုပ်ယမ်းနေသော ခံစားမှုများကိုထိန်းချုပ်ခြင်း

ဝိညာဉ်ပကတိနှင့်လည်းပြည့်ဝ၊ ဦးနှောက်လည်းကြည်လင် သော်လည်း ဆက်လက်ကျန်ရှိသော ပြဿနာမှာသင်၏ခံစားချက်များ ညီမျှအောင်ထိန်းသိမ်းခြင်းဖြစ်သည်။ ဘုရားသခင်ကသူ၏လူတို့ကို အကြံပြုသည့်အရာမှာ "ငြိမ်ဝပ်စွာနေခြင်း၊ ယုံကြည်စိတ်ချခြင်းသည် သင်၏ခွန်အားဖြစ်လိမ့်မည် (ဟေရှာ၊ ၃၀း၁၅)၊ သို့သော်မစောင့်ရှောက်လျှင်၊ သင့်စိတ်အခြေအနေပြောင်းလဲခြင်းသည် ကမ်းခြေပင်လယ်လှိုင်းစီးသကဲ့သို့ တက်လိုက်ကျလိုက်ဖြစ်နိုင်ပါသည်။

| ကျဆင်းခြင်း၏ ဘေးအန္တရယ် | ပျော်ရွှင်ကြည်နူးခြင်း | မြင့်တက်ခြင်း၏ ဘေးအန္တရာယ် |
|---|---|---|
| | ငြိမ်ဝပ်ခြင်းနှင့်ယုံကြည်စိတ်ချခြင်း (ဟေရှာ၊ ၃၀း၁၅) | |
| | စိတ်ဓါတ်ကျခြင်း | |

စာတန်၏ပထမတိုက်ခိုက်ခြင်းသည် သင်၏ခံစားချက်များကို စိတ်ဓါတ်ကျဆင်းခြင်းသို့ တွန်းပို့ခြင်းဖြစ်သည်။ သူသည်လူများ၊ ပြဿနာများနှင့်ဖိအားအမျိုးမျိုးကို အသုံးပြု၍ဝိညာဉ်တော်၏ လွတ်ခြင်းအခွင့်ကို တားဆီးရန်ဖန်တီးလေ့ရှိသည်။ အကယ်၍သင်သည် ဤအခြေအနေတွင် ချက်ခြင်းကုသ မကယ်တင်လျှင်များမကြာမီသင်သည် အတွေးနှင့်ခံစားမှုညှိုးနွမ်းကာ၊ ခန္ဓာကိုယ်ခြောက်သွေ့လာပြီး၊ သနားဖွယ်ကောင်းစွာလူးလိမ့် နေရပေလိမ့်မည်။

သင့်ဖြစ်စဉ်တခုလုံးကို သန့်ရှင်းသောဝိညာဉ်တော်ထံသို့ ဖွင့်ပြပါက အဘယ် အရာ၌သူ့ကိုဝမ်းနည်းစေကြောင်း (ဧဖက်၊ ၄း၃၀)သိမြင်လာပြီးပြုပြင်နိုင်မည်ဖြစ်သည် (ဆာလံ၊ ၁၃၉း ၂၃-၂၄)။ စိတ်ဓါတ်ကျခြင်း အကြောင်းရင်းများစွာထဲမှအဓိကတခုမှာ ဒုစရိုက်ကျူးလွန်ခြင်းကို မဖြေရှင်းပဲထားခြင်းဖြစ်သည် သို့သော်ယေရှု ခရစ်သွန်သင်ချက်နည်းလမ်းသည် ဒေသအလိုက်ကွဲလွဲမှုရှိ သော်လည်းသတိပြုရမည်။ ဒုစရိုက်ကျူးလွန်မှုကို အတွင်းရှိလူထုရှေ့မှောက်၌ ဖော်ပြခြင်းသည် **ပထမဆုံးအဆင့်မဟုတ်ပဲ** နောက်ဆုံးအဆင့်ဖြစ်ရမည် (မဿဲ၊ ၁၈း၁၅-၁၇)။

အကယ်၍နောင်တရ၍ အပြစ်ကိုပယ်ရှားလျက် ဝန်ချတောင်းပန်ပြီးနောက်တွင် လေးလံသောခံစားချက် ကျန်ရှိတတ်သည်။ ထိုအရာသည် **အပြစ်များယွင်းမှုပင်** ဖြစ်နိုင်ပါသည်။ ဘုရားသားတော် ယေရှုခရစ်၏ အသွေးတော်သည် ဒုစရိုက်အတွေးကို မစင်ကြယ်နိုင်ပါ (၁ယော၊ ၁း၉)။ သို့သော်ခရစ်တော်၏ အောင်မြင်ခြင်းကို သင်၏ယုံကြည်ခြင်းဖြင့် ကြွေးကြော်ပါကစာတန်၏ စွပ်စွဲချက်များကို ရပ်ဆိုင်းစေနိုင်ပါသည် (ဗျာဒိတ်၊ ၁၂း၁၀-၁၁)။ ထို့ကြောင့် မရေရာသံသယဖြစ်အောင် ခံစားစေသောဝိညာဉ်ဆိုးများကို ခုခံတိုက်ခိုက်လိုသည့် ဝိညာဉ်ရေးရာရင့်ကျက်သော ညီအစ်ကိုများကိုရှာ၍ အကြံပြုအကူအညီ တောင်းခံပါ။

ဤသို့နာခံခြင်းဖြင့် လုပ်ဆောင်မှုတိုင်းတွင် သန့်ရှင်းသောဝိညာဉ်တော်၏ ခွင့်ပြုကိုက်ညီခြင်းပါဝင်တတ်ပြီး (တမန်၊ ၅း၃၂)၊ သင်သည် ဆက်လက်၍ စိတ်ဓါတ်ကျခြင်းကို ချိုးဖဲ့လွတ်လပ်စေသော ခြေလှမ်းစီသို့ဆက်လှမ်းရမည်။

**ချီးမွမ်းခြင်းသည် ကြီးစွာသောတန်ခိုးဖြစ်သည်။** ၎င်းဖြင့်စိတ်ဓါတ်ပျက်ပြားစေသော ဝိညာဉ်ဆိုးနှင့်သင့်အနီးရှိအာကာသ လေထုကိုသန့်ရှင်းစေသည်။ သင့်ဝိညာဉ်အတွက်လည်းကောင်းကြီးဖြစ်စေပြီး (ဆာလံ၊ ၁၄၉)၊ ဘုရားသခင်သည် ချီးမွမ်းခြင်းကို နားထောင်ကျေနပ်အားရ၍ ပြန်လည်တုံ့ပြန်လေ့ရှိသည် (၂ရာဇဝင်၊ ၂၀း၂၂-၂၅)။

ဝတ်ပြုကိုးကွယ်ခြင်းသည် အံ့ဩဖွယ်ရာများဖြစ်စေသည်။ ဘုရားသခင်၏ ဂုဏ်တော်ကို သင်ထင်ရှားစေခြင်းသည် သင့်အတွက်ကောင်းမှုပြုခြင်းဖြစ်သည်။ ဝတ်ပြုကိုးကွယ်ခြင်းသည် ဘုရားသခင်အတွက် လူ့နှလုံးသားထဲ၌ ချစ်ခြင်းမေတ္တာ သွန်းလောင်းခြင်းဖြစ်သည်။ သို့သော် သတိမမူတတ်သောအရာမှာ ဘုရားထံသို့ ဂုဏ်တော်အားလုံးအပ်နှင်းခြင်းသည် အပ်နှင်းသောသူထံသို့ ပြန်လည်ကျရောက်တတ်ခြင်းဖြစ်သည် (၂ကော၊ ၃း၇-၁၈)။

**သင်၏ယုံကြည်ခြင်းကို ဝန်ခံခြင်းဖြင့်တောင်များရွေ့စေလိမ့်မည်။** ယေရှုက "ဘုရားသခင်ကို ယုံကြည်ခြင်းရှိကြလော့" (မာကု၊ ၁၁း၂၂)။ ဘုရားသခင်၌ ယုံကြည်ခြင်းမျိုးသည် **ယုံကြည်** ခြင်းဖြင့်ပြောဆိုခြင်းဖြစ်သည်။ ယေရှုက ဤသုံးနေရာ၌ (၄ယ်၊ ၂၃) ကျွန်တော်တို့ ဝန်ခံသောအရာကို ပိုင်ဆိုင်ရမည်ဟုဆိုထားသည်။



သင့်ဝိညာဉ်အား "ဘုရားသခင်ကိုမျှော်လင့်လော့" (ဆာလံ၊ ၄၂)ဟု ဆိုပြီးထ၍ လှုပ်ရှားလော့။ သင့်ခံစားမှုကို လစ်လျူရှုပြီး၊ ငြိမ်ဝပ်ခြင်းနှင့် ယုံကြည်စိတ်ချခြင်းသို့ လိုက်လျှောက်လော့ (ဟေရှာ၊ ၃၀း၁၅)။ သို့သော်လည်း စာတန်၏ဒုတိယမြောက် တိုက်ခိုက်မှုကို သတိပြုလော့။ ဘေးအန္တရယ်များလာမည်။ အဘယ်ကြောင့်ဆိုသော် သင်သည်အောင်မြင်လာကြောင်းကို စာတန်သိမြင် လာသောအခါ ဒုက္ခဖိစီးမှုကိုအဝေးသို့လျှင်မြန်စွာ ယူဆောင်သွားပြီး **ပျော်ရွှင်ကြည်နူးခြင်းတွေ့ရှိသည်တိုင်အောင်** သင့်ကို ကောက်ကျစ်သောနည်းဖြင့် လမ်းပြလိမ့်မည်။

သတိပေးချက်များစွာထဲမှ အဓိကအားဖြင့်ရိုးသားဖြူစင်ခြင်း (တိတု၊ ၂း၆-၈) အစား မိုက်မဲစွာရွတ်တိုက်ခြင်း (ဧဖက်၊ ၅း၄)ဖြစ်သည်။ ဟာသလုပ်ခြင်းသည် ကောင်းသော်လည်း မထီလေးစားမှုဖြစ်တတ်သည်။ ဦးခေါင်းရှုပ်ထွေးအောင် စကားပြောခြင်းသည် သံသယဖြစ်ခြင်းနှင့် အန္တရာယ်ကျရောက်စေတတ်သည် (ရောမ၊ ၂၆း၁၈)။

ဤအဖြစ်မျိုးကို လျင်မြန်စွာမပြုပြင်ပါက ပျက်စီးခြင်းထဲသို့ ပို့ဆောင်တတ်သည်။ ယုံကြည်သူတစ်ဦးပျော်ရွှင်ကြည်နူးလာသောအခါ လွယ်ကူစွာဧဝံဂေလိပြုခြင်း (သို့) သာသနာကွင်းသို့ သွားခြင်းနှင့်ယုံကြည်ခြင်းဖြင့် အသက်ရှင်ခြင်းသို့ပို့ဆောင်တတ်သည်။

ယုံကြည်သူတစ်ဦးသည် စာတန်၏လှည့်ဖြားခြင်းကြောင့် ဦးနှောက်မှတ်ဉာဏ်ချွတ်ယွင်းလာကာ ကိုယ်ကျိုးအတွက် ခေါင်းပုံဖြတ်ခြင်း၊ ဝမ်းနည်းကြေကွဲဖွယ်ကောင်းသော အမှားအယွင်းများပြုတတ်လေ့ရှိသည်။

ဤဖြစ်ရပ်များ သင်သိရှိပြီးဖြစ်သောကြောင့် လိမ္မာပါးနပ်စွာလှုပ်ရှား၍ ၎င်းအဖြစ်အပျက်မှ ချက်ချင်းငြိမ်သက်စေရမည်။ သင်၏ခံစားချက်ကို ဝမ်းမြောက်ခြင်းဖြင့် အဆုံးသတ်စေပါ။ ဝိညာဉ်တော်ဖြင့်မမူးပဲ ဘယ်လိုဝိညာဉ်တော်နှင့် ပြည့်ဝနိုင်မလဲဆိုတာကိုလေ့လာပါ။ ဟုတ်ကဲ့ (တမန်၊ ၂း၁၂-၂၁)၏ အံ့ဩဖွယ်များကို အားပေးသဘောပေါက်ရမည်။ သင်ရှောင်ရှားလစ်လျူရှုပြီးခဲ့သော လုပ်ငန်း၏ စိန်ခေါ်မှုနှင့် အချို့ပြဿနာတို့၏ မွေနှောက်ခြင်းတို့ကိုလည်းစွန့်လွှတ်ပြီး သင်၏ ခံစားမှုကိုလုံခြုံစွာနှင့် ငြိမ်သက်စွာထိမ်းချုပ်နိုင်ခြင်းအားအင်ရှိသောအရပ်၌ အသက်ရှင်ရပ်တည်ပါ။

သင်၏ ယုံကြည်ခြင်းကို ထုတ်ဖော်ခြင်းနှင့် ဇာတိကို ရင်ဆိုင်ရာအရပ်ကို စေ့စပ်စွာ ကြည့်ပါ။ ယေရှု ယခုတွင်သင်၏အသက်သည် ကျွန်ုပ်အားနည်းခြင်းအရာ၌ အစား ထိုးပြီးဖြစ်သောကြောင့် ဤကျွန်ုပ်၏လူဟောင်းအစိတ်အပိုင်းကို ပြန်လည်ရှင်သန် ခွင့်မပေးတော့ပေ။ ခရစ်တော်နှင့်အတူသေခြင်းသည် အဓိကအချက်ဖြစ်သည် (ကောလော ၊ ၃း၁၄)။ သင်၏ယုံကြည်ခြင်းကိုလျော့ပါးစေသော ခံစားချက်များကို အခွင့်မပေးနှင့်။ ထိုသို့ပြုရင်းဆုံးရှုံးမှုတွေ့ခဲ့ရရင်တောင်မှ မကွဲပြားမခြားနားသော အချက် ကျန်ရှိတတ်သည်။

သင်၏ပတ်ဝန်းကျင်၌ အကင်းပါးသောရန်သူများသည် ခြေကုတ်အနိုင် ယူရန်သွားလာလျက်ရှိသောကြောင့် သင်၏စောင့်ကြည့်ခြင်းကို မရှေ့လျော့စေရန် **သတိပြုလော့။** ဝိညာဉ်တော်ပြည့်ဝနေသော ယုံကြည်သူကိုအနိုင်မယူနိုင် သော်လည်း ဒုက္ခပေးနိုင်ပါသည်။ ရန်သူတို့သည် မိုက်မဲစွာပြုခြင်း၊ လျင်မြန်စွာ ခေါင်းပုံဖြတ်ခြင်းပြုလိမ့်မည်။ အမျက်ထွက်ရာတွင် အပြစ်မရှိစေနှင့်။ အပြစ်မပြေပဲ နေမဝင်စေနှင့်။ မာရ်နတ်ကိုအခွင့်မပေးကြနှင့် (ဧဖက် ၄း၂၆)။ သင်၏အပြစ်ကို **သတိပြုမိလျှင် နောင်တရ၍** လျင်မြန်စွာယေရှု၏နာမ၌ **ခြေကုတ်ပြန်ယူပါ။**

သင်၏ကြိုးစားလုပ်ဆောင်မှုကြောင့် လူများကဘုရားဘုန်းတော်ကိုမမြင်ပဲ သင့်ကိုချီးမွမ်း၍ သင့်ဘုန်းထင်ရှားလာမည်ကို **သတိပြုလော့။** လက်ဝါးကပ်တိုင်၏ အောင်မြင်ခြင်းသည်သာလျှင် သင်ဂုဏ်ယူဝံ့ကြွားရမည်ဖြစ်ပြီး (၁ကော ၂း၂)၊ ဘုရားသခင်၌သာ သင်ဝါကြွားရမည် (၁ကော ၁း၃၁)။

သူတပါးထံသို့ သင့်အတွေ့အကြုံများ စိတ်ထဲမှာထင်ကျန်စေခြင်းမပြုမိရန် **သတိပြုလော့။** ဝိညာဉ်တော်၏ ဖွင့်ပြခြင်းအတိုင်း လိုက်လျှောက်ခြင်းသည် အလွန်ကြည်နူးဖွယ်ဖြစ်ပြီး (ရောမ၊ ၈း၁-၄)။ ဆိုးညစ်သောဇာတိပကတိ အကျင့် သည် ထုတ်ဖော်ပြသလျက်ရှိသည် (ရောမ၊ ၇း၂၃-၂၄)။ အမြဲတမ်းသူတစ်ပါး ကူညီရန်သတိရှိပါ။ သို့သော် ဘုရားသခင်နှင့် ထိုသူ၏ဆက်သွယ်မှုကိုမပျက်ပြား စေနှင့်။

ဘုရားသခင်နှင့်သူ၏ တန်ခိုးတော်၌ခိုင်ခံ့ခြင်းမရှိပဲ (ဧဖက် ၆း၁၀)၊ ဝိညာဉ်ရေးရာ စစ်တိုက်ပွဲ၌ပါဝင်သောအခါ သတိပြုလော့။ ကမ္ဘာပေါ်တွင် အကောင်းဆုံးသောလက်နက်သည် အတွင်းပိုင်းလက်နက်ဖြစ်သည်။ စာတန်နှင့်



၇း၃၈)။

ယခုတွင်ဒုက္ခနှင့်ပျော်ရွှင်ခြင်းကြောင့် သင့်ကိုနှောင့်ယှက်နိုင်သော အန္တရာယ်အချို့သတိပေးချက်များကို ဆက်ပြီးလေ့လာကြပါစို့။

## အခန်း (၆)
## ဒုက္ခခက်ခဲခြင်းများ၊ ဘေးအန္တရာယ်များနှင့် ပျော်ရွှင်ကြည်နူးခြင်းများ

**ဟုတ်ကဲ့**၊ ဒုက္ခပြဿနာနှင့် ဘေးအန္တရာယ်များရင်ဆိုင်တိုက်ခိုက်ရန် ရှိသော်လည်း တစ်ကြိမ်သင်အောင်မြင်မိလျှင် **အံ့သြဖွယ် ပျော်ရွှင်ကြည်နူးခြင်း** တွေ့ရလိမ့်မည်။

ဝိညာဉ်တော်နှင့်ပြည့်ဝ၍ အသက်ရှင်ခြင်းသည် လေးလံကြီးမားသော လှည်းဘီးလည်ပတ်ခြင်းနှင့်တူ၏။ အစ၌လည်ပတ်ရန်ခက်ခဲသော်လည်း၊ အရှိန်အဟုန်ရလာသောအခါ လျင်မြန်လာပြီး၊ ဆီဖြင့်စက်လည်ပတ်လာကာ၊ အားထုတ်မှုသည် အနည်းငယ်သာလိုအပ်လာသည်။ ထို့ကြောင့်အစဉ်ခက်ခဲမှုကို သတိပြု၍ စိတ်မပျက်ပဲ၊ ၎င်းအရာသည် အခြားသူအတွက်မဟုတ်ပဲ ကိုယ့်အတွက်သာ ဖြစ်သည်ကို သိ၍မမိုက်ပါနှင့်။

ဝိညာဉ်တော်နှင့်ပြည့်ဝခြင်း၌ သင်တိုးတက်လာသောအခါ သင့်အသက်တာ၊ သင့်ကမ္ဘာ၊ သင့်နေရပ်၊ သင့်အားကစား၊ သင့်ကြင်ဖော် စသည်တို့၏ ဖိအားသည် ပျောက်ကွယ်လာမည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်နှင့်သင်၏ ဆက်နွယ်မှုမှန်ကန်သောကြောင့်ဖြစ်သည်။ သင်၏အချိန်ရှိသမျှသည် ဘုရားအတွက် အလိုအလျောက်အသုံးပြုလာမည်။ ဤအရာသည် ကျမ်းစာက အနားယူခြင်းဟု ခေါ်ဆိုပြီး၊ ဝန်လေး၍ပင်ပန်းသော သူများအတွက် (မဿဲ၊ ၁၁း၂၈) ယေရှုပေးကမ်းသောချမ်းသာခြင်းပင်ဖြစ်သည်။

**နေစဉ်** ခရစ်တော်နှင့်အတူ သေကြောင်းကို ယုံကြည်ခြင်းဖြင့် သင်လက်ခံသောကြောင့် မကောင်းသော အတွေးများ၊ ပြန်လည်တုံ့ပြန်မှုများစသည့် ခံစားချက်များအောင်မြင်လိမ့်မည် (ရောမ၊ ၆း၁-၁၀)။ ဆက်လက်၍ ယေရှုထံသို့သင့်ဖြစ်စဉ်တခုလုံးကို ဆက်ကပ်အပ်နှံလျှင်၊ သူ၏ကောင်းသောအတွေးခံစားချက် တုံ့ပြန်မှုနှင့် သူ၏တန်ခိုးတော်များကို သင့်ထံထို့စီးဆင်းလာမည်ဖြစ်သည် (ရောမ၊ ၆း၁၁-၂၃)။ သို့သော် သတိပေးစကားရှိသည်။

အကယ်၍သင်သည် အတွေးခံစားချက်အားဖြင့် လွှမ်းမိုးမှုနည်းပါးသော



သူဖြစ်လျှင် ခရစ်တော်၏အသက်တာသည် သင့်အသက်တာထဲသို့ ရုတ်တရက်စီးဝင်လွှမ်းမိုးသောအခါ ရုတ်တရက်ထူးခြားစွာ ကြည်နူးစိတ်လှုပ်ရှားဖြစ်တတ်ခြင်းသည် အန္တရာယ်ဖြစ်စေတတ်သည်။

အကယ်၍သင်သည် အတိတ်၌နာကြည်းစရာ ပတ်ဝန်းကျင်(သို့) ကလေးဘဝ၌ရင်နာစရာ အမာရွတ်တို့ကိုစဉ်းစားတွေးတော ခံစားမှုဖြင့်လွှမ်းမိုးနေလျှင် သင်သည် စိတ်ပျက်စရာကြုံရလိမ့်မည်။ ထိုတွေးတောခံစားမှုသည် တဖြည်းဖြည်းကြီးထွားလာလျှင် သင့်ထဲသို့ခရစ်တော်၏ အသက်တာစီးဝင်ရန် တားဆီးရုံမက သင်ဂရုမစိုက်မိလျှင်၊ နောက်ပိုင်းတွင်စိတ်ဓါတ်ကျလာမည်။

စာတန်သည် ထိုကဲ့သို့သောအခက်အခဲများကို သင့်အသက်တာ၌ မသိမသာ တားလေ့ရှိသည်။ ဇာတိအသွေးသားဖြင့် အသက်ရှင်သောသူသည် လွယ်ကူစွာပြိုလဲတတ်သည်။ ထို့ပြင်လွန်ကဲစွာဖြစ်ခြင်း၊ စိတ်အာရုံပျံ့လွင့်ခြင်း၊ စိတ်ပျက်ခြင်း၊ ထိခိုက်နစ်နာစေရန် ပြုလုပ်စေရန်နှင့် ယုံကြည်ခြင်းမတည်မြဲစေရန် ပြုလုပ်တတ်သည်။

၎င်းကိုအစပြုချိန်တွင် ခက်ခဲမှုမြောက်များစွာရှိသည်။ ယခုတွင်ဝိညာဉ်ပကတိ၌ လိုက်လျှောက်ခြင်း၏ **ဘေးအန္တရာယ်များကို** လေ့လာကြပါစို့။ အန္တရာယ်အချို့ကိုဖော်ပြပါမည်။

သင်၏အသက်တာသည် ဇာတိလူဟောင်းမှ လွတ်မြောက်တိုးတက်လာသောအခါ သင်၏လူသစ်၌ ယေရှုအသက်တာသည်လည်း ကြီးထွားလာသောကြောင့် ယခုသင်သတိပြုရမည်။ အဘယ့်ကြောင့်ဆိုသော် ပြုလုပ်မှားခြင်းကြောင့် သင့်ဝိညာဉ်ရေးရာ ကျဆင်းစေနိုင်ပါသည်။

သင်တွေ့ရှိသောတန်ခိုး အားအင်သစ်ကို အသုံးပြုရာ၌သတိပြုပါ။ အထူးသဖြင့်သင်ရရှိထားသော ဤနက်နဲသောအသက်တာအတွက် သင်နှင့်အတူဝမ်းမြောက်သောသူနှင့် မပိုင်ဆိုင်မသိနားမလည်သောသူများအပေါ်၌ ဟန်ချက်ညီစွာအသုံးပြုတတ်ရန်လိုအပ်သည်။ ထိုသို့သူတပါးအပေါ်၌ မတရားသောအခွင့်အရေးယူခြင်းသည် ယုံကြည်ခြင်းအသိမှတ်ပြုခြင်းထက် ဇာတိလူဟောင်းကို အသက်ပြန်ရှင်စေခြင်းသာဖြစ်သည်။

ဇာတိလူဟောင်း ရှင်သန်လာခြင်းကို **သတိပြုလော့။ မကြောက်နှင့်။**

ဘယ်ကပေါ်လာသနည်း၊ အကယ်၍ ထိုကဲ့သို့ခံယူသောသူတို့ကိုမေးလျှင်၊ သူတို့သည် သင့်ကိုပြုံးကာ သူတို့၏မျက်စိသည် အဝေးကိုကြည့်ပြီး ဖြေကြားမည့်အရာမှာ ဝိညာဉ်တော်ကငါ့ကို ဦးဆောင်တယ်လို့ **အဓိပ္ပါယ်မဲ့စွာ** ဖြေကြားမည်ဖြစ်သည်။

ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့်စစ်ဆေးမှုမရှိပဲ သတိမဲ့စွာနှင့် စိတ်အာရုံနှိုးဆွမှုအတိုင်းသွားသော ခရစ်ယာန်များသည် လွယ်ကူစွာစာတန်၏ လိမ်ညာခြင်းကိုခံရတတ်သည်။ ထိုသို့သောသူသည် မှန်ကန်စွာဦးဆောင်သူ မရှိခြင်းနှင့် တည်ကြည်မှုမရှိသောသူများဖြစ်ကြပြီး မစစ်မမှန်သောနေရာမှ တစ်နေရာသို့ လှည့်လည်တတ်သည်။ ဘုရားသခင်သည် ဦးနှောက်မပါသောသူ၊ ထိုင်းမှိုင်းသူ အလိုမရှိပဲ တည်ကြည်လျက်အသိတရားရှိသောသူအလိုရှိသည်။

အသင်းတော်ပြောင်းခြင်း၊ ပတ်ဝန်းကျင်အားလုံးကိုမချင့်ချိန်ပဲဒေသ ပြောင်းခြင်း၊ လုပ်ဖော်ကိုင်ဘက်အချို့နှင့် ထွက်ပြေးခြင်း၊ အလုပ်တာဝန်ကို စွန့်လွှတ်ခြင်း (သို့) လွဲပြောင်းပေးခြင်းစသည့် ရုတ်တရက်စိတ်ဆုံးဖြတ်မှုသည် စာတန်၏ အထူးအခွင့်အရေးများဖြစ်သည်။

တခါတရံလျင်မြန်စွာ အဓိကဆုံးဖြတ်ချက်များသည် မှန်သကဲ့သို့ ဖြစ်သော်လည်း ရံဖန်ရံခါအများ၏ နားလည်မှုနှင့် ဆန့်ကျင်ဘက်ဖြစ်တတ်သည်။ ထိုရူးမိုက်သောအပြုအမူများကို သန့်ရှင်းသောဝိညာဉ်တော်ထံသို့အပ်နှံ စစ်ဆေးခြင်းအားဖြင့် တားဆီးရမည်။ အကယ်၍သင်၏အဓိက စီမံကိန်းတခုသည် သံသယရှိ၍လွဲချော်မည်ဆိုလျှင် လက်ဝါးကပ်တိုင်၏တန်ခိုးတော်၌ အပ်နှံပါက ဘုရားသခင်သည် ၎င်းကိုသေစေခြင်း (သို့) မကြီးထွားစေရန် ရပ်တန့်စေခြင်း(သို့) နားလည်သဘောပေါက်စေလိမ့်မည်။

လျှောက်လှမ်းခြင်းသည် ပုံမှန်ဖြစ်ပြီး ရည်ရွယ်ချက်ရှိစွာ ဆက်လက်လှမ်းနေခြင်းဖြစ်သည်။ ၎င်းသည်ပုံမှန်မြဲမြံစွာ ခြေလှမ်း၍ ပေါ့ပါးသွက်လက်ခြင်းနှင့်အတူ လှပစွာ၊ ဟန်ချက်ကိုက်ညီစွာ လုပ်ဆောင်သင့်သည်။

ကျွန်တော်တို့ခရစ်ယာန်အသက်တာ နုနယ်သောအချိန်တွင် သင့်တော်စွာနှင့် စတင်ခြင်းပြုသော်လည်း မတည်ငြိမ်၊ ပုံမမှန်သော သင်ခန်းစာသို့ လိုက်တတ်သည်။ ဤဝိညာဉ်ရေးရာကို ဘယ်လိုစတင်ပြီးအဆုံးသတ်ပုံကို သိချင်းရေးသူက ကောင်းမွန်စွာရေးစပ်ထားပါသည်။



သူ၏အဖွဲ့ကို အောင်မြင်နိုင်သော တခုတည်းသောနည်းလမ်းမှာ သင်မဟုတ်ပဲ သင့်အထဲ၌ရှိသော ခရစ်တော်ဖြစ်သည်။

သင့်အခြေအနေကောင်းမွန်တိုးတက် နာမည်ကြီးစေသော သင့်အထဲ၌ ရှိသောခရစ်တော်၏ တန်ခိုးကိုမထီမဲ့မြင်မပြုမိစေရန် သတိပြုလော့။ ယေရှုသည် မြည်တမ်းခြင်းမရှိပဲ အသေသတ်ခြင်းခံသကဲ့သို့ (ဟေရှာ ၅၃း၇)သင်သည်လည်း ခံနိုင်ရည်ရှိလာမည်။ ယခုတွင် ကြည်နူးဖွယ်အကြောင်းအရာတစ်ချို့ဆင်ခြင်ကြပါစို့။

လက်ဝါးကပ်တိုင်၏တန်ခိုး၌ ယုံကြည်စိတ်ချငြိမ်သက်စွာနေပါ။ ရှင်ပေါလု၏ ယုံကြည်ခြင်းဖော်ပြချက်ကဲ့သို့ ငါသည်ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ။ သို့သော်လည်းအသက်ရှင်သေး၏ ထိုသို့ဆိုသော်ငါသည် ကိုယ်တိုင်မရှင် ခရစ်တော်သည်ငါ၌ရှင်တော်မူ၏ (ဂလာ ၂း၂၀)။ ထို့နောက် သင့်လူဟောင်းကို အသေခံဖို့ရန် မျှော်လင့်၍လူသစ်ကြီးထွားစေပါ။

သင်သည်ခရစ်တော်နှင့်အတူ သေခြင်းကိုယုံကြည်ခြင်းဖြင့် ဧကန်မုချ ဖြစ်လာမည် (ရောမ၊ ၆း၆)။ သင်၏မှားယွင်းမှုသည် ပျောက်ကွယ်၍ (ဂလာ၊ ၂း၂၀)ကို သင်၌တကယ်ဖြစ်လာမည်။ ခရစ်တော်၌သေခြင်းဖြင့် ပညတ်တရား၏ တန်ခိုးအရှိန်ငြိမ်းစေရုံသာမက (ရောမ၊ ၇း၄)၊ ၎င်းကိုမနာခံရန် ပျော်ရွှင်ဇိမ်ခံခြင်းကိုရွေးချယ်စေသောအပြစ်၏ တန်ခိုးသည်လည်း လျော့နည်းလာမည်ဖြစ်သည် (ရောမ၊ ၆း၁၂-၁၃)။ လူဟောင်းကိုပယ်ချွတ်၍ လူသစ်ကိုယူတင်ဝတ်ဆောင်ရန် လွယ်ကူစေလိမ့်မည် (ဧဖက် ၄း၂၀-၂၄)။

သင့်အသက်တာ၌ ခရစ်တော်၏လွှမ်းခြုံမှုကို သင့်ဆွေမျိုးများ သူငယ်ချင်းများနှင့် ရင်းနှီးကျွမ်းဝင်သူများက **သင်၏အဖြစ်အမှန်ကိုသိမြင်လာမည်။**

ခရစ်တော်ဘိတ်သိပ်ပေးသော **အမှုတော်ဆောင်သည်** ဖွင့်ပြခြင်း(သို့) မှုတ်သွင်းခြင်းလစ်ဟာမှုမရှိပေ။ ယုံကြည်သူများနှင့် အပြစ်သားများကိုတို့ထိနိုင်သောမင်္ဂလာပေးထားလေ့ရှိသည်။

ခရစ်တော်နှင့်ပြည့်ဝသော **လင်ယောကျ်ားသည်** အထောက်အပံ့၊ ဆက်ကပ်အပ်နှံရန် ကြိုးစားအားထုတ်နေသောမယားအတွက် အံ့ဩဖွယ်တောင်းသောကြည်နူးမှုဖြစ်စေသည် (ဧဖက် ၅း၂၂)။

ခရစ်တော်၏အားအင်နှင့်ပြည့်ဝသော **လင်မိန်းမသည်** သန့်ရှင်းတောက်

ပြောင်လှုပဆွဲဆောင်မှုရှိ၍ ခရစ်တော်သည် အသင်းတော်ကိုချစ်သကဲ့သို့ ယောကျ်ား၏ လွယ်ကူစွာချစ်ခြင်းကို တွေ့ရသည် (ဧဖက် ၅း၂၅)။

ခရစ်တော် လှုံ့ဆော်သော **လူငယ်များသည်** မိဘ၏အုပ်ချုပ်မှုကို ရိုသေလေးစား၍ ထိန်းချုပ်တားမြစ်ရန်လိုအပ်မှုမရှိပေ (ဧဖက် ၆း၁-၃)။

ခရစ်တော်မှုတ်သွင်းသော **အလုပ်သမားသည်** တာဝန်ကျေပြီး၊ ဖွဲ့ရှိသောကြောင့် ကုန်ထုတ်လုပ်မှုမြင့်မားရန်အတွက် လုပ်ငန်းရှင်မှဖိအားပေးရန် မလိုအပ်ပေ (ဧဖက် ၆း၅-၈)။

ခရစ်တော်ဦးဆောင်သော **လုပ်ငန်းရှင်သည်** ပြုစုစောင့်ရှောက်တတ်၍ အမြတ်ရှေ့ရှုမှုနည်းပြီး၊ ဆဲဆိုမှုနည်းကာ ဆက်သွယ်ရေးပြေပြစ်၍ လုပ်ငန်းပို၍ကောင်းမွန်ခြင်းရရှိတတ်သည်။

ခရစ်တော်လှုပ်ရှားသော **အသင်းသူ/သားများသည်** သစ္စာရှိ၍၊ ဘုရား၏လူများကို ချစ်ရန် အခွင့်အရေးရှာတတ်သောကြောင့် အသင်းတော်၌ တိုးတက်ကောင်းမွန်ခြင်း လျော့နည်းမှုမရှိပေ။

ခရစ်တော် **သူတို့ထဲ၌ကိန်းဝပ်သောသူသည်** (ကောလော၊ ၁း၂၇) ဒုက္ခပေးတတ်သော လူဟောင်းပယ်ရှင်းခြင်းခံရသောကြောင့် ကြာရှည်တားမြစ်၊ ပိတ်ပင်ခြင်းမခံရပေ။ ခရစ်တော်အားဖြင့် လူတိုင်းစုံလင်ခြင်းသို့ရောက်၍ လူခပ်သိမ်းတို့ကို ဆက်သအံ့သောငှာနှင့် သူ၏ဘုန်းတော်ထင်ရှားစေအံ့ငှာ (ကောလော၊ ၁း၂၈)၊ **သူတို့ထဲ၌ကိန်းဝပ်သော** ယေရှုသည် ယခု **သူတို့အားဖြင့်** သူတပါးထံသို့စီးဆင်းလျက်ရှိသည်။

ဟုတ်ကဲ့ပါ။ အစပြုခြင်း၌ ခက်ခဲမှုများ၍၊ ရှောင်ရှားရန်အန္တရာယ်များသော်လည်း **ကြည်နူးမှုများသည် အံ့သြဖွယ်ဖြစ်သည်။** ယခုတွင် ဝိညာဉ်ပကတိအတိုင်း လျှောက်လှမ်းခြင်းကို သင်ယူကြပါစို့။

**လျှောက်လှမ်းခြင်း**တွင် ရည်ရွယ်ချက်ရှိစွာလမ်းညွှန်၊ လုပ်ဆောင်၊ လှုပ်ရှားမှုများပါဝင်သည်။ **ဘုရား၏နှုတ်ကပတ်တော်ရှိ** ဩဝါဒ အားလုံးသည် လက်တွေ့ကျင့်ဆောင်ရန်ဖြစ်ပြီး အမြဲတမ်းခြေတဖက်သည် မြေကြီးပေါ်ထောက်၍ ပုံမှန်လမ်းလျှောက်သကဲ့သို့ နှုတ်ကပတ်တော်ကို ကျင့်ဆောင်ပါက သင်သည်မျှောပါသွားမည်မဟုတ်ပေ။



ဝိညာဉ်ပကတိဖြင့် လျှောက်လှမ်းခြင်းဆိုရာတွင် များစွာကွဲပြားခြားနားသော အယူအဆများရှိကြသော်လည်း နှုတ်ကပတ်တော်၌ ရှင်းလင်းစွာဖော်ပြထားပါသည် (ဂလာ ၅း၁၆)။ သင်အသက်တာကို သန့်ရှင်းသောဝိညာဉ်တော်က လှုံ့ဆော်ပါက လက်တွေ့ကျင့်ဆောင်လာမည်ဖြစ်သည်။ သင်သည် တာဝန်သိစွာအသက်ရှင်လာပြီး ၎င်းကိုလက်တွေ့ကျင့်လာမည်ဖြစ်သည်။

ယုံကြည်သူတချို့သည် ဓါတ်ငွေ့ပြည့်သောပူပေါင်းကဲ့သို့ အသင်းတော်များသို့ ထွက်လိုက်ဝင်လိုက်လုပ်ပြီး၊ ကိုယ်ကျိုးရှာလျက်ရှိသည်။ သူတို့လုပ်ဆောင်ချက်သည် မှန်ကန်မှုမရှိသလို လူတိုင်းနှင့်လည်း သက်ဆိုင်မှုမရှိပဲ၊ အချိန်အလဟသကုန်လွန်စေတတ်သည်။ အကယ်၍ စည်းကမ်းတင်းကျပ်ခြင်း(သို့) ဆက်ကပ်အပ်နှံဖို့လိုလာလျှင် ဆူညံခြင်းပြုလုပ်တတ်ပြီး မာန်တက်လာကာ သီးခြားခွဲခြားစွာနေတတ်သည်။ ထို့ထက်ဝမ်းနည်းဖွယ်ကောင်းသည်မှာ သူတို့ကိုယ်သူတို့ မာန်ပိုတက်လာတတ်ခြင်းဖြစ်သည်။

အကယ်၍ သင်၏သီချင်းလော်ဂျီသည် လုပ်ဆောင်ချက်မပါပါက ကလေးကဲ့သို့မျှသာ ဖြစ်သည်။ အချို့သည် ဘုရား၏အလိုတော်ကိုပရိယာယ်သုံးပြီး တာဝန်အရလုပ်ဆောင်သည်။ အကယ်၍သင်သည် ဘုရားနှင့်လျှောက်လှမ်းခြင်း၌ သာ၍ကောင်းသော အမှုတော်ဆောင်၊ ဖွဲ့ရှိသောအသင်းသူ/သား ချစ်ခြင်းဖြင့်နားလည်တတ်သော ယောကျ်ား၊ သစ္စာရှိပြီး အထောက်အပံ့ဖြစ်သောမိန်းမစသည်တို့ဖြစ်မလာလျှင် ငါဟာဘယ်သူ့ကလေးလဲ၊ ဆိုတာကိုယ့်ကိုယ်ကို မေးခွန်းထုတ်ရမည်။

ဝိညာဉ်ပကတိအတိုင်း လျှောက်လှမ်းခြင်းသည် အရက်သမားကဲ့သို့ လျှောက်ခြင်း၊ လောကရူပါရုံထဲ၌သက်ရှင်ခြင်း၊ အဆိုးကို အကောင်းမြင်ဝါဒဖြင့် မြင်ခြင်းစသည်တို့မဟုတ်ပါ။ သင်၏လုပ်ဆောင်ချက်များကို ဝိညာဉ်သဘောနှင့် ရှင်းလင်းကိုက်ညီစွာအသက်ရှင်ခြင်းဖြစ်သည်။ ထိုကဲ့သို့အသက်ရှင်သူသည် သတ္တိခဲသောတပည့်တော်၊ ကိုယ့်ကိုယ်ကို ငြင်းပယ်၍ မိမိလက်ဝါးကပ်တိုင်ကိုထမ်းကာ ယေရှု၏သွန်သင်ချက်ကို နေ့စဉ်အသေးစိတ်လိုက်နာသောသူများ ဖြစ်ကြသည် (မဿဲ ၁၆း၂၄)။

ဤမမှန်ကန်သောအတွေး၊ ကျမ်းစာနှင့်မကိုက်ညီသော အရာများသည်

## အခန်း (၇)
## မြောက်များစွာဖျက်ဆီးပစ်ပယ်ထားခြင်း

၂၀ရာစုတွင် ပစ်ပယ်ထားခြင်းဟုခေါ်သော ဟာရီကိန်းမုန်တိုင်း အင်အားသည် ကျွန်တော်တို့၏ အသင်းအဖွဲ့ကို ပျက်စီးစေခဲ့သည်။ ၎င်း၏အရှိန်အဟုန်သည် ပြင်းထန်လာသဖြင့် အသက်မြောက်များစွာ ဆုံးရှုံးကာအိမ်များဖျက်ဆီး၍ မိသားစုများတကွဲ တပြားဖြစ်ခဲ့ရသည်။ စာတန်၏ပြင်းထန်သောရိုက်ချက်သည် တစ်ဦးစီတိုင်း၏ အတွင်းခံစားချက်၌ အမြစ်တွယ်လျက်ရှိခဲ့သည်။

ပစ်ပယ်ခြင်းသည် သင်တန်ဖိုးထား၍ချစ်မြတ်နိုး အသိမှတ်ပြုခဲ့သော အရာများကို ငြင်းပယ်ခံလိုက်ရခြင်းဖြစ်သည်။ ရန်လိုခြင်း (သို့) လျစ်လျူရှုခြင်းသည်ဆက်ဆံရေးတခုဖြစ်ပြီး သင်သည်မဟုတ်မမှန်အပြုခံရ၍ (သို့) သူတပါး၏ အခွင့်အရေးအတွက် အသုံးချခြင်းခံရလျှင် နာကျင်မှုဖြစ်စေသည်။ ၎င်းရလဒ်သည် သင့်ကိုအလိုမရှိခြင်း (သို့)တန်ဖိုးမရှိသကဲ့သို့ ခံစားမှုဖြစ်စေသည်။ ထို့သို့ မေတ္တာကင်းမဲ့၍ ဆင်ခြင်မဲ့သောအပြုအမူသည် အတွင်း၌ဝမ်းနည်းခြင်းမျိုးစေ့ ဖြစ်စေပြီး ကြီးထွားလာသောအခါ ခံစားမှုမတည်ငြိမ်ခြင်းနှင့် ခါးသီးသော အသီးများသီးစေပါသည်။

ဖျက်ဆီးပစ်ပယ်ထားခြင်းသည် မိဘ၊ ပလိပ်(ရဲ)နှင့် ဘုရားသခင်စသည့် အာဏာစက်ရှိသူပင်လျှင် ပုန်ကန်စေရန် အဓိကအကြောင်းရင်းတရပ်ဖြစ်စေသည်။ အခြားဝမ်းနည်းဖွယ်အကျိုးဆက်မှာ လူသတ်မှု၊ မုဒိမ်းမှု၊ အကြမ်းဖက်မှုစသည့် ရာဇဝတ်မှုများ ပေါ်လာစေခြင်းဖြစ်သည်။

အကယ်၍ကလေးအား ပစ်ပယ်ထားခြင်းသည် အလိုမတူပဲ (သို့) မုဒိမ်းကျင့်ခြင်းစသည်ဖြင့်ရခြင်း (သို့) မရှင်းပြနိုင်သော နည်းလမ်းဖြင့်သန္ဓေရခြင်းတို့ကြောင့်ဖြစ်သည်။ ဘုရားအမိန့်တော်မှာ ကလေးတိုင်းသည် မေတ္တာကြောင့် ဖွားမြင်ကြရမည်ဖြစ်ပြီး တည်ငြိမ်သောမိသားစု၏ မေတ္တာရိပ်အောက်တွင် ကြီးထွားလာရန်ဖြစ်သည်။ သို့သော်အလွန် ဝမ်းနည်းဖွယ်ကောင်းသည်မှာ စာတန်သည် လူသားများခံစားစေရန် တကိုယ်ကောင်းဆန်သောစိတ်ကို တိုးပွားစေသောကြောင့် ထိုကဲ့သို့ခံစားစာခံ အကူညီမဲ့သူများကို အမှုမထားကြချေ။



ယေရှုနှင့်လျှောက်ခဲ့သည်ဟုတွေးမိခဲ့သည်။
သို့သော် အကျွန်ုပ်၌ပြောင်းလဲလွယ်သော ခံစားမှုများရှိခဲ့သည်။
တချိန်မှာ ယုံကြည်၍၊ တချိန်မှာယံသယရှိတတ်သည်။
တချိန်မှာ ဝမ်းသာ၍၊ တချိန်မှာ ဝမ်းနည်းတတ်သည်။
ဒါပေမဲ့ အိုအကျွန်ုပ်ကယ်တင်ရှင်သည် ကျွန်တော်မသိခဲ့ဘူးသော
ငြိမ်သက်ခြင်းကို ပေးတော်မူသည်။
သူ့ကိုပို၍ ကိုးစားရန် သင်ယူပြီးသည့်အချိန်မှစ၍
အကျွန်ုပ်လမ်းခရီးသည် ပို၍တောက်ပကြီးထွားခဲ့ပြီ။

ဝိညာဉ်ပကတိတိုင်း လျှောက်လှမ်းခြင်းသည် ရုတ်တရက်လှုပ်ရှားခြင်းနှင့် မုန်းတီးရွံရှာဖွယ်ကောင်းသော ကျွန်တော်တို့ကြိုးစားအားထုတ်မှုဖြင့် ယေရှုနောက်သို့လိုက်ခြင်း စသည်တို့မှကင်းလွတ်စေသည်။ လျှောက်လှမ်းခြင်းသည် ခြေနှစ်ချောင်း ကိုက်ညီစွာ လှုပ်ရှားခြင်းဖြစ်သကဲ့သို့ ဝိညာဉ်ပကတိဖြင့် သက်ရှင်ခြင်းသည်လည်း ထိုနည်းတူဖြစ်ပြီး ကိုယ်ကြိုးစားမှုကို စွန့်လွှတ်ကာ၊ ကိုယ့်ခြေထောက်ပေါ် ရပ်တည်၍ ယုံကြည်ခြင်းဖြင့် **လှုပ်ရှားရန်** ဖြစ်သည်။ ၎င်းသည် ကိုးစားဖြင့်နှင့် **နာခံခြင်း၊** သိခြင်းဖြင့် **ပြုလုပ်ခြင်း၊** ကြားနာခြင်းဖြင့် သွားခြင်း စသည်တို့လိုအပ်သည်။

လျှောက်လှမ်းရန် ကျွန်တော်တို့ အားအင်ဘယ်ကရမလဲ၊ အားစိုက်မှုမပါပဲ လွယ်ကူစွာ ကူးလျှောက်ရန် ဘယ်လိုဖြစ်နိုင်မလဲ၊ ကျွန်တော်တို့ခွန်အားနှင့်လား၊ လုံးဝမဟုတ်ပါ။ ယေရှုက "ငါနှင့်ကွာလျှင် သင်တို့သည်အဘယ်အမှုကိုမျှမတတ်နိုင်ကြ (ယောဟန်၊ ၁၅း၅)ဟုဆိုလျှင် **ဘာမှမတတ်နိုင်ကြောင်း** ဆိုလိုသည်။

ခရစ်ယာန်မြောက်များစွာ၏ မှားယွင်းချက်မှာ ကန့်သတ်လျက်ရှိသော သူတို့၏အားအင်ဖြင့် ယေရှုကိုအတုယူရန် ကြိုးစားခြင်းဖြစ်သည်။ ယေရှု၏ အသက်တာစီးဆင်းနိုင်ဖို့ရန် အကျွန်ုပ်ဘယ်လိုနေရမလဲ ဟူသောနက်နဲသော အရာကိုသိလျှင်ပိုကောင်းသည်။ ထိုမှသာ **စစ်မှန်သော** စီးဆင်းခြင်းရှိနိုင်မည် (ဂလာ၊ ၂း၂၀)။

ဖြူစင်သောယုံကြည်ခြင်းသည် မိမိအားမသန်စွမ်းဖြစ်စေသော အားနည်းချက်များကို ပြန်စီစစ်ခြင်းဖြစ်သည်။ သင်၏ကြမ်းတမ်းသော ပတ်ဝန်းကျင်နှင့်

ကလေးဘဝတလျှောက်လုံးမှစ၍ မတတ်စွမ်းနိုင်သော ထိမ်းချုပ်မှုများကို **သင့်ထဲ၌ ကျိန်းဝပ်သောခရစ်တော်**၏ ခွန်အားဖြင့်အစားထိုးပါ (ရောမ၊ ၆၊ ကောလော၊ ၁း ၂၇-၂၉)။

"ကျွန်ုပ်ဘေး၌ သူလျှောက်သည်" ဟု သီချင်းမဆိုပါနှင့်။ တနည်းအားဖြင့် မှန်သော်လည်း မှားယွင်းခြင်းသို့ ဦးဆောင်နိုင်သည်။ "ငါ့ထဲ၌ခရစ်တော်အသက်ရှင်သည်" ဟုဆိုလျှင် ပိုကောင်းသည်။ ငါ့အထဲ၌ ခရစ်တော်အသက်ရှင်ခြင်းသည် ဘယ်မျှလောက်စိတ်ချသော ကယ်တင်ခြင်းလဲ၊ (၂ကော ၊ ၆း၁၆)။ ငါသည်သူတို့၌ ကျိန်းဝပ်၍ သွားလာကာငါသည် သူတို့၏ဘုရားဖြစ်လိမ့်မည်။ သူတို့လည်း ငါ၏လူ ဖြစ်ကြလိမ့်မည်။

မုန်းတီးခြင်းနှင့်ရန်လိုခြင်းအားဖြင့် စိတ်မထိခိုက်စေပဲ ချစ်ခြင်းမေတ္တာဖြင့် သင်လျှောက်လှမ်းလိမ့်မည်။ စိတ်ဓါတ်ကျခြင်းနှင့် စိတ်ပျက်ခြင်းတို့သည် သင်၏ ဝမ်းမြောက်ခြင်းကို နှောင့်ယှက်နိုင်မည်မဟုတ်ပေ။ ရှုပ်ထွေးခြင်းနှင့် ဝရုန်းသုန်းကားများကြားမှ ခရစ်တော်သည် သင့်ကိုမယုံနိုင်သော ငြိမ်သက်ခြင်းနှင့် တည်ငြိမ်မှုတို့ကို ပေးတော်မူလိမ့်မည်။ စာတန်သည်သင့်ကိုဖိနှိပ်၍ လူများက သင့်ကိုဆန့်ကျင်သော်လည်း သင်သည်ဖရိုဖရဲမဖြစ်ပဲ၊ ကောင်းမွန်စွာသည်းခံ နိုင်လိမ့်မည်။

ပြဿနာများနှင့် ပြည့်သောလူများနှင့် ပြဿနာများ၏ ကြမ်းတမ်းစွာ တုံ့ပြန်ခြင်းများအကြားတွင် သင်၏စိတ်ရှည်ခြင်းထင်ရှားလာလိမ့်မည်။ သင်၏ ပတ်ဝန်းကျင်၌ မျက်နှာညိုးငယ်ကြ၍ စိတ်အားငယ်နေကြသော်လည်း ဘယ်အရာမှ ခရစ်တော်၏ ယုံကြည်ခြင်းကို ငြိမ်းစေနိုင်မည်မဟုတ်ပါ။ ဝိညာဉ်ပကတိအတိုင်း သွားသောသူသည် အားအင်ထိမ်းချုပ်နိုင်လိမ့်မည်။ အားနည်းချက်မရှိပဲ စိတ်ရှည်သည်းခံနိုင်မည်ဖြစ်ပြီး လှပသောအသက်တာနှင့် ကိုက်ညီသောသန့်ရှင်းခြင်းသရဖူသည် အလွန်အကျွံမဖြစ်ခြင်း၊ သေချာစဉ်းစားခြင်းနှင့် သူတပါးကိုဂရုစိုက်ခြင်း စသည်တို့ဖြစ်သည်။

ထို့ကြောင့် ရည်ရွယ်ချက်မရှိပဲ လှည့်လည်ပြီး နေရာတိုင်းသို့ ယိမ်းယိုင်ကာ မမျှောပါစေရန် သတိထားပါ။ သင်နေသောမြို့ရွာကို ပတ်လျှောက်၍ သင်သွားသောနေရာတိုင်းမှာ ခရစ်တော်၏ဝိညာဉ်ကိုစီးဆင်းစေပါ။ ဘုရားသခင်၏



သားတော် ဖွင့်ပြဖော်ထုတ်ခြင်း၌ အသက်ရှင်ပါ။ သို့သော် ၎င်းသည်သင်မဟုတ်ပဲ **ခရစ်တော်သာဖြစ်ကြောင်း** ကိုမမေ့နှင့် (ဂလာ၊ ၂း၂၀)။

သားဦး၏အလင်းညိုးနွမ်းကျဆင်းသော်လည်း
ဘုရားသခင်နှင့် ငါသည်အစဉ်အတူရှိမည်။
သူသည်ငါ့ကိုပိုင်ဆိုင်၍ ငါလည်းသူ့ကိုပိုင်ဆိုင်၏။
( G.Wade Robinson )

ကာရာနီ၏ချစ်ခြင်းမေတ္တာအားဖြင့် မပျောက်ကင်းမကုသနိုင်သောပျက်စီးပစ်ပယ်ထားခြင်းမရှိပါ။ သင်၏အတွေးနှင့် ခံစားချက်ယိုယွင်းမှုများ ပျောက်ကွယ်လိမ့်မည်။ မကျန်းမာနိုင်သော ဒဏ်ရာဆိုတာမရှိပါ။ ကြေကွဲနေသော နှလုံးသားပြန်လည်စုစည်းကောင်းမွန်စေမည်။ ဘယ်အချုပ်ထောင်ကမျှ သင့်ကိုဖမ်းဆီးထိမ်းချုပ်နိုင်မည်မဟုတ်ပါ။ ဝိညာဉ်ရေးရာဆင်းရဲခြင်း(သို့) အသက်တာ လိုအပ်ချက်လစ်ဟင်းမှုအားဖြင့် လည်းချုပ်ကိုင်နိုင်မည်မဟုတ်ပါ (လုကာ၊ ၄း၁၈-၁၉)။

လူသားများနှုတ်ဖြင့်မဖော်ပြနိုင်သော လူ့ဦးနှောက်ဖြင့်မစဉ်းစားနိုင်သော လောကီဉာဏ်တွေးခေါ်ဖြင့်မမြင်နိုင်သော၊ ဘုရားသခင်က သင့်ကိုချစ်သည်ဟူသောအရာ၌ ဝမ်းမြောက်ပီတိဖြစ်၍ထလော့။ ကျွန်တော်တို့အားနည်းသောအရာ၌သန့်ရှင်းသောဝိညာဉ်တော်၏ ကူညီခြင်းသည်နားမလည် မဖော်ပြနိုင်သော်လည်း၊ ဘုရားသခင်၏ချစ်ခြင်းမေတ္တာသိနားလည်ခြင်းငှာ (ဧဖက် ၃း၁၉)၊ သူ့ဘက်၌ ရပ်တည်ပါက ကျွန်တော်တို့တတ်နိုင်မည်။

- ဘုရားသခင်၏မေတ္တာသည် အလွန်ကျယ်ပြန့်၍ မည်သူကိုမဆိုဝန်းရံလျက်ရှိ၏။
- ဘုရားသခင်၏မေတ္တာသည် အလွန်ရှည်လျား၍၊ ထာဝရမှထာဝရသို့ဖြန့်ကြဲလျက်ရှိ၏။
- ဘုရားသခင်၏မေတ္တာသည် အလွန်နက်ရှိုင်း၍ အနိမ့်ဆုံးသောနေရာထိရောက်ရှိ၏။
- ဘုရားသခင်၏မေတ္တာသည်အလွန်မြင့်၍ ယေရှုနှင့်အတူစိုးစံရန်ကောင်းကင်ထိ ကျွန်တော်တို့ကိုမြင့်တတ်စေ၏။

ဘုရားသခင်၏မေတ္တာကို အသိမှတ်ပြု၍ ပီတိဝမ်းမြောက်စွာနေပါ။ ငါဟာ **ပစ်ပယ်ထားခြင်း** ခံရသူပါလားဟု ဘယ်တော့မှပြန်မတွေးပါနှင့်။



ကလေးနှင့်လူငယ်များသည် မေတ္တာအရိပ်အောက်၌ မကြီးထွားပဲ လစ်လျူရှုခြင်းခံရလျှင် ဖျက်ဆီးခြင်းဖြစ်ပွားလျက်ရှိသည်။ သူတို့ကိုဦးဆောင်ကောင်းမပေးခြင်း၊ ဖွံ့ဖြိုးရန်လွတ်လပ်မှုမရှိခြင်း၊ ကိုယ့်ကိုယ်ကို သိမြင်တတ်ခြင်း စသည်တို့သည် ပျက်စီးခြင်း၊ သေစေခြင်းနှင့်တူသည်။ သူတို့ကိုဘယ်တော့မှ အလိုရှိမှာလည်းမဟုတ်ပါဘူးဟု သင်ဆိုလျှင်ဓါးဖြင့်ထိုးသတ်ခြင်းနှင့်တူသည်။ အကယ်၍ အလုပ်များသောမိဘမှ အဆင်မပြေချိန်၌ မွေးခြင်း(သို့) စီမံကိန်းမဆွဲမှီ မွေးဖွားခြင်းသည် ပစ်ပယ်ထားခြင်းကွင်းဆက်သို့ ရောက်ရှိတတ်သည်။

ပစ်ပယ်မှုအများစုဖြစ်ခြင်းတရပ်မှာ ကောင်းစွာနားလည်ခြင်းမရှိပဲ ဖိုမဆက်ဆံခြင်းကြောင့်ဖြစ်သည်။ အိမ်ထောင်သက်တမ်းရရှိလာသည့်တိုင်အောင်တွေးကြောင်ခြင်း၊ ခံစားချက်မမှန်ခြင်းများဖြစ်တတ်သည်။ အိမ်ထောင်၌လင်နှင့်မယားဆိုင်သောအခွင့်အရေး (၁ကော ၇း၃-၅)၊ ဂရုစိုက်အဖော်ပြုခြင်းစသည်တို့တွင်ငြင်းဆန်မှုရှိလျှင် စိတ်နာကျင်မှုဖြစ်စေတတ်သည်။ အိမ်ထောင်ပြုခြင်း၌ကွာရှင်းပြတ်ဆဲခြင်းသည် စစ်မှန်သောပစ်ပယ်ထားခြင်းဖြစ်သည်။ တခါတရံကြိမ်ဖန်များစွာ စဉ်းစားသည့်အရာမှာ ထိုကဲ့သို့သော စိတ်နာကျင်မှုမရှိစေရန်ကွာရှင်းခြင်းကိုရှောင်ရှား၍ ဘုရားသခင်ရှေ့၌ သူတို့ဂတိသစ္စာဆိုခဲ့သော အရာကိုရိုသေလေးစားပါက ပို၍ကောင်းလာမည်ဖြစ်သည်။ ထိုကဲ့သို့ဝမ်းနည်းဖွယ်အရာကိုဖြေရှင်းရန် ဘုရားသခင်၏ ထိမ်းချုပ်မှုကလွဲလို့ မလွယ်ကူချေ (၂ကော ၁၂း၉)။ ထို့ကြောင့် သေချာမှုရှိရန် ယေရှုသခင်၏အုပ်စိုးမှု၌ အသက်တာဆက်ကပ်အပ်နှံပါ (ဧဖက် ၅း၂၂-၃၃)။

ဘုရားသခင်သည်သူ၏ မိသားစုဝင်များကို “ဤကမ္ဘာမတည်မရှိမှီ ငါတို့ကိုခရစ်တော်၌ ရွေးကောက်တော်မူသောကြောင့် (ဧဖက် ၁း၄)၊ စီမံကိန်းမရှိပဲ (သို့) အလိုမရှိပဲ (သို့) မေတ္တာမပါပဲ ဖွားမြင်သောကလေးမရှိကြောင်းကို ရှင်းလင်းစွာဖော်ပြထားပါသည်။ သူ၏တန်ခိုးအာဏာနှင့် မေတ္တာတော်သည် ကြည်နူးခြင်းများနှင့်ပြဿနာများကို စီစဉ်တော်မူသောကြောင့် ခပ်သိမ်းသောအရာတို့သည် ကျွန်ုပ်တို့ ကောင်းကျိုးအတွက် တညီတညွတ်တည်း ပြုစုကြပြီးသားတော်၏ ပုံသဏ္ဍာန်နှင့် တညီတညွတ်တည်းဖြစ်စေခြင်းငှာ ပုံသွင်းတော်မူ၏ (ရောမ ၈း၂၈-၃၁)။ ကျွန်ုပ်တို့ကို ချွင်းချက်မရှိသော သူ၏မေတ္တာဖြင့် လက်ခံပြီးဖြစ်သောကြောင့်

(ဇဖက် ၁း၆) လက်ခံရန်ကြိုးစားအားထုတ်ရန် မလိုတော့ချေ။ သူ၏မေတ္တာသည် ခိုင်မာပြီး လျော့သွားခြင်း၊ ပိုသွားခြင်းမရှိပဲ ကျွန်တော်တို့၏ အောင်မြင်ခြင်း၊ ကျရှုံးခြင်း ၌လည်း အခြေမခံပါ။

ငါတို့သည် ယေရှု၏အသွေးတော်အားဖြင့် ရွေးနှုတ်တော်မူခြင်းကျေးဇူးကို ခံရ၍ (ဇဖက် ၁း၇)၊ ငါတို့ဘုရားသခင်ရှေ့တော်၌ မေတ္တာအားဖြင့်သန့်ရှင်းလျက် အပြစ်ကင်းလွတ်လျက်ဖြစ်မည်အကြောင်း၊ များစွာသောခွန်အားကိုပေးခဲ့ပြီ (ဇဖက် ၁း၃)။ ဘုရားသခင်အတွက်သာ အဖိုးထိုက်သည်မဟုတ်ပဲ၊ သူ၏မဟာမေတ္တာ ကျေးဇူးထဲ၌ အပြစ်များကိုမေ့ပျောက်ခွင့်လွှတ်လျက်ရှိသည်။ ခရစ်တော်မေတ္တာ တော်နှင့် ဘာဆိုဘာကမျှ ငါတို့ကိုမကွဲကွာစေနိုင် (ရောမ ၈း၃၈)။ သူ၏ပြည့်စုံသော သတိပညာတော်တွင် ယုံကြည်စိတ်ချစွာအနားယူနိုင်ခြင်းကြောင့် (ဇဖက် ၁း၈)၊ စာတန်၏အကြံအစည်အောင်မြင်နိုင်ရုံသာမက သေခြင်း၏တန်ခိုးမှလည်း အောင်မြင်နိုင်သည်။

ရှင်ပေါလုက ဤအရာများတို့၌ အဘယ်သို့ပြောစရာရှိသနည်း။ ဘုရားသခင်သည် ငါတို့ဘက်၌ ရှိတော်မူလျှင်၊ အဘယ်သူသည် ငါတို့တဘက်၌ နေနိုင်မည်နည်း (ရောမ ၈း၃၀)။ ဘုရားသခင်လက်ခံတော်မူလျှင် အဘယ်သူသည် ငါတို့ကို ငြင်းပယ်နိုင်မည်နည်း၊ ထိုအရာသည် ထာဝရဘုရားသခင်၏ ဂုဏ်တော် ဘုန်းတော်ကို ချီးမွမ်းခြင်းဖြစ်ပြီး (ဇဖက်၊ ၁း၆၊ ၁၂၊ ၁၄)၊ သူ၏ မပျက်ဆီးနိုင်သော မေတ္တာဖြင့် ငါတို့ကိုဝန်းရံလျက်ရှိ၏။ သူ၏မေတ္တာကိုခံရဖို့ရန် ကြိုးစားအားထုတ်မှု မလိုပဲဝိညာဉ်တော်၏ အသက်တာသည် တားဆီးလို့မရသော တန်ခိုးနှင့်မကုန်ခမ်း နိုင်သောအင်အားဖြင့် ကျွန်တော်တို့ကို သယ်ဆောင်သွားလိမ့်မည်။

သီချင်းရေးသူနှင့် ကဗျာရေးသူတို့သည် ထာဝရဘုရားသခင်၏ မကုန်ခမ်း နိုင်သော တကိုယ်ကောင်းမဆန်သော မေတ္တာတော်ကို ရေးစပ်ထားသည်ကား

ထာဝရမေတ္တာတော်နှင့်ချစ်တော်မူ၍
ထိုမေတ္တာတော်နားလည်ရန် ကျေးဇူးတော်ဖြင့်ပို့ဆောင်ကာ
အထက်မှ ဝိညာဉ်တော်မှုတ်သွင်းခြင်းဖြင့်
အကျွန်ုပ်ကို သင်ပေးသည့်အတိုင်းဖြစ်မြောက်လာ။
အို. . အဘယ်မျှလောက်ပြည့်စုံသော ငြိမ်သက်ခြင်းလဲ



အို. . ဘုရားနှင့်စပ်ဆိုင်သောအရာအားလုံးကိုချပေးပြီး
မကုန်ခမ်းနိုင်သော မေတ္တာတော်ဖြင့်
သူသည် ငါ့ကိုပိုင်ဆိုင်၍ ငါလည်းသူ့ကိုပိုင်ဆိုင်၏။

အထက်မိုးကောင်းကင်သည် နူးညံ့ကြည်လင်၍
မြေပြင်တဝှမ်းပို၍ စိမ်းလန်းစိုပြေကာ
တစုံတခုတိုင်းသည် အရောင်မျိုးစုံတွင်နေထိုင်သက်ရှင်
ခရစ်တော်မပါက လုံးဝမမြင်နိုင်ပါ။
ငှက်များဝမ်းမြောက်စွာ သီချင်းကျူးဇရာ
ပန်းပွင့်များလည်း ပို၍ပွင့်လန်းလှပနေ
ယခင်က ငါသိသကဲ့သို့ ယခုလည်းငါသိ၏
သူသည် ငါ့ကိုပိုင်ဆိုင်၍ ငါလည်းသူ့ကိုပိုင်ဆိုင်၏

အရင်ကနှောင့်ယှက်ခဲ့သော ပြဿနာများသည်
ကျွန်ုပ်၏ငြိမ်သက်ခြင်းကို ယခုမနှောင့်ယှက်နိုင်တော့ပါ။
ထာဝရလက်တော်နှင့် ပတ်ရစ်ကာ
မေတ္တာရင်ခွင်ပေါ်မှာမှေးစက်ပြီး
ထာဝရလဲလျောင်းနေမည်ထိုအရပ်၌
သံသယနှင့် ကိုယ်ကျိုး အတ္တကင်းရှင်း
ကျွန်ုပ်နား၌တီးတိုးပြောစဉ်တွင်
သူသည် ငါ့ကိုပိုင်ဆိုင်၍ ငါလည်းသူ့ကိုပိုင်ဆိုင်၏

ထာဝရပိုင်ဆိုင်ခြင်းနှင့် သူကသာငါ့ကိုပိုင်၏
သခင်နှင့်ငါ့ဘက်၌ အဘယ်သူရပ်မည်နည်း
အို. . ပီတိသောငြိမ်သက်ခြင်းနှင့်အတူ
မေတ္တာနှလုံးသားကို ခရစ်တော်သည် ဖြည့်ဆည်းပေးနိုင်
ကောင်းကင်နှင့်မြေကြီးပျောက်ကွယ်၍

ဆောင်ဖက်၏ ပစ်ပယ်ထားခြင်းခံရသူသည် ကိုယ်ခန္ဓာ(သို့)ဦးနှောက် မမှန်မကန်ဖြစ်တတ်ပြီး၊ မိခင်၏ပစ်ထားခြင်း(သို့) မိခင်နှင့်ဆန့်ကျင်ဘက်ဖြစ်သောကြောင့် မိမိ၏စွမ်းရည်ထက် အဆမတန်လုပ်ဆောင်ရခြင်းသည်လည်း နွေးထွေးလုံခြုံမှုမရှိကြောင်း သိမြင်ရသည်။

ဘုရားသခင်သည် သူ၏သား/သမီးများလုံခြုံမှုရှိစေရန် အရာခပ်သိမ်းပြုလုပ်ပေးထားလျက်ရှိသည်။ ယေရှုက "အဘယ်သူမျှထိုသိုးတို့ကို ခမည်းတော်လက်ထဲမှ မနှုတ်မယူနိုင်ရာ (ယောဟန် ၁၀း၂၈-၂၉)။ ရှင်ပေါလုကလည်း "ထိုဘုရားသခင်သည်သားတော်ကြောင့် ငါတို့ကိုလက်ခံတော်မူသော ကျေးဇူးတော်၏ဘုန်းအသရေတော်ကို ချီးမွမ်းစေခြင်းငှာ (ဧဖက်၊ ၁း၆)၊ ယေရှုခရစ်တော်ကိုချစ်တော်မူသောခမည်းတော် မေတ္တာ၏စက်ဝိုင်းထဲ၌ ငါတို့သည်တည်ရှိသောကြောင့် လုံခြုံလျက်ရှိ၏။ ထို့အပြင်ငါတို့သည် ခရစ်တော်ထဲ၌ ရပ်တည်လျက်ရှိသောကြောင့် ခမည်းတော်သည် ငါတို့ကိုချစ်တော်မူ၏။

ဘုရားသခင်၏ မေတ္တာသည် ရွေ့လျော့တိမ်းယိမ်းခြင်းမရှိ ပြောင်းလဲခြင်းအရိပ်နှင့်ကင်းလွတ်တော်မူ၏ (ယာကုပ် ၁း၁၇)။ ဘုရားသခင်သည် စိတ်ပြောင်းလဲခြင်း(သို့) အလုပ်ပိတ်ရက်မရှိပဲ အချိန်တိုင်းပေးဆပ်ခြင်း မေတ္တာနှင့်ပြည့်စုံလျက်ရှိ၏။ သင့်အတွက် ဤဘုရားသခင်၏ မေတ္တာကိုတကြိမ်ဆုပ်ကိုင်မိရုံနှင့် သင်သည်တန်ဖိုးရှိသောသူဖြစ်လာပြီး ခိုင်မြဲသောသူ၏ ဂရုစိုက်မှုအောက်တွင် သက်ရှင်ခြင်းဖြစ်သည် (ဧဖက် ၁း၃-၁၂)။ ဘုရားသခင်လက်ခံရန်အတွက် သင်ကြိုးစားမှု ကျော်လွန်ပြီး သူနှင့်ထပ်တူဖြစ်ရန် ရှာဖွေမှုလည်းပြီးဆုံးလျက်ရှိ၏။ ယခုတွင်သင်သည် သူတစ်ပါးကိုချစ်လာနိုင်ကြောင်းကိုတွေ့မြင်ရပြီး ယုံကြည်စိတ်ချမှုနှင့် ဘုရားသခင်လက်ခံနိုင်ဖွယ်သော လျှို့ဝှက်နက်နဲသော နည်းလမ်းကိုသူတပါးတွေ့ရှိရန် ကူညီနိုင်လိမ့်မည်။

သင်၏အထဲ၌မွေးရာပါ ဆိုးသောအယူအဆကိုသွင်းပေး၍ သင်၏ခံစားမှုကိုထိန်းချုပ်စေသောအရာများအတွက် ဘုရားသခင်၏ဖြေရှင်းပေးချက်ကဘာလဲ၊ အဖြေမှာ ဘုရားသခင်၏သားတော်သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းပင်ဖြစ်သည်။

ကားတိုင်သည်သင်၏ အပြစ်များကိုပယ်ဖျက်သောနေရာ သက်သက်



## အခန်း (၈)
## ထိခိုက်ပစ်ပယ်ခြင်းခံရသူ၏အတွင်းစိတ်နေ သဘောထားများ

စာရင်းကောက်နှုတ်ချက်များအရ လူသတ်မှုများနှင့်လုယက်မှုများပြားလာပြီး ကျွန်တော်တို့၏ အဓိကမြို့ကြီးများတွင် ညမိုးချုပ်ပြီး လမ်းလျှောက်ဖို့ရန်ပင် လုံခြုံမှုမရှိကြချေ။ ၎င်းပျက်စီးမှုနှင့်ပတ်သက်၍ လူထောင်ပေါင်းများစွာတို့သည် ကိုယ်ကိုကြောက်စိတ်ဝင်လာပြီး နေ့ခင်းမှာပင်လျှင်လမ်းမလျှောက်ရဲကြချေ။ ထိုသို့ကိုယ်ကို ထိခိုက်နာကျင်စေမှုကြောင့် **စိတ်အားငယ်ခြင်း၊ မလုံမလဲဖြစ်ခြင်း၊ လုံခြုံမှုမရှိခြင်း** စသည်တို့ဖြစ်စေသည်။

ထိုကဲ့သို့ ထိခိုက်ပစ်ပယ်ခြင်း ဓားစာခံရသူများသည် အပြင်ပန်းလက္ခဏာသေးငယ်သော်လည်း အတွင်းပိုင်းတွင်မူကား ကြောက်မက်ဖွယ်သော နာကျင်မှုဒဏ်ရာခံရတတ်ကြသည်။ ၎င်းနာကျင်မှုခံရသူများကို သူနှင့်အတူနေထိုင်သောသူ (သို့) အမျှော်အမြင်ရှိသောသူများကသာသိနိုင်သည်။ ၎င်းဓားစာခံရသူများသည် ကြောက်မက်ဖွယ်ကောင်းသောနေရာ၌ ဆက်လက်နေထိုင်ပါက သေးငယ်သောပြဿနာမှ ကြီးသောပြဿနာဖြစ်စေနိုင်သည်။ ဤကဲ့သို့ အခြေအနေကို မထိမ်းချုပ်နိုင်လျှင် ရုတ်တရက်ကြွက်သားများတင်းမာခြင်း၊ ဝမ်းနည်းခြင်း မျက်နှာတို့ ထင်ရှားတတ်သည်။

ကျွန်တော်တို့၏ ပထမ နာကျင်မှုသည် **စိတ်အားငယ်ခြင်းဖြစ်သည်။** ဤအရာသည် သူတစ်ပါးနှင့်နှိုင်းယှဉ်ခြင်းကြောင့်ဖြစ်သည်။ ထိုသို့ဖြစ်ရခြင်းသည် သူတစ်ပါးနှင့်စကားပြောခြင်း၊ အတူလုပ်ကိုင်ဆက်နွယ်ရန် ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှုမရှိသဖြင့် သူတစ်ပါးနှင့်ရင်ဆိုင်ရန် အတွင်းပိုင်းကြောက်ရွံ့ခြင်း ဖြစ်သည်။ ဤဆိုးသောအယူအဆသည် ကြောက်စိတ်ဝင်သောအမူအရာ၊ အပြင်ပိုင်းကိုယ်နေဟန်ပန်စသည်တို့ဖြင့် သိမြင်နိုင်ပါသည်။

ဤစိတ်နေသဘောထားဖြင့် အမြဲသက်ရှင်ကြီးထွားလာခြင်းသည် သင်၏အရည်အချင်းကို ကျဆင်းလာစေသည်။ ၎င်းအားဖြင့် အကျိုးဆက်ပေါ်ပေါက်လာမည့်အရာမှာ ကိုယ်နှင့်မလိုက်အောင်ပြုမူခြင်း၊ လက်ဖြင့်ခယဝပ်တွားစွာပြုလုပ်တတ်ခြင်းဖြစ်သည်။ ၎င်းထက်ဆိုးသောအရာမှာ လူတိုင်း၏လုပ်ဆောင်မှုကို

အမြဲဝေဖန်ခြင်း၊ သူတပါးကိုမနာလိုသဝန်တိုခြင်း၊ သူတပါး၏ အားနည်းခြင်းကို ခြိမ်းခြောက်မှုပြုတတ်သည်။ ထိုသို့သောလူသည် သူ့ကိုယ်သူဂုဏ်ငယ်စွာ တွေးမြင်လာသောအခါ စိတ်အားငယ်စွာခံစားသည့်အတွက် ထိုသူ၌တရားမျှတခြင်းမရှိနိုင်တော့ပေ။ ထိုသူတို့သည် သူတို့၏ကြောက်စိတ်ပပျောက်ရန် အကဲဖြတ်ဝေဖန်ပေးသူ တည်ငြိမ်မှုနှင့် စိတ်ချမှုရရှိရန်ပြုစုပျိုးထောင်ပေးသူ သစ္စာရှိသောသူငယ်ချင်းပင် မရှိတတ်ချေ။

ခရစ်တော်ကျိန်းဝပ်ခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်၏အမြဲမိတ်ဖွဲ့ခြင်း ထက်သာ၍ကြီးမြတ်သောအရာမရှိတော့ပါ။ အသက်ရှင်ခြင်းပညတ်တရားကို ပေးသောသူသည် အသက်ရှင်ခြင်း ပညတ်တရားဖြင့် ကျွန်တော်တို့အထဲ၌ အသက်ရှင်လျက်ရှိသည်။ ခရစ်တော်နှင့် ဝိညာဉ်တော်တို့၏ ချိုသာသော မိတ်သဟာယဖွဲ့ခြင်း၌ လျှောက်လှမ်းခြင်းနှင့် သူတို့၏မိတ်သဟာယပေါင်းဖော် ပြုခြင်းကို သိခြင်းသည် အားအင်တိုးခြင်းနှင့် လုံခြုံစိတ်ချမှုတွင်လျှောက်လှမ်းခြင်းဖြစ်သည်။

သင်သည်ရှင်ဘုရင်၏ သား/သမီးဖြစ်သည် (၁ယော ၃း၁-၂)။ သင်နှင့် ပတ်သက်သောအရာအားလုံးသည် အထူးကောင်းမွန်ထူးခြားလှသည်။ ထို့ကြောင့် သမ္မာတရားကိုသင်ယူလော့။ မှန်သောချစ်ခြင်းမေတ္တာရှိလော့။ သမ္မာတရား၌ သက်ရှင်လော့၊ သို့ပြုပါကသင့်ကိုလွတ်မြောက်စေလိမ့်မည် (ယောဟန် ၈း၃၂)။ သင်၏ဦးခေါင်းကိုထောင်၍ သင့်ပုခုံးကိုဆွဲဆန့်ကာ လူတိုင်းကိုစိတ်ချသော စိတ်နှင့်ကြည့်လော့။ သင်သည်ဒုတိယမွေးဖွားခြင်းခံပြီးသောကြောင့် တောင်းခံခြင်း မပြုပဲပေးကမ်းရမည်။ သင့်အနီးပါး၌ ဖြတ်သန်းသွားလာသောသူများ မင်္ဂလာဖြစ်စေရန်သင့်အထဲရှိ ခရစ်တော်သည် တတ်နိုင်တော်မူ၏။ ထို့ကြောင့် မဝပ်တွားပါနှင့် အသက်လမ်းမှထွက်ပြေးခြင်းမပြုပဲ ထိုအရာများကို ရှင်ဘုရင်သားပီပီအုပ်စိုးပါ (၂ကော ၆း၁-၁၀)။

ကျွန်တော်တို့၏ နောက်ထပ်ဒုတိယနာကျင်မှုမှာ **မလုံမလဲဖြစ်ခြင်း** ဖြစ်ပါသည်။ မလုံမလဲဖြစ်ခြင်းဆိုသည်မှာ လုပ်ငန်းကိုစီမံကိုင်တွယ်ရန်သင်၏ အရည် အချင်းကိုသံသယရှိခြင်းဖြစ်သည်။

အချို့မှာမူ မွေးစကတည်းက ဤယုံကြည်စိတ်ချမှုမရှိသော အမင်္ဂလာနှင့် ကျိန်ဆိုထားသကဲ့သို့ဖြစ်ပြီး အချို့မှာမူမမွေးဖွားခင်စကပင် ပျက်စီးခြင်း



အမင်္ဂလာခံရသည်နှင့်တူသည်။

ထို့အရာထက်ပို၍ သနားစရာကောင်းသည်မှာ မိဘ၏ချုပ်ကိုင်ဖိအားပေးမှုကြောင့် စီမံကိန်းအများစုကို လုပ်ဆောင်နေရသောသူဖြစ်သည်။ သူတို့၏ လုပ်ဆောင်ချက်သည် ကလေးများကဲ့သို့ ငြီးငွေ့ဝေဖန်မှုပြုလာကြပြီး လုပ်ဆောင်ချက်တိုင်းတွင် ထိရောက်မှုသိပ်မရှိတော့ဘဲ တစ်ခုခုပြုလုပ်ရန်အားကိုးလို့မရတော့သည့်အပြင် လူရာမဝင်၊ အသုံးမရသောသူအဖြစ် မှတ်သားခြင်းခံရတတ်သည်။ နောက်ပိုင်းတွင် သူတို့၏သူငယ်ချင်းများကပင် စုံစမ်းသရော်ခြင်းခံရ၍ တခါတရံအိမ်၌ပင်လျှင် ဂရုဏာမဲ့စွာ ပစ်ပယ်လစ်လျူရှုခြင်းခံရတတ်သည်။

ယခုတွင်ယုံကြည်ခြင်းသည် ကျဆုံးမှုကြောက်ရွံ့ခြင်းများကို တိုက်လှန်ရမည်။ ငါမတတ်နိုင်ဘူးဆိုတာထက် ငါ့ကိုခွန်အားနှင့်ပြည့်စုံစေသော ခရစ်တော်အားဖြင့် အရာခပ်သိမ်းကို ငါတတ်စွမ်းနိုင်၏ (ဖိလိ၊ ၄း၁၃) ဟုကြွေးကြော်ရမည်။ သင်၏ယုံကြည်ခြင်းကို နှုတ်ဖြင့်ပြောထုတ်ပြီးပါက **စတင်လုပ်ဆောင်ပါ။** အကျင့် (အလုပ်) မပါသော ယုံကြည်ခြင်းသည်အသေဖြစ်၏ (ယာကုပ် ၂း၂၄)။ သင်ကိုယ်တိုင်လုပ်ငန်းခွင်တွင်ပါဝင်၍ လုပ်ငန်းခွင်အတွက်လိုအပ်သော ဉာဏ်ပညာနှင့် အောင်မြင်မှုအတွက်အားအင်ကို သင့်ထဲ၌ကျိန်းဝပ်သော ခရစ်တော်ကို အားကိုးပါ။ အောင်မြင်ခြင်းကို တောင့်တလျက်ရှိသော သင့်ဆန္ဒကိုအားနွဲ့စေသော ခံစားမှုများ၊ ကြောက်ရွံ့မှုများကို လုံးဝခွင့်မပြုပါနှင့်။

နောက်ထပ်ပို၍နက်သော တတိယနာကျင်မှုမှာ **လုံခြုံမှုမရှိခြင်း** ဖြစ်သည်။ ဤအရာသည် အမြဲတမ်းကျွန်တော်တို့ကို ဘယ်လိုမြင်သလဲ၊ လူတွေက ကျွန်တော်တို့ကိုပုဂ္ဂိုလ်တစ်ဦးကဲ့သို့ မြင်ရဲ့လား၊ စသည်ဖြင့် လုံခြုံမှုမရှိခြင်းဆိုလိုသည်။ စကြာဝဠာကြီးထဲသို့ မွေးဖွားလာသောကလေးတိုင်းသည် ပုဂ္ဂိုလ်တစ်ဦး အဖြစ်ချစ်ခြင်းမေတ္တာပြည့်ဝစွာ ခံစားရသောအိမ်၌ ပျော်ရွှင်သကဲ့သို့ လူတိုင်း ပျော်ရွှင်စေဖို့ရန် ဘုရားသခင်ရည်ရွယ်ထားပါသည်။

ဝမ်းနည်းဖွယ်ရာ မိသားစုကွဲပြားခြင်းအများဆုံး တွေ့ရသောနေရာသည် လုံခြုံစိတ်ချမှုမရှိသော အသိုင်းဝိုင်းများမှပေါက်ဖွားလာခြင်းဖြစ်သည်။ ကွာရှင်းသောလင်မယားမှ မွေးလာသောကလေးငယ်များသည် အသက်တာ၏ အခြေခံလိုအပ်ချက်ဖြစ်သော မေတ္တာနှင့်လုံခြုံမှုကိုမခံစားရချေ။ မိဘ(သို့) လုပ်ဖော်

ကြီးစွာထိခိုက်စေတတ်သည်။ ထိုအရာကိုဆရာဝန်သည် မှားယွင်းစွာရောဂါစစ်တမ်းထုတ်ခြင်း၊ သူနာပြုများက လူနာကဲ့သို့ပြုစုခြင်း၊ မိခင်များက ကလေးကဲ့သို့ပြုစုခြင်းစသည်ဖြင့် ကုသတတ်ကြသည်။ သို့သော်ဘုရားသခင်ကသာ သင့်မှားယွင်းမှုနှင့် သင့်စိတ်သဘောထားကို နားလည်ပါသည် (တောလည် ၃၅း၂၅-၃၂)။ ထို့ကြောင့်ဖျားနာခြင်းပြန်လည်စွပ်စွဲချက်၌ အချိန်မဖြုန်းပဲ သင့်ကိုခွင့်လွှတ်၍ အပြစ်မှ ကယ်နှုတ်နိုင်သော ဘုရားသခင်၏ မေတ္တာတော်၌အနားယူပါက မရွယ်ပဲပြုမိသောအပြစ်များပင်တွင် သူ၏မေတ္တာထင်ရှား ကျယ်ပြန့်လာလိမ့်မည်။

သင်၏ငြိမ်သက်ခြင်းကို နှောင့်ယှက်ရန်ရှာဖွေသော စာတန်ကိုတိုက်ထုတ်ပါ။ သူ၏စွပ်စွဲချက်ကိုငြင်းပယ်ပါ (ဗျာဒိတ် ၁၂း၁၀)။ စာတန်ကိုတိတ်ဆိတ်စေသာမက သင်၏ကြောက်ရွံ့မှုနှင့်ခံစားမှုကို ငြိမ်းချမ်းစေနိုင်သော ဝိညာဉ်ရေးရာရင့်ကျက်သောခရစ်ယာန်တစ်ဦး၏ စီရင်ချက်တန်ခိုးဖြင့် ဆုတောင်းပေးခြင်းကိုခံယူပါ။ ဝိညာဉ်တော်နှင့်ပြည့်ဝသောဓမ္မဆရာသည် ဝိညာဉ်တော်အားဖြင့် လျင်မြန်စွာသင့်ကို စစ်ဆေးမှုပြု၍ ဝိညာဉ်ရေးရာစစ်တိုက်ခြင်းနှင့် ကောင်းကင်နှင့်ပတ်သက်သောအရာကို ကိုယ်စားပြုသူဖြစ်သောကြောင့် သင့်သက်တာကောင်းစေရန် ဝိညာဉ်တော်သည် မစတော်မူလိမ့်မည်။

နောက်ဆုံး၌ စိတ်အားငယ်ခြင်း၊ မလုံမလဲဖြစ်ခြင်း၊ လုံခြုံမှုမရှိခြင်းနှင့် ဒုစရိုက်အပြစ်တို့၏နောက်၌ ပါရှိသောအရာမှာ စိုးရိမ်ပူပန်ခြင်း၊ သံသယဖြစ်ခြင်းနှင့် ကြောက်ရွံ့ခြင်းတို့ဖြစ်သည်။ ဤအရာများသည် ဖော်ပြရန်လွယ်သော်လည်း ဖြေရှင်းရန်ခက်ခဲလှသည်။

စိုးရိမ်ပူပန်ခြင်းသည်လူကိုအဝေးသို့ဆောင်ယူစေပါသည်။ သင်သည် ၎င်းကိုနည်းအမျိုးမျိုးဖြင့်ဖြေရှင်းရန် ကြိုးစား၍သင့်အတွေးထဲမှ မောင်းထုတ်လျှင်တောင်မှ ခေါင်းမာစွာမထွက်ခွာရန်ငြင်းပယ်ပါက ၎င်းစိုးရိမ်ခြင်းသည် ပြင်းစွာသင့်ကိုခံစားစေပါလိမ့်မည်။ သင်သည် တိကျသေချာသော အခြေအနေအားလုံးပြုလုပ်နိုင်ခဲ့ရင်တောင်မှ တခါတရံသင်မတတ်နိုင်သောအရာအများစု ကျန်ရစ်တတ်သည်။ ထိုကဲ့သို့အချိန်၌စိုးရိမ်ခြင်းအမှုရှိသမျှကို ကိုယ်တော်ထံအပ်နှံပါက သူသည်တာဝန်ယူလိမ့်မည် (၁ပေ ၅း၇)။

ကျွန်တော်တို့ကို ယေရှုကပြောခဲ့သည်မှာ စာငှက်ကလေးများသည် ဒီတနေ့



မဟုတ်ပဲ (၁ကော၊ ၁၅း၃)၊ ကျွန်တော်တို့၏ ဇာတိလူဟောင်းသေစေမြှုပ်နှံသောနေရာဖြစ်သည် (ရောမ၊ ၆း၁-၁၄)။ ခရစ်တော် ကျွန်တော်တို့အတွက် အသေခံခြင်းသည် အတိတ်၌ကျူးလွန်ခဲ့သောအပြစ်များကို ပြီးဆုံးစေသာမက ခရစ်တော်ထဲ၌ ကျွန်တော်တို့ဇာတိသေစေခြင်းသည် အတိတ်၌ထိခိုက်ပျက်စီးမှုများကို ပြီးဆုံးစေသည် (ဂလာ၊ ၂း၂၀၊ ကောလော၊ ၃း၁-၄)။

နေ့စဉ်နေ့တိုင်း သူ၏ရှင်ပြန်ထမြောက်ခြင်းအသက်တာကို ကျွန်တော်တို့အထဲ၌စီးဝင်ရန် အမြဲရှာဖွေလျှင် ကျွန်တော်တို့၏ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ပြုပြင်ရာ၌ လွယ်ကူစေပါသည် (ရောမ၊ ၁၂း၁-၂)။ အဘယ့်ကြောင့်ဆိုသော် စိတ်အားငယ်ခြင်း၊ မလုံမလဲဖြစ်ခြင်း၊ လုံခြုံမှုမရှိခြင်း စသည်တို့သည် သူ၌မရှိ၊ မသိပါ။ ဤအထက်ကောင်းကင်ဉာဏ်ပညာသည် လောကီပညာတို့အဘို့ မိုက်မဲသောအရာဖြစ်သော်လည်း ထိုအရာသည် ကျွန်တော်တို့၏အပြစ်နှင့် ငါဆိုသောဇာတိမှ ကယ်တင်နိုင်သော တစ်ခုတည်းသောတန်ခိုးတော်ဖြစ်သည်။ (၁ကော၊ ၁း၁၇-၂၅)။

ဘုရားသခင်သည် ကျွန်တော်တို့၏ဘဝပျက်စီးမှုကို ပြုပြင်ရန်မဟုတ်ဘဲ လုံးဝအစားထိုးလဲပေးရန်ဖြစ်သည်။ ကျွန်တော်တို့ပြောင်းလဲချိန်၌ ငါတို့ထဲရှိ ခရစ်တော်သည် ကျန်းမာခြင်းအတွက် မျှော်လင့်ချက်ဖြစ်ပြီး ငါတို့ထဲ၌ ခရစ်တော်ပြည့်စုံခြင်းသည် ဘုန်းတော်ထင်ရှားစေရန် ရည်ရွယ်ချက်ကို လုပ်ဆောင်ခြင်းဖြစ်သည် (ကောလော ၁း၂၇-၂၉)။ ကျန်ရှိသောအရာအားလုံးသည် ရှင်ဘုရင်များကဲ့သို့သက်ရှင်နိုင်စေရန် ကျွန်တော်တို့အတွက်ဖြစ်သည် (ရောမ ၅း၁၇)။ အသစ်သော စကြာဝဠာ၌ (ဗျာဒိတ် ၂၁း၁-၇)၊ ကိုယ်ခန္ဓာအသစ်ဖြင့် သက်ရှင်ရန် (ရောမ ၈း၂၃)၊ ကျွန်တော်တို့၏ ရွေးနှုတ်ခြင်းရောက်ရှိသည်တိုင်အောင် ဤတစ်ခုတည်းသာ မျှော်လင့်ချက်၌ ဝမ်းမြောက်ကြကုန်အံ့။

သင့်ကိုသင်ဆိုးသော အတွေးအခေါ်အားဖြင့် မသန်မစွမ်းဖြစ်စေသော်ငြားလည်းကိစ္စမရှိပါ။ ယေရှုသည်ဖြေရှင်းပေးသောသူဖြစ်၏။ သူနှင့်တစ်လုံးတဝဖြစ်ခြင်းအားဖြင့် ရင့်ကျက်မှုနှင့်ပြည့်စုံမှုရှိလာစေရန် သင့်အတွက်အရာအားလုံးမစထောက်ပံ့လျက်ရှိသည် (၁ကော ၁း၃၀)။ **စိတ်အားငယ်ခြင်း၊ မလုံမလဲဖြစ်ခြင်း၊ လုံခြုံမှုမရှိခြင်းစသည်တို့အတွက် ဘုရားသခင်၏ အဖြေသည်**

**ခရစ်တော်ဖြစ်သည်။**

အခြားဦးခေါင်းကိုက်ခဲစေသောအရာနှင့် ဝိညာဉ်ပကတိကိုလေးလံစေသောအရာ (၂)ချက်မှာ **စစ်မှန်သည့်ဒုစရိုက်နှင့် စိတ်ကူးသည့်ဒုစရိုက်** တို့ဖြစ်သည်။ ပထမအချက်သည် စိတ်ပိုင်းဆိုင်ရာပို၍ကျဆင်းစေ၍ ဒုစရိုက်စတင်ပြုလုပ်စေသောအရာဖြစ်ပြီး ဒုတိယအချက်မှာ စိတ်ကူးအားဖြင့်သာပြုခြင်းဖြစ်သောကြောင့် ရှောင်ရှားရန်နှင့် မေ့ဖျောက်ရန်လွယ်ကူသည်။

ဒုစရိုက်သည် အပြစ်သား၏အထဲ၌ နက်ရှိုင်းစွာမြှုပ်နှံ၍ ၎င်းပုဂ္ဂိုလ်အပေါ်၌လေးလံသောဝန်ဖိအားဖြစ်စေသည်။ ဦးနှောက်ငြိမ်သက်ခြင်းကို ဖယ်ထုတ်၍ ကျန်းမာရေးနှင့်ပျော်ရွှင်မှုကို ပျက်စီးစေပါသည်။ ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်ပိုင်းဆိုင်ရာတို့၌ အပြစ်တရားအခကား သေခြင်းပေတည်း (ရောမ၊ ၆း၂၃)။ အဆိုး၊ အကောင်းသိစိတ်အပြစ်၏တန်ခိုးသည် သေခြင်းသို့တိုးရန် အရှိန်မြင့်စေတတ်သည်။ အပြစ်ရှိသောသိစိတ်သည် သက်သာနားယူခြင်းမရှိပဲ အမြဲတမ်းထက်မြတ်နေတတ်သည်။ သိစိတ်၏လူးလွန့်သော ရောဂါပိုးသည်မည်သည့် ဆေးဝါးနှင့်မှငြိမ်းသတ်နိုင်ခြင်းမရှိပဲ ၎င်း၏ဒုစရိုက်ကြောင့် ရရှိသောနောင်တမီးသည်လည်း ဘယ်လိုမှ မငြိမ်းနိုင်ပါ။

၎င်းအားဖြင့် ဖော်ပြလိုသောအရာမှာ ငရဲလေးသာဖြစ်သည် (မာကု၊ ၉း ၄၄)။ ထိုအပြစ်အတွက် စာတန်၏ကုသမှုသည် အမင်္ဂလာသာဖြစ်သည်။ ၎င်း၏အကျိုးရလဒ်မှာ စိတ်ငြိမ်သက်မှုမရှိခြင်း၊ အိပ်မပျော်နိုင်ခြင်း၊ နေ့အချိန်၌စိတ်ကူးယဉ်နေခြင်းတို့ဖြစ်သည်။ ၎င်းအပြစ်ကိုကုသပေးနိုင်သော ဆေးသမားမရှိဘူးလား၊ ရှိပါတယ်။ သို့သော်ဆေးသမားတဦးတည်းသာရှိသည်။

အသိစိတ်အပြစ်ရောဂါကို ကျန်းမာရန်သင်ဘာမှမတတ်နိုင်ကြောင်းဆိုတာမသိပါက ၎င်းရောဂါကြောင့် သေတော့မည့်ပုဂ္ဂိုလ်ကိုသင်ဘယ်တော့မှ ကုသနိုင်မည် မဟုတ်ပါ (ရောမ၊ ၅း၆-၈)။

နောက်ထပ်သင်ရင်ဆိုင်ရမည့်အရာမှာ သင်၏အတိတ်၌ ပြုခဲ့သောအပြစ်များအတွက် ပြစ်ဒဏ်ပြန်ပေးဆပ်ခြင်း (ရောမ၊ ၆း၂၃) (သို့) သင့်အပြစ်အတွက် တစ်စုံတစ်ယောက်ကပေးဆပ်ပေးခဲ့သော သတင်းကောင်းကို လက်ခံယုံကြည်ခြင်းဖြစ်သည် (ရောမ၊ ၃း၂၃-၂၆)။ ဟုတ်ကဲ့အပြစ်နှင့် ကင်းစင်



သောဘုရားသခင်၏သားတော် ယေရှုခရစ်သည် သင့်အတွက်အစားထိုးပေးဆပ်ပူဇော်ခဲ့ပြီ (၁ပေ ၃း၁၈)။ သေထိုက်သောသင်၏ ပြစ်ဒဏ်ကိုလက်ခံတော်မူပြီ။ သင်၏အပြစ်များကို ယေရုရှလင်မြို့ပြင်ရှိတောင်ကုန်းပေါ်သို့ သူတစ်ယောက်တည်းဖြေရှင်းပေးတော်မူပြီ (၁ကော၊ ၁၅း၁-၃)။ သန့်ရှင်းသော ဘုရားသခင်သည် လူတစ်ယောက်၏အပြစ်ကြွေးအတွက် (၂)ကြိမ်ပေးဆပ်ရမည်မှာမဖြစ်နိုင်ပါ။ သင်၏အပြစ်ဒုစရိုက်များကို သူပေးဆပ်ခွင့်လွှတ်ရုံသာမက သတိမရတော့ပေ (မိက္ခာ၊ ၇း၁၉)။

ဤအံ့ဩဖွယ် သမ္မာတရားပေါ်၌ သင်သည်ယုံကြည်အသိမှတ်ပြုပါက သင်၌ပြန်လည်တုံ့ပြန်ခြင်း (၂)ထပ်ရှိလိမ့်မည်။ သင်၏အတိတ်၌ပြုခဲ့သောဒုစရိုက်များကို ရုတ်တရက်ခံစားလာပြီးယခုတွင် ၎င်းတို့ကိုရုတ်တရက်ပြန်လည်ဆန့်ကျင်လာလိမ့်မည်။ ယခုတွင်သင်သည် အပြစ်ကိုစွန့်ခွာ၍ ဘုရားသခင်၏သားကဲ့သို့သင့်ကို အသက်ရှင်စေနိုင်သော ခရစ်တော်ပြန်လည် ထမြောက်ခြင်းအသက်တာ၏တန်ခိုးတော်ကို ဝမ်းမြောက်စွာနှင့်လက်ခံပါ (၁ယော ၁း၁၂)။ အကယ်၍ယေရှု၏သေခြင်းသည် သန့်ရှင်းသော ဘုရားသခင်နှင့်သင့်ကိုပြန်လည် သင့်မြတ်စေလျှင်၊ သန့်ရှင်းသောဘုရားသခင်သားတော်၏ အသက်တာသည် အဘယ်မျှလောက်သင့်အထဲ၌ ပြည့်စုံစွာနှင့် မြဲမြံစွာအသက်တာကို ပြောင်းလဲစေမည်နည်း (ရောမ၊ ၅း၁၀)။ အကယ်၍သင်သည် အပြစ်၌ပြန်လည်ကျဆင်းလျှင် သင်၏အသစ်သော ဒုစရိုက်ကိုမွေ့နှောက်စေရန်သင်၏ ရန်သူကိုခွင့်မပေးပါနှင့်။ သင်၏အပြစ်ကို အမြန်ဆုံးဝန်ချတောင်းပန်ပြီးနောက်ပြန်လည်လျှောက်လှမ်းခြင်းကိုအစပြုပါက (၁ယော၊ ၁း၉)၊ သားတော်၏အသွေးကိုယုံကြည်ခြင်းနှင့် သင်၏နောင်တရခြင်းသည် ဘုရားသခင်ကို ကျေနပ်စေ၍ သင်သည်ပြန်လည်ပြုံးလာနိုင်မည်ဖြစ်သည်။

ယခုတွင် **စိတ်ကူးသည့်ဒုစရိုက်** ဟုခေါ်သော ရှောင်ဖယ်သော်လည်းကိုးရိုကားရားဖြစ်စေသောအရာကို ကိုယ်တွယ်ဖြေရှင်းကြပါစို့။ ဤအပြစ်သည် မခွင့်လွှတ်နိုင်သောအပြစ်ဟု သင်ခံစားသောကြောင့် ကြိမ်ပေါင်းများစွာ ခွင့်လွှတ်ခြင်းရှာ၍ဝန်ချတောင်းပန်သော်လည်း စွပ်စွဲခြင်းမဆုံးနိုင်တော့ပါ။

အချို့မှာမူ တယောက်တည်းသတိမဲ့စွာနေထိုင်ကျက်စား၍ သူတပါးကို

ခရစ်တော်နှင့်အတူ တစ်လုံးတဝလျှောက်လှမ်းသကဲ့သို့ ဝိညာဉ်ပကတိ အသက်ရှင်ခြင်း၏ ပညတ်သည် အပြစ်၊ သေခြင်းနှင့်ထုံးတမ်းစဉ်လာ အဟန့်အတား များမှ လွတ်မြောက်စေသည်။ “ငါသည်ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ။ သို့သော်လည်းအသက်ရှင်သေး၏ ထိုသို့ဆိုသော် ငါသည်ကိုယ်တိုင် မရှင် ခရစ်တော်သည် ငါ၌ရှင်တော်မူ၏” (ဂလာ ၂း၂၀)ဟု ကျွန်တော်တို့၏ ယုံကြည်ခြင်းကို အမြဲတမ်းစိတ်ချစွာဝန်ခံပါက ကိုယ်အင်္ဂါများ၏ကြိုးစားလုပ်ဆောင်မှု၌ သူ၏လက်ရုံးတော်ကိုအမြဲတမ်းမြင်တွေ့ကြရမည်ဖြစ်သည် (ရောမ၊ ၆း၁၃)။

သေခြင်းမှရှင်ပြန်ထမြောက်သောသားတော်ယေရှုခရစ်သည် ကျွန်တော်တို့၏အတွင်း၌ ဝိညာဉ်တော်အမြဲထပ်တူရှိပါက ကျွန်တော်တို့၏ နာကြင်ခြင်း ဝေဒနာအားလုံးသည် ခရစ်တော်၏ ပြည့်စုံခြင်းအားဖြင့်လွှမ်းမိုး၍ ကျန်းမာပကတိ ဖြစ်လာလိမ့်မည်။

မျှော်လင့်ချက်မဲ့နေသောအပြစ်သားကို ကယ်တင်ခြင်းသည် အံ့သြဖွယ်ဖြစ်ပြီး (ရောမ ၅း၁)၊ မျှော်လင့်ချက်မဲ့နေသော ယုံကြည်သူကို ကယ်တင်ခြင်းသည် ပို၍အံ့သြဖွယ်ဖြစ်သည် (ရောမ၊ ၈း၁-၄)။ ဤအရာသည် အသက်ထက်မက ကြွယ်ဝသောအသက်တာရှိခြင်းဖြစ်သည် (ယောဟန်၊ ၁၀း၁၀)။ ၎င်းသည် အသက်တာမှ ပြေးလွှားနေခြင်းမဟုတ်ပဲ အသက်တာတွင် ယေရှုခရစ်တော်အားဖြင့် အုပ်စိုးခြင်းဖြစ်သည် (ရောမ၊ ၅း၁၇)။

ဤသို့သောအသက်တာသည် ဟန့်တားခြင်းမရှိသော (သို့)ခြောက်လှန့်မှုမရှိသောအသက်တာဖြစ်ပြီး လွတ်လပ်စွာခံစား လှုပ်ရှားသွားလာသော အသက်တာဖြစ်သည်။ အကျွန်ုပ်ရန်သူများကို ဘယ်လိုလိုက်လံတိုက်ထုတ် နိုင်မလဲဆိုတာ သိသော အသက်တာဖြစ်သည်။

လှပသောနေ့သစ်၏ အာရုံဦးကဲ့သို့ ဘုရားသခင်၏ မေတ္တာသည် ဖြောင့်မတ်သောသူ၏ လမ်းခရီးတွင် နေရောင်ခြည်ကဲ့သို့ ထွန်းလင်းတောက်ပသောကြောင့် ဖိစီးခြင်းနှင့် စိတ်ဓါတ်ကျခြင်း၏ နှစ်ရှည်လကြာသောမှောင်မိုက်ညသည် လျှင်မြန်စွာမေ့ပျောက်လိမ့်မည်။ ဤတောက်ပသောအတွေ့အကြုံထဲသို့ သင့်ခြေလျှောက်လှမ်းသောအခါ သင့်ရှေ့၌အမှောင်ထုသည် ဆုတ်ခွာလိမ့်မည်။ ထိုမှောင်မိုက်တန်ခိုးကသင့်အား ဒုက္ခပေးမှုသည် ကြောက်လန့်၍အဝေးသို့



အသက်ရှင်ပြီး မနက်ဖြန်အတွက် ဘုရားကိုအားကိုးလျက်ရှိသည်။ ပန်းပွင့်လေးများလည်းပဲဒီကနေ့တွင် ပွင့်လန်းဝမ်းမြောက်ရန်နှင့် မနက်ဖြန်အချိန်ကို ရင်ဆိုင်ရန် ကျွန်တော်တို့ကိုသင်ပေးသည်။ ကျွန်တော်တို့သည် ထိုစံနမူနာများကိုသိ၍ လိုက်လျှောက်ရန် အမိန့်ပေးထားသည်မှာ “နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားကို ရှေးဦးစွာရှာ၍ အခြားလိုအပ်သောအရာကိုထပ်၍ ပေးမည်ဟု” (လုကာ ၁၂း၂၂-၃၀)တွင် ဆိုထားပါသည်။

သံသယဖြစ်ခြင်းသည် သမ္မာတရားကိုသေချာမသိခြင်းဖြစ်သည်။ သံသယသည် သင်ဘာလုပ်ရမည်နည်း၊ သင်ဘာကိုယုံရမည်နည်းဆိုသောအရာတို့ကို ကြောက်ရွံ့စေခြင်း၊ သံသယရှိစေခြင်းသို့ ဦးဆောင်လိမ့်မည်။ ဤနှိပ်စက်မှုသည် သင်၏ခွန်အားကို လျော့စေ၍သင်၏စိတ်ချမှုကိုလည်း ခိုးယူလိမ့်မည်။ ယခုတွင် စာတန်သည် သင်၏ဦးနှောက်ထဲသို့ သံသယစိတ်ကို ထည့်ပေးရန် သတိနှင့်သင့်ကို စောင့်ကြည့်သော်လည်း၊ ယေရှုက သမ္မာတရားသည် သင်တို့ကိုလွတ်စေလိမ့်မည် (ယောဟန် ၈း၃၂)။ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုသိခြင်း၊ လိုက်လျှောက်ခြင်းသည် သင်၏သံသယကို ဖျက်စီးစေ၍ သင့်အထဲရှိအမှောင်ထုထဲသို့ အလင်းပို့ကာ သင့်စိတ်ကိုတစုတစည်းတည်းဖြစ်စေလိမ့်မည်။

ကြောက်ရွံ့ခြင်းသည် စိတ်ကူး(သို့) တကယ့်အဖြစ်ပျက်ကြောင့် တထိန့်တလန့်ခံစားရခြင်းဖြစ်ပြီး နာကျင်ခြင်းဝေဒနာသယ်ဆောင်လာတတ်သည်။ (၁ယော ၄း၁၈)။ ကြောက်ရွံ့ခြင်းသည် သင်၏ဆန္ဒကို ရပ်တန့်စေနိုင်ပြီး ဘာမျှမပြုနိုင်ရန်သင့်ကို ထိမ်းချုပ်စေနိုင်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ယုံကြည်မှုအပြည့်ရှိသော ဂတိတော်ဖြစ်သောကြောင့် အကယ်၍ယုံကြည်စိတ်ချစွာ ဝန်ချပြောဆိုပါက သင်၏အချုပ်တံခါးများ ကျိုးဖျက်ရုံသာမက သင့်လမ်းခရီးရှိ ဒုက္ခပြဿနာတောင်များပင်လျှင် ဖယ်ရှားလိမ့်မည် (မာကု ၁၁း၂၃)။ ပြဿနာတိုင်းအတွက်ဘုရားသခင် ကတိတော်ရှိသည်။ ဘုရားသခင်သည် သူ၏ချစ်ခြင်းမေတ္တာကို နားလည်စေပြီး ကြောက်ရွံ့ခြင်းကိုဖယ်ရှားပေးလိမ့်မည် (၁ယော ၄း၁၈) (သို့) သူသည်သမ္မာတရားဖြင့် သင့်ကိုယ်သင်ကာကွယ်နိုင်ရန် ယုံကြည်ခြင်းပေးလိမ့်မည် (ဆာလံ ၂၇း၁)။ သင်၏ကြောက်ရွံ့ခြင်းကိုဖယ်ရှားရန် အကောင်းဆုံးနည်းလမ်းသည် သင်၏ယုံကြည်ခြင်းကိုဖွင့်ပြောရန်ဖြစ်သည်။ သင်၏နှုတ်ခမ်းပေါ်ရှိ နှုတ်

ကပတ်တော်သည် ကြောက်ရွံ့ခြင်းကိုမောင်းထုတ်၍ သင့်ကိုစိတ်ချမှုပေးနိုင်ပါသည်။

အကယ်၍ဤအရာများအားဖြင့် ကျွန်တော်တို့ကိုနာကျင်စေခဲ့လျှင် နှုတ်ကပတ်တော်နှင့် ကိုယ်ကိုပွေ့ပိုက်၍ ဘုရားသခင်ထံအကူအညီတောင်းခံပါ။ (ရောမ ၁၀း၁၃)။ ဤသို့မပြုလုပ်ပါက ထာဝရပျက်ပြားခြင်းသို့ ပို့ဆောင်တတ်သည်သာမကအထက်ပါရှုစ်ချက်တွင် တချက်ချက်ကို ဖြေရှင်းရန်အားနည်းနေပါကလည်း ဇောက်ပျက်ပြားစေနိုင်ပါသည်။ စိတ်ဓါတ်ပျက်ပြားခြင်းအမြဲဖြစ်နေပါက အတွင်းပိုင်းတွင်ရန်ဖွဲ့လိုသော စိတ်ဖြစ်လာပြီး တစ်ခါတစ်ရံစကားလုံး (သို့) ကိုယ်ကာယကျူးလွန်ခြင်း သို့မဟုတ်နှစ်ခုစလုံးဖြစ်စေတတ်သည်။ အကယ်၍ရန်လိုခြင်းသည် ထပ်၍များပြားစွာထွက်ပေါ်လာပါက ဒုစရိုက်အပြစ်ပွားများစုပုံလာစေပါသည်။

ရန်လိုခြင်းတွင်ပါဝင်သော အခြားအန္တရာယ်တစ်ခုမှာ သူတပါးအားညာတာမှုမရှိခြင်း သို့မဟုတ် ပြန်လည်တုံ့ပြန်ခြင်းဖြစ်သည်။ ၎င်းကိုဆုပ်ကိုင်ထားလျှင်ကျွန်တော်တို့၏ အတွေးနှင့်ခံစားချက်များယိုယွင်းပျက်စီးလာခြင်းသည် အတွင်းစိတ်ထဲသို့နက်ရှိုင်းစွာစီးဝင်လာမည်ဖြစ်သည်။

အတွင်းစိတ်ရန်လိုခြင်းသည် သူတပါးထံသို့မကူးစေပဲ ကျွန်တော်တို့၏အထဲ၌သာ မြှုပ်နှံမထားသင့်ပေ။ အကြောင်းရင်းမှာ ပြဿနာထဲတွင် ဘုရားသခင်၏ကျေးဇူးတော်တွေ့ရှိဖို့ရန်နှင့် ဘုရားသခင်၏နည်းလမ်းစီးဆင်းလာရန်ဖြစ်သည်။ သူတပါးအပေါ်၌အတွင်းစိတ်ရန်လိုခြင်းကို ကုန်ဆုံးရပ်တန့်စေဖို့ရန်အတွက် ထိန်းချုပ် နိုင်ခြင်းကျေးဇူးတော်ကို ဘုရားသခင်သည် ကောင်းစွာချပေးနိုင်ပါသည်။ ကျွန်တော်တို့၏ ဝိညာဉ်ကိုကွယ်ကာရုံသာမက အခြားလှုံ့ဆော်မှုများကိုလည်း ကာကွယ်ပေးသည်။

ယေရှုကဲ့သို့ပွင့်လန်းဝမ်းမြောက်သောစိတ်နှင့် ကျွန်တော်တို့သည်းခံလျှင် ဘုရားသခင်ကျေနပ်အားရတော်မူ၍ ကျွန်တော်တို့ကိုနာကျင်စေသောသူများပေါ်၌ပင်လျှင် ဂရုဏာသက်၍ယဉ်ကျေးစွာဆက်ဆံနိုင်မည်ဖြစ်သည် (၁ပေ ၃း၈-၁၄)။ ဘုရားသခင်သည် သားတော်ယေရှု၏ပုံရိပ်ကိုရောင်ပြန်ဟပ်သော အခြားသော သား/သမီးများကို တွေ့မြင်ရသောအခါ ကျေနပ်ပီတိဖြစ်လျက်ရှိသည် (ဟေဗြဲ ၂း၁၀)။ ယေရှုလည်းပဲ သူ၏ပုံရိပ်အား အပြစ်စက်ဝိုင်းမှ ဖယ်ရှားသော သူများ၌ ထင်ရှားစေတော်မူမည်။



အကယ်၍ရန်ဖွဲ့လိုသောစိတ်ကို မအောင်မြင်လျှင် ခံစားချက်ဆိုးရွားလာပြီး လွယ်ကူစွာအဖျားရောဂါရနိုင်သည်။ စိတ်ပိုင်းဆိုင်ရာဖျားနာခြင်းသည် ကိုယ်ခန္ဓာအသွေးသားကို အားနွဲ့စေသောကြောင့် ဘုရားသခင်၏လူများအကြားတွင် စိတ်ဝေဒနာအဖျားမျိုးမရှိသင့်ချေ။

သမ္မာတရား၌လျှောက်လှမ်းခြင်းသည် လုံးဝကျန်းမာခြင်းဖြစ်ကြောင်း ကျွန်တော်တို့သိစေရန်တမန်တော်ယောဟန်က ဤသို့ဆုတောင်းခဲ့သည်။ “အချင်းချစ်သူ၊ သင်၏စိတ်နှလုံးသည် ကောင်းစားသကဲ့သို့ သင်သည်အရာရာ၌ကောင်းစားခြင်းနှင့်ကျန်းမာခြင်း ရှိမည်အကြောင်းငါဆုတောင်း၏” (၃ယော၊ ၂-၃)။ ရှင်ပေါလုကလည်း “ရောင့်ရဲသောစိတ်ပါလျှင် ဘုရားဝတ်၌မွေ့လျော်ခြင်းသည် ကြီးစွာသော အကျိုးစီးပွားမှန်၏” (၁တိ ၆း၆)ဟု ပြောထားပါသည်။

ကျွန်တော်တို့၏ ခန္ဓာ၊ ကိုယ်၊ စိတ်၊ ဝိညာဉ်အားလုံးကျန်းမာခြင်းကို ဘုရားသခင်အလိုတော်ရှိ၏။ သူ့အတွက် အမှုဆောင်ခြင်း၌ခက်ခဲမှုမရှိကြပေ။ အဘယ့်ကြောင့်ဆိုသော် အမြဲတမ်းအမှုဆောင်ရွက်ရသော်လည်း၊ ဘုရားသခင်၏ လူတို့အတွက် ငြိမ်ဝပ်၊ ချမ်းသာခြင်းတမျိုးရှိသောကြောင့်ဖြစ်သည် (ဟေဗြဲ ၄း၉-၁၁)။

ဘုရားသခင်အတွက် အမှုတော်ဆောင်ခြင်းသည် ခရစ်တော်ကျိန်းဝပ်ခြင်း၏ အလိုအလျောက်စီးဆင်းလာသောအရာဖြစ်သင့်သည် (ကောလော၊ ၁း၂၉)။ ဤအရာသည် အကြံအစည်အားလုံး၏ လျှို့ဝှက်သောအရင်းအမြစ်ဖြစ်ပြီး ယေရှု၏လုပ်ဆောင်ချက်လည်းဖြစ်သည်။ ခမည်းတော်သည် သူ၌ကျိန်းဝပ်တော်မူသည်ကို သိခဲ့သည်။ “ငါဟောပြောသောစကားကို ကိုယ်အလိုအလျောက် ငါဟောပြောသည်မဟုတ်။ ငါပြုသောအမှုမို့ကား၊ ငါ၌တည်နေတော်မူသော ခမည်းတော်သည်ပြုတော်မူ၏ (ယောဟန် ၁၄း၁၀)။

သူမပါပဲခက်ခဲသောသင်ခန်းစာသင်ယူပါက ကျွန်တော်တို့သည်ဘာမှတတ်နိုင်ခြင်းမရှိ (ယောဟန် ၁၅း၅)။ အဘယ်ကြောင့်ဆိုသော် ဇာတိအသွေးသားကြိုးစားအားထုတ်မှု၌ကောင်းသောအရာမရှိသည်သာမက ဆိုးရွားသော ကျွန်တော်တို့၏ ဖြစ်ခြင်းကိုဝိညာဉ်တော်ထဲ၌ အသက်တာတခုလုံးဝမ်းမြောက်စွာ အသက်ရှင်နိုင်ရန် ဆောင်သွင်းလျက်ရှိသည် (ရောမ ၈း၁)။

အဘယ်ကြောင့်ဆိုသော် “ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့်ကင်းစင်စေခြင်းငှာ ဘုရားသခင်သည် သစ္စာတရားနှင့်လည်းကောင်း ဖြောင့်မတ်ခြင်းတရားနှင့်လည်းကောင်း ပြည့်စုံတော်မူ၏ (၁ယော၊ ၁း၉)။

ခရစ်တော်အသွေးတော်၏တန်ခိုးသည် ပျောက်ဆုံးပြီးဟု စာတန်က အလိမ္မာနည်းဖြင့် သိမ်းသွင်းခြင်းကို ခွင့်ပြုခြင်းသည် ဘုရားသခင်ကို ပုတ်ခတ်ပြောဆိုခြင်းဖြစ်ပြီး လိမ်ညာခြင်းသည်စာတန်ထံမှာလာ၏။ စာတန်သည်မုသာစကား၌ကျင်လည်သောသူဖြစ်၏။ မုသာ၏အဘလည်းဖြစ်၏ (ယောဟန်၊ ၈း၄၄)။

ရှင်းလင်းစွာခံစားခြင်းဖြင့် ယုံကြည်ခြင်းကိုဖြစ်လာစေပြီး ရံဖန်ရံခါ ၎င်းကိုကြီးထွားရှင်သန်စေရပါမည်။ သင်သည် နှုတ်ကပတ်တော်ကို သဘောတူ လက်ခံလာသောအခါ ကြောက်ရွံ့ခြင်းခံစားမှုများအစား ယုံကြည်စိတ်ချမှု ခံစားလာမည်။ ၎င်းသည်ပတ်ဝန်းကျင်ဒုက္ခရေလှိုင်းအားဖြင့် မနိုင်နိုင်သောကျောက်ဆောင်ကြီးဖြစ်လာမည်။

အကယ်၍တမန်တော်ရှင်ပေါလုသည် အတိတ်လူဟောင်းအကျင့်ကိုပြန်ရှင်သန်စေပါက ဝမ်းနည်းခြင်းနေ့ရက်များစွာနှင့် အိပ်မပျော်ခြင်းညများစွာရှိလိမ့်မည်။ သူသည်ကနဦးယုံကြည်သူများကို ညှင်းဆဲပြီးများစွာသောသူကိုထောင်ထဲသို့ အပ်နှံသောသူမဟုတ်လား၊ (တမန်၊ ၂၆း၉-၁၁)။ ထိုမျှမကခရစ်ယာန်များစွာသတ်ခြင်းနှင့် သတေဖန်သတ်ခြင်းအမှု၌လည်းပါဝင်ခဲ့သည်(တမန်၊ ၇း၅၈)။ ဤအမှုအရာများအကြားတွင် ထိုကဲ့သို့အကြီးအကျယ်ထိခိုက်နာကျင်ခြင်းများကိုကျန်းမာစေရန် သူရှာဖွေခဲ့ကြောင်း မှတ်တမ်းမတွေ့ရခဲ့ပါ။

သူသည်ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏ဟူသော (ဧဖက်၊ ၂း၈) နှုတ်ကပတ်တော်ကို ယုံကြည်ခဲ့သည်။ အပြစ်အားလုံးကို ခွင့်လွှတ်ခဲ့ပြီးဖြစ်ကြောင်းနှင့် သူ၏စိတ်ဝိညာဉ်အတွက် ဖြောင့်မတ်ခြင်းကိုပေးခဲ့ပြီးဖြစ်ကြောင်း သူသိခဲ့သည် (ရောမ၊ ၃း၂၁-၂၆)။ သူ့ကိုစွပ်စွဲစေသောအသံတစုံတခုကိုမျှ နားထောင်ခြင်းမပြုပဲ ခရစ်တော်၏ချစ်ခြင်းမေတ္တာနှင့် ငါတို့ကိုအဘယ်သူကွာစေမည်နည်းဟုကြွေးကြော်ခဲ့သည် (ရောမ၊ ၈း၃၁-၃၅)။

သင်လည်းပဲ သင်၏အတိတ်လူဟောင်းကို ပြန်လည်အသက်ရှင်စေဖို့ရန်အကြံပြုသောအသံများရှိခဲ့လျှင် ငြင်းပယ်ရမည်။ သင်၏စိတ်အတွင်းခံစားမှုနှင့်



ထွက်ပြေးလိမ့်မည်ဖြစ်ပြီး၊ သင့်ကိုထောင်ချောက်ဆင်နိုင်တော့မည်မဟုတ်ပေ။ ၎င်းသည်သင်ခံစားခဲ့သော ပျက်စီးမှုပြင်ဆင်ခြင်း၊ ဘုရားသခင်၏နည်းလမ်းဖြစ်သည်။ ယခုတွင်ဆိုးသောမှတ်ဉာဏ်ဖယ်ရှားပေးသည့် နည်းလမ်းကိုလေ့လာကြပါစို့။

# အခန်း (၉)
# အခြားသောသတင်းကောင်း

အတွင်းမှတ်ဉာဏ်သဘောနည်းလမ်းများဖြင့် သွားလာလုပ်ဆောင်ခြင်းသည် မှန်ကန်သည့်သဘောဆောင်သော်လည်း စာတန်၏ကျွမ်းကျင်စွာကိုင်တွယ်စီမံခြင်းနှင့် ဘုရားသခင်၏ရှုတ်ချခြင်းခံရတတ်သည်။ လက်ရှိအမှန်ရပ်တည်ချက်ကိုသိရှိရန် အတိတ်သို့ပြန်လှည့်ရန် ကျမ်းစာကမသွန်သင်ပါ။ ကျမ်းစာက အတိတ်ကို ဘုရားမြင်သကဲ့သို့မြင်ပြီး ခွင့်လွှတ်၊ မေ့ပျောက်ရန်လေးနက်စွာ ဖော်ပြထားပါသည်။

လူသားများအနေဖြင့် လှပသောသက်သေခံချက်များနှင့် စိတ်ဝင်စားဖွယ်ရာဇာတ်ကြောင်းများစွာ ပြသပေးလျှင်လည်း ကျွန်တော်တို့သည်ဘုရားမပါသောလောကီပညာ၊ နည်းဗျူဟာများဖြင့် ဘုရား၏နည်းလမ်း၊ ဘုရား၏နှုတ်ကပတ်တော်ကို အစားမထိုးရပေ (ဆာလံ၊ ၁း၁)။

အကယ်၍အမှုတော်ဆောင်များသည် လူတွေ၏တခုတည်းသော နက်နဲသော ဉာဏ်ပညာနှင့် သူတို့၏အတွင်းစိတ်ကို ကျန်းမာစေသော ခရစ်တော်နှင့်တွေ့ရန်သင်ကြားပေးမှုရှုံးနိမ့်ခဲ့လျှင် (ကောလော၊ ၂)၊ ဘုရားသခင်သည် သူ၏သနားကြင်နာခြင်းနှင့် ဂရုစိုက်မှုကိုနာကျင်နေသော သူ၏သားသမီးများအားကျန်းမာစေသော်လည်း သူ၏မေတ္တာသည် ကျွန်တော်တို့ကိုမှားသောအယူအဆများကြီးထွားဖွံ့ဖြိုးလာစေရန် အခွင့်ပေးထားခြင်းမဟုတ်ပေ။

အကယ်၍အထက်ကောင်းကင်ရာဇပလ္လင်၏ ဖိတ်ခေါ်ခြင်းသည် ဓမ္မပညာ အားဖြင့်တိုင်းတာရမည်ဆိုလျှင် (ဝါ) ကူညီမစခြင်းအတွက် တောင်းခံရာတွင် စကားလုံးပြည့်စုံစွာ တောင်းခံရမည်ဆိုပါက ကျွန်တော်တို့၏ ဆုတောင်းခြင်းအများစုသည် အဖြေရနိုင်မည်မဟုတ်ပါ။ ဘုရားသခင်၏ကျေးဇူးတရားသည် သမ္မာကျမ်းစာကို သွေဖယ်လာစေရန်ဘယ်တော့မှ ခွင့်မပြုပါနှင့်။

ယခုလက်ရှိပြဿနာဖြေရှင်းရန် သင်မပြောင်းလဲခင်၏ မှတ်ဉာဏ်သဘော အတိုင်းပြန်သွားလာရန် သမ္မာကျမ်းစာကမစေခိုင်းပါ။ သင်၏အတိတ်နာကျင်မှုထဲသို့ ပြန်လှည့်၍ ယေရှုကိုရှာဖွေတွေ့ရှိ **ခံစား** ရန်နှင့်သင့်ကိုသက်သာ



မှုပေးရန် သူ့ကို **မျှော်လင့်** ရမည်ဟု ဓမ္မသစ်ကျမ်းစာ၌လည်း မသွန်သင်ပါ။ ဤအရာသည် စာတန်၏လှည့်ဖြားခြင်းဖြစ်ရုံသာမက တွေးခေါ်မှုဆိုင်ရာအန္တရာယ်ဖြစ်စေသော စိတ်ဒဏ်ရာရရှိနိုင်သည်။

တမန်တော်ရှင်ပေါလုလည်း သူ၏အတိတ်ဘဝပြဿနာဖြေရှင်းရန် အတွင်းစိတ်ကျန်းမာခြင်း နည်းလမ်းကိုမသိခဲ့ပါ။ သူသိသောအရာတခုမှာ ခရစ်တော်နှင့်အတူ ထိုပြဿနာများကို မြှုပ်နှံခြင်းပင်ဖြစ်ပြီး (ရောမ၊ ၆း၃-၈) ၊ ခရစ်တော်နှင့်တလုံးတဝဖြစ်ခြင်းအားဖြင့် အသစ်သောအသက်တာ၌လျှောက်လှမ်းခဲ့သောကြောင့် (ရောမ ၆း၄-၁၀)၊ သူ၏အသက်တာပြောင်းလဲခြင်း ရရှိခဲ့သည်။ ခရစ်တော်သေခြင်းအားဖြင့် ဘုရားသခင်နှင့်ပြန်လည် သင့်မြတ် စေရုံသာမက နေ့စဉ်ခရစ်တော်၏ အသက်တာအားဖြင့် ကယ်တင်ခြင်း၌ ဝမ်းမြောက်လျက်ရှိသည် (ရောမ၊ ၅း၁၀)။ သူ၏အတိတ်အပြစ်တို့သည် မြှုပ်နှံ၊ စီရင်ချက်ချပြီးဖြစ်သည် (ကောလော၊ ၂း၁၂)။ ခရစ်တော်နှင့်အတူနေခြင်းသည် အံ့သြဖွယ်ကောင်းလှ၏ အဘယ့်ကြောင့်ဆိုသော် ဒဏ်ရာဒဏ်ချက်များအားလုံး ကျန်းမာပကတိဖြစ်ခြင်းကြောင့်ဖြစ်သည် (၂ ကော၊ ၅း၁၄-၁၆)။

ထို့ကြောင့် မတရားသောသူတို့လမ်းသို့သွား၍ (ဆာလံ ၁း၁)၊ တစ်စုံတစ်ယောက်သည် ဘုရားသခင်မြှုပ်နှံခဲ့သောအရာကို ပြန်တူးခွင့်မပေးပါနှင့် သင်္ချိုင်းကိုတူးခြင်းသည် မကောင်းဆိုးဝါးအလုပ်ဖြစ်ပြီး သူတို့သည်သင့်ကိုမြှုပ်ပြီးသောအရာ ပြန်တူးရန်ပြုလုပ်လိမ့်မည်။ စာတန်သည် သင်၏အတိတ်ကောင်းသောအရိပ်ထဲသို့ သင့်ကိုဆောင်ရန်အမြဲကြိုးစားပြီး သူ၏ဝိညာဉ်ဆိုးသည် သင်ပြုဘူးသောအရာအားဖြင့် မှောင်မိုက်ထဲသို့ခေါ်ဆောင်နိုင်သည်။ သို့သော်လည်း နေ့အချိန်ရောက်သောအခါ သူတို့သည် ပျောက်ကွယ်သွားတတ်ကြသည်။

သံသယစိတ်မရှိစေရန် ယေရှုမိန့်တော်မူချက်ကို နားဆင်ကြပါစို့။ “ယေရှုကငါသည် ဤလောက၏အလင်းဖြစ်၏။ ငါ့နောက်သို့လိုက်သောသူသည် မှောင်မိုက်၌မသွားမလာ၊ အသက်၏အလင်းကိုရလိမ့်မည်ဟု မိန့်တော်မူ၏ (ယောဟန် ၈း၁၂)။ သင်၏အတိတ်ဒုစရိုက်အပြစ်များ မခွင့်လွှတ်သေးဘူး၊ မသန့်ရှင်းသေးဘူးဟု အဘယ်သူကမျှသင့်ကို မလှည့်ဖျားစေပါနှင့်။ ဤအရာသည် ဘုရားသခင်၏ရိုးသားဖြောင့်မတ်ခြင်းကို မဟုတ်မမှန်ပြောဆိုခြင်းဖြစ်သည်။

# အခန်း (၁၀)
## ခရစ်တော်နှင့်အတူဗတ္တိဇံတွင်မြှုပ်နှံခဲ့ပါ

ယခုတွင်ဘုရားသခင်၏ မိန့်မှာချက်များထဲမှ တန်ခိုးနှင့်ပြည့်ဝသောအရာတခုသို့ ပြန်လှည့်ကြည့်ကြပါစို့။ ၎င်းသည်သင်၏အတိတ်ဇာတိလူဟောင်းမှ ကယ်ချွတ်ရန်နှင့် သန့်ရှင်းသော ဝိညာဉ်တော်သည် စာတန်၏အုပ်စိုးမှုမှသင့်ကို ကယ်တင်ရန်လမ်းဖွင့်ရုံသာမက အသစ်သောအသက်တာ၌ ကျင်လည်စေလိမ့်မည်။ ဤအရာသည် သင်အတိတ်ဇာတိအရာများကို မြှုပ်နှံပြီး၊ ဖြေရှင်းပြီးဖြစ်ကြောင်းကို ရိုးရှင်းစွာယုံကြည်ခြင်း၊ နာခံခြင်းဖြစ်ပါသည်။

နောင်တရရန် ဘုရားသခင်၏ခေါ်ခြင်းကိုလက်ခံ၍ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဒုတိယမွေးဖွားခြင်းအလုပ်ကို သိပြီးဖြစ်သော်လည်း မြောက်များစွာတို့သည် ရေနှစ်ခြင်းမင်္ဂလာကို ကောင်းစွာနားလည်ခြင်းမရှိခဲ့ကြချေ။ ၎င်းသည်စိတ်နာကျင်ဖွယ်ကောင်းသော သူတို့၏ဇာတိဟောင်းမှ ယုံကြည်ခြင်းအားဖြင့် လွတ်မြောက်လာခြင်းကို ကိုက်ညီစွာ ထုတ်ဖော်ခြင်းဖြစ်သည်။

များစွာသောသူတို့သည် ခရစ်တော်နှင့်အတူ ဗတ္တိဇံတွင်မြှုပ်နှံရမည်ဟု နှုတ်ကပတ်တော်ဖော်ပြချက်ကို သတိမထားကြချေ (ကောလော၊ ၂း၁၂)။ ဤသမ္မာတရားတွင်ယုံကြည်သူများကို ဇာတိဟောင်းမှကယ်တင်၍ အသစ်သောအသက်တာ၌ လျှောက်လှမ်းစေနိုင်သော ဘုရားတန်ခိုးများပါဝင်သည်။ ရိုးရှင်းစွာယုံကြည်ခြင်းသည် ဇာတိဟောင်းနှင့် ၎င်းကြောင့်နာကျင်မှုများကို ဘုရားသခင်၏ တန်ခိုးတော်တွင် မြှုပ်နှံပြီး တောက်ပသောလွတ်လပ်ခြင်းသို့ပို့ဆောင်ပေးသည်။

ဤသမ္မာတရားကို သဘောမပေါက်ခြင်းဖြင့် ၎င်းသမ္မာတရားမဟောပြောခြင်းဖြစ်ပေါ်စေသည်။ ဤအရာကြောင့် ယုံကြည်သူအသက်တာ၌ပြင်းထန်သော ချွတ်ယွင်းချက်တခုဖန်တီးစေသည်။ ပျက်စီးခြင်းသည် တခါတရံသမ္မာကျမ်းစာနှင့် မကိုက်ညီသောအတွေးများနှင့် မတရားသောပုဂ္ဂိုလ်များ၏ အကြံပြုချက်များကြောင့် ဖြစ်တတ်သည်။ ဤဝမ်းနည်းဖွယ်ရာနောက်သို့လိုက်လျှောက်ခြင်းသည် သမ္မာကျမ်းစာကို အပေါ်ယံသာနားလည်လာပြီး ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်ဖြင့် အံ့သြဖွယ်ရာမပြုနိုင်တော့ပါဟု ကောက်ချက်ချတတ်ခြင်းဖြစ်သည်။



ဦးနှောက်အတွေး၏ ကြောက်ရွံ့စေခြင်းဖြင့် သင့်ဝိညာဉ်၏သက်သေထူမှုကို မနှစ်မြှုပ်စေနှင့်။ အဘယ့်ကြောင့်ဆိုသော် ငါတို့သည်ဘုရားသခင်၏သားများဖြစ်ကြသည်ဟု ဝိညာဉ်တော်သည် ငါတို့၏ဝိညာဉ်နှင့်အတူ သက်သေခံတော်မူ၏ (ရောမ ၈း၁၆)။ သင်၏အတိတ်ဒဏ်ရာများနှင့် အမာရွတ်များကို ကျန်းမာစေသောနည်းလမ်းမှာ နှုတ်ကပတ်တော်ယုံကြည်၍ နှုတ်ဖြင့်အသေအချာပြောထုတ်ရန်ဖြစ်သည်။

ဘုရားသခင်သည် ပြန်လည်ပြုပြင်ခြင်း မပြုပဲပြန်လည်ပြုလုပ်ခြင်းသာလုပ်ဆောင်သည်။ ထို့ကြောင့် "လူမည်သည်ကား ခရစ်တော်၌ရှိလျှင် **အသစ်သောဖန်ဆင်းခြင်း** ဖြစ်ပြီးဟောင်းသောအရာတို့သည် ကုန်ဆုံး၍ခပ်သိမ်းသောအရာတို့သည် **အသစ်ဖြစ်ကြပြီ** (၂ ကော၊ ၅း၁၇)။ ဘုရားသခင်မြင်တဲ့အတိုင်း သင့်ကိုယ်သင်မြင်ပါ။ အသစ်ဖြစ်ခြင်းသည် **သင်၏အထဲ၌ဖြစ်ပြီး** သင်္ချိုင်းမှယေရှုကိုထမြောက်စေသောတန်ခိုးဖြင့် သင့်ကိုလည်းထမြောက်စေပြီ (ဧဖက်၊ ၂း၁)။

ဝိညာဉ်ပကတိဖြင့် ဘယ်လိုလျှောက်ရမလဲဆိုတာမသိသည်တိုင်အောင် **သင်၏အပြင်လူ**နှင့် ပြဿနာရှိလိမ့်မည်။ သင်၏ပြဿနာသည် သင်၏အတိတ်လူဟောင်းကြောင့်မဟုတ်ပဲ ယခုချက်ချင်းသင်မလုပ်ဆောင်ခြင်းကြောင့်ဖြစ်ကြောင်းကိုသိစေရန် (ရောမ၊ ၇း၁၅-၂၁) တခါတရံဘုရားသခင်သည် ကျရှုံးခြင်းနည်းလမ်းကို အသုံးပြုတတ်သည်။ သင်သည်ပြည့်စုံစွာ အသစ်ဖြစ်ခြင်းအရာကို မတတ်စွမ်းနိုင်သောကြောင့် တတ်စွမ်းနိုင်သောယေရှုသည် သင့်ကိုပြီးပြည့်စုံစေလိမ့်မည် (ရောမ၊ ၇း၂၃-၂၅)။ သေခြင်းနှင့်အပြစ်တရားမှ သင့်ကိုလွတ်ကင်းစေသော၊ ယေရှုခရစ်၌ ရှိတော်မူသော ဝိညာဉ်ပကတိအသက်ရှင်ခြင်း တရားသည်မုန်းတီးရွံရှာဖွယ်ကောင်းသောအရာများကို အစားထိုးပေးလိမ့်မည် (ရောမ၊ ၈း၁-၄)။

ဟိုအရင်က လူဟောင်း၏ ကျင့်ကြံပြုမူခဲ့သောအရာကလွဲလို့ ယခုလက်ရှိသင်ပြဿနာသည် သင်၏အတိတ် မှတ်ဉာဏ်နှင့်ဘာမှ သက်ဆိုင်မှုမရှိတော့ပါ။ တချိန်ကသင်၏ အသက်တာတခုလုံးသည် ခရစ်တော်နှင့် မည်ကဲ့သို့သင့်လျော်ရမည်ကို သင်ယူခဲ့သောကြောင့် (ဂလာ၊ ၂း၂၀)၊ လူဟောင်းကိုချွတ်ပယ်၍ လူသစ်ကိုယူတင်ဝတ်ဆောင်ရန် ခက်ခဲမှုတွေ့မည်မဟုတ်ပေ (ဧဖက်၊ ၄း၂၀-၃၂)။

သင်၏ဝိညာဉ်တွင် ဝိညာဉ်တော်၏သက်သေထူခြင်းကြောင့် စိတ်ကြောက်ရွံ့မှုများနှင့်ခံစားမှုများကို ဘုရားသခင်၏နှုတ်ကပတ်တော်သည် အမြဲတမ်းပိုင်ခြားပေးလိမ့်မည်။ သင်၏အတွင်းစိတ် အနှောင့်အယှက်ပေးရန် အပေါ်ယံခံစားမှုများကို လုံးဝခွင့်မပြုပါနှင့်။ အကယ်၍သင်ကျရှုံးခဲ့ရင်တောင်မှ ဘုရားသခင်ပြောခဲ့သောအရာများကို သံသယမဖြစ်ပါနှင့်။ သင်သည်အသစ်သော ဖန်ဆင်းခြင်းဖြစ်ကြောင်းကို ဘုရားသခင်မြင်သကဲ့သို့ လောကသားများလည်း မကြာခင်မြင်လာပါလိမ့်မည်။

ကျွန်တော်တို့၏အသိစိတ်ကို ကြောက်ရွံ့ခြင်းတန်ခိုးဖြင့် လွှမ်းမိုးစေရန် စာတန်သည် ကြီးမားသောမုသာစကားကိုပြောဆိုတတ်သည်။ သို့သော် **ထိုအရာသည်မဟုတ်ပါ။** လူဟောင်းကြောင့် စိတ်ကြောက်ရွံ့ခြင်းသည် ယုံကြည်သူအသက်တာ၌မရှိတော့ပါ။ အဘယ့်ကြောင့်ဆိုသော် မှောင်မိုက်တန်ခိုးမှလည်း ငါတို့ကို ရွေးနှုတ်၍ချစ်တော်မူသောသားတော်၏နိုင်ငံထဲသို့ သွင်းတော်မူပြီ (ကောလော၊ ၁း၁၃)။ ယခုတွင် ခရစ်တော်၏စိတ်နှလုံးသည် ကျွန်တော်တို့ပိုင်ဆိုင်ကြပြီး ဖြစ်ကြောင်းကို (၂ ကော၊ ၁၀း၅)တွင် “ထိုလက်နက်အားဖြင့် . . . ခပ်သိမ်းသော စိတ်တို့ကို ဖမ်းသွားချုပ်ထားလျက်ခရစ်တော်၏ စကားကိုနားထောင်စေကြ၏ဟု ဖော်ပြထားပါသည်။

ကျွန်တော်တို့၏ အတိတ်လူဟောင်းသည် မြှုပ်နှံပြီးဖြစ်ကြောင်းကို သံသယဖြစ်ခြင်းသည် အသစ်သောအသက်တာ၌ လျှောက်လှမ်းဖို့ရန် တန်ခိုးများလျော့နည်းစေတတ်သည်။ ခရစ်တော်၏အသွေးတော် တန်ခိုးသည်အပြစ်အားလုံးကိုသန့်ရှင်းစေကြောင်းကို သံသယဖြစ်ခြင်းသည် ယုံကြည်စိတ်ချမှုကို လျော့နည်းစေတတ်သည်။ ကျွန်တော်တို့ကိုလူသစ်အဖြစ်ပြုခြင်းကို သံသယဖြစ်ခြင်းသည် ဘုရားသခင်၏အသစ်ဖန်ဆင်းခြင်းပြည့်စုံမှုကို နှောင့်ယှက်ထိခိုက်စေတတ်သည်။

ရှင်ပေါလုသည် “ယေရှုခရစ်တော်၏ဖွင့်ပြခြင်း” (ဂလာ၊ ၁း၁၁-၁၂) အားဖြင့် ရရှိခဲ့သောသတင်းကောင်းကို ကာကွယ်ရန် အမြဲတမ်းကြိုးစားအားထုတ်ခဲ့သည်။ သူသည်စာတန်၏ပေါင်းထည့်ခြင်းနှင့် နှုတ်ယူခြင်းကိုမြဲမြံစွာခုခံရုံသာမကလူတွေပြုလုပ်သော ပြုပြင်ပြောင်းလဲခြင်းနှင့် ချဲ့ထွင်မှုများကိုလည်းခုခံခဲ့ရသည်။



ဘုရားသခင်သည် ကျွန်တော်တို့အားလုံး၏ ပြဿနာအားလုံးကို ဖြေရှင်းပေးရန် တခုတည်းသောနည်းလမ်းမှာ သားတော်နှင့်တလုံးတဝတည်းအသက်ရှင်ခြင်းဖြစ်သည်။ သူသည်အရာခပ်သိမ်းတို့၏သခင် ဖြစ်သောကြောင့် အံ့ဩဖွယ်ကောင်းရုံသာမက သူ့ကိုခေါ်သောသူတို့အတွက် ခွန်အားပြည့်လျက်ရှိသည် (ကောလော၊ ၂း၁-၂၃)။ ဘုရားသခင်၌ ကျွန်တော်တို့၏အရင်းအမြစ်တွယ်ခြင်းကိုမပြောင်းရွှေ့ရပါ။ သူသည်စကြာဝဠာကြီးကိုဖန်ဆင်း၍ ထိမ်းသိမ်းစောင့်ရှောက်ရုံသာမက ကျွန်တော်တို့၏အမှုကိုလည်း တာဝန်ယူသောသူဖြစ်သည် (ကောလော၊ ၁း၁၆-၁၉)။ ဘုရားသခင်သည် သားတော်အားဖြင့်ပြင်ဆင်ပေးသော ကယ်တင်ခြင်းကို ကျွန်တော်တို့ထံမှ အဘယ်အရာကမျှမရွှေ့နိုင်ရာ (၂ ကော၊ ၁၁း၃-၄)။

ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ကျွန်တော်တို့၏ အတိတ်မှတ်ဉာဏ်ကို ကျန်းမာစေသော ဘုရားနည်းလမ်းသည် မြှုပ်ပြီးသောလူဟောင်းကိုဖော်ထုတ်လိုခြင်းနှင့် တစ္ဆေဝိညာဉ်ကဲ့သို့ ခြောက်လန့်မှုများကို တွန်းလှန်၍စိတ်အားထက်သန်စွာနှင့်မုချအသက်ရှင်ရန် ပြုလုပ်လျက်ရှိသည်။ ဘုရားသခင်ပြုပြီးသကဲ့သို့သင်၏လူဟောင်းကိုပြု၍ ဘယ်သူမျှမထုတ်ဖော်နိုင်သော အရပ်၌မြှုပ်နှံရန် ဝိညာဉ်တော်ကိုအားကိုးလော့။ ယေရှုပေးခဲ့သောသတင်းကောင်းတခုတည်းသာရှိ၍ ကျွန်တော်တို့၌ အခြားသတင်းကောင်းရှိလည်းမရှိ၊ လိုလည်းမလိုအပ်တော့ပါ။

ယုံကြည်သောငါတို့၌ ပြတော်မူသောအလွန်ကြီးလှစွာသော တန်ခိုးတော်ကား. . . . ခရစ်တော်ကိုသေခြင်းမှ ထမြောက်စေတော်မူ၍ ခရစ်တော်၌ ပြုပြင်သော မဟာတန်ခိုးအာနုဘော်အရှိန်ကဲ့သို့ဖြစ်၏။ ခပ်သိမ်းသော အထွဋ်အမြတ်၊ အာဏာစက်၊ တန်ခိုး၊ အစိုးရခြင်းမှစ၍ ယခုဘဝနောင်ဘဝ၌ ခေါ်ဝေါ်သမုတ်သော ဘွဲ့နာမအလုံးစုံတို့အထက်၊ ကောင်းကင်အရပ်၌ မိမိလက်ျာတော်ဘက်မှာ အလွန်မြင့်မြတ်သောနေရာကို ခရစ်တော်အားပေးတော်မူပြီ (ဧဖက်၊ ၂း၁၉-၂၁)။

သင်အခိုင်အမာပြောဆိုချက်ကို ဝိညာဉ်တော်သည် အတည်ပြုပေးကြောင်းကို သိထားသည့်အပြင်လိုက်နာရမည့် စည်းမျဉ်းစည်းကမ်း ကျန်ရှိသေးကြောင်းသတိပြုပါ။ သင်၏အတိတ်နာကြည်းမှုအားလုံးကို မေ့ပျောက်၍ ဘုရားသခင်၏ **အမှုသစ်ပြုလုပ်သောအရာကို** ယုံကြည်စိတ်ချစွာမျှော်လင့်လိုက်ပါ (ဟေရှာ၊ ၄၃း၁၉)။

အဘယ့်ကြောင့် ဝိညာဉ်ရေးရာ၌ မသန်စွမ်းနိုင်သနည်း၊ အဘယ့်ကြောင့် သင်၏ပြည့်စုံသောကယ်တင်ခြင်းကို မဖော်ထုတ်သနည်း၊ ဘုရားသခင်သည် အဲဂုတ္တုစစ်တပ်ကိုရေထဲ၌ မြုပ်နှံသကဲ့သို့ သင်၏အတိတ်ဘဝနှင့်နာကျင်မှုဝေဒနာမှတ်ဉာဏ်အားလုံး မြှုပ်နှံပြီးဖြစ်ကြောင်းကို သင်ဝန်ခံပါကမကြာခင်မှာပင် သင်ဆိုရမည့်သီချင်းမှာ “ထာဝရဘုရားသည် ငါ့အစွမ်းသတ္တိ၊ ငါသီချင်းဆိုကြောင်း၊ ငါ့ကိုကယ်တင်သောအရှင်ဖြစ်တော်မူ၏။ ထိုဘုရားသည် ငါကိုးကွယ်သောဘုရားသခင်ဖြစ်တော်မူ၍ ငါချီးမြောက်ပါမည်. . . . ထိုထာဝရဘုရား၊ လက်ျာလက်တော်သည် တန်ခိုးတော်အားဖြင့် ဘုန်းကြီးတော်မူ၏။ အိုထာဝရဘုရား လက်ျာလက်တော်သည် ရန်သူတို့ကိုချိုးဖဲ့တော်မူ၏။ ကိုယ်တော်တဘက်၌ထသောသူတို့ကို ဘုန်းတန်ခိုးအာနုဘော်တော်တို့နှင့် လှဲတော်မူ၏။ အမျက်တော်ကိုလွှတ်၍ သူတို့ကို အမှိုက်ကဲ့သို့ မီးလောင်စေတော်မူ၏ (ထွက်၊ ၁၅း၂-၇)။

ဤနေ့ရက်သည် ဘုရားသခင်၏ကယ်တင်ရာနေ့ဖြစ်၏။ ဤကြီးမားသောကယ်တင်ခြင်းကို နောက်တနေ့ကန့်သတ်ရန် စာတန်ကိုအခွင့်မပေးပါနှင့် သင်၏လွှတ်လပ်ခြင်းနှင့် ဝမ်းမြောက်ခြင်း ကွယ်ပျောက်စေရန် လှည့်ဖြားခြင်းကို အခွင့်မပေးနှင့်။ Basingstoke ၌နေသော D.Richards ကို ကျေးဇူးတင်မိသည်မှာ



ဂင်းသည် လိမ်လည်လှည့်ဖြားခြင်းသယ်ဆောင်လာသောကြောင့် ငါတို့၏ဇာတိသည် မြှုပ်နှံလျက် ရှိသော်လည်း ပြန်ရှင်လာတတ်သည်။

တခါတရံဓမ္မသစ်ဩဝါဒသည် ဓမ္မဟောင်းပုံဆောင်ချက်များဖြင့် အတည်ပြုတတ်သည်။ ထို့ကြောင့်ယခုတွင် ဘုရားသခင်၏လူတို့သည် မိုးတိမ်တိုင်နှင့် ပင်လယ်နီသည် မောရှေထံသို့ဗတ္တိဇံခံခဲ့ရပုံကို (၁ကော၊ ၁၀း၂) လေ့လာကြပါစို့။ ဘုရားသခင်သည် ဣသရေလလူတို့ကို အီဂျစ်ပြည်မှကယ်နှုတ်ခဲ့စဉ်က ကြီးမားသောနိမိတ်လက္ခဏာများပြုခဲ့သည်။ မောရှေကလည်းမစိုးရိမ်ကြနှင့်။ ငြိမ်ဝပ်စွာရပ်နေကြ။ ထာဝရဘုရားသည် ယနေ့ပြတော်မူသော ကယ်တင်ခြင်းကိုကြည့်ရှုကြလော့။ သင်တို့သည် ယနေ့မြင်သော အဲဂုတ္တုလူတို့ကို နောက်တဖန်မမြင်ရကြ။ သင်တို့ ဘက်၌ထာဝရဘုရားသည် စစ်တိုက်တော်မူလိမ့်မည်။ သင်တို့သည် ငြိမ်ဝပ်စွာ နေရကြမည်ဟု လူများတို့အားဆို၏ (ထွက်၊ ၁၄း၁၃-၁၄)။

ဤအဖြစ်ပျက်တွင် သူတို့၏ယုံကြည်ခြင်းသည် ငြိမ်ဝပ်စွာနှင့် ငြိမ်သက်စွာ ဘုရားပြုခြင်းအမှုကို စောင့်ခြင်းဖြင့်ထုတ်ဖော်ခဲ့ကြသည်။ သူတို့အားလုံးကယ်တင်ခြင်းသို့မရောက်မီ သူတို့သည် စိတ်ပျက်ခြင်းမရှိခဲ့ကြပေ။

အကယ်ဤဓမ္မဟောင်းပုံဆောင်ချက်သည် အလွန်အံ့ဩဖွယ်ဖြစ်ခဲ့ပါက ဓမ္မသစ်တွင် ဧကန်ပြည့်စုံခြင်းကို အဘယ့်ကြောင့်အသိမှတ်မပြုနိုင်သနည်း၊ ထို့ထက်ဆိုးသောအရာမှာ ဘုရားပညာနှင့် ဘုရားနည်းလမ်းကို အဘယ့်ကြောင့်လောကီပညာဖြင့် အစားထိုးကြသနည်း၊ သင်တို့သည် ခရစ်တော်နှင့်အတူသေ၍ လောကီတရားနှမှုစုတော့ကြသည်မှန်လျှင် မတို့နှင့်၊ မမြည်းနှင့်၊ မကိုင်နှင့်ဟူသော ပညတ်စကားကို လောကီအသက်ရှင်သေးသကဲ့သို့ အဘယ့်ကြောင့်နားထောင် ကြသနည်း (ကောလော၊ ၂း၂၀-၂၁)။

အကယ်၍ ဣသရေလလူတို့သည် ဖာရောနိုင်ငံအုပ်ချုပ်မှုမှ လွတ်မြောက်ခြင်းသည် အလွန်အံ့ဩဖွယ်ဖြစ်ခဲ့ပါက ကျွန်တော်တို့ကို ယေရှု၏နိုင်ငံတော်သို့ ခေါ်ဆောင်ခဲ့ခြင်းသည် အဘယ့်ကြောင့် မျှော်လင့်ချက်နည်းနေသနည်း၊ မောရှေသည် သူတို့ကိုအောင်ပွဲသို့ ဦးဆောင်ခဲ့၍ သူတို့ခံခဲ့ရသောနာကျင်မှုနှင့်ညှင်းဆဲမှုတို့ကို ထားခဲ့ပါက ယနေ့ဘုရားသခင်၏ လူတို့သည်အနည်းငယ်သောအမှု၌ အဘယ့်ကြောင့်ရပ်တန့်နေကြသနည်း။

ယုံကြည်သူများ၏ အသိမှတ်ဉာဏ်ထဲတွင် ကောင်းသောအရာနှင့်အသုံးဝင်သောအရာများစွာ ရစ်ပတ်လျက်ရှိသည်။ ဝမ်းနည်းဖွယ်ရာမှာ ဆိုးသွမ်းသောအတွေ့အကြုံသည် ဤလုပ၍တန်ဖိုးရှိသော မှတ်ဉာဏ်ထဲသို့စိုးရိမ်ခြင်းနှင့် လိမ်လည်လှည့်ဖြားခြင်းကို နက်နဲစွာရောနှောအမြစ်တွယ်စေခြင်းဖြစ်သည်။

ဘုရားတစ်ပါးတည်းကသာလျှင် ထိုအရာများကိုသီးခြားစီ ဖယ်ထုတ်နိုင်သည်။ မောရှေထံ၌သူ၏စကားတော်လာသကဲ့သို့ ဖာရော၏စစ်တပ်များကိုတိုက်ထုတ် ရုံသာမက လုံးဝကိုဖျက်ဆီးစေခဲ့သည်။ အတိတ်များစွာသောအချိန်မှစ၍ ခရစ်ယာန်မြောက်များစွာတို့သည် မောရှေနှင့်သိုးသငယ် သီချင်းကိုသီဆိုခဲ့ကြပြီ။ ဓမ္မသစ်ယုံကြည်သူတိုင်းသည် ဣသရေလလူတို့ကမ်းခြေ၌က၍ သီချင်းဆိုသည်ထက်သာ၍ ကောင်းအောင် ချီးမွမ်းသင့်သည် (ထွက်၊ ၁၃)။ အလင်း၌နေသောသန့်ရှင်းသူတို့၏ အမွေကိုငါတို့သည် ဆက်ဆံဝင်စားထိုက်မည်အကြောင်း ကျေးဇူးပြုတော်မူ၍ မှောင်မိုက်တန်ခိုးမှလည်း ငါတို့ကိုကယ်နှုတ်၍ ချစ်တော်မူသောသားတော်၏နိုင်ငံထဲသို့ သွင်းတော်မူ၏။ ထိုသားတော်၏ သွေးတော်အားဖြင့် အပြစ်လွှတ်တော်မူခြင်း တည်းဟူသောရွေးနှုတ်တော်မူခြင်း ကျေးဇူးအား ငါတို့ကိုခံစေတော်မူသော (ကောလော၊ ၁း၁၂-၁၄)၊ ခမည်းတော်ဘုရားကို ဝမ်းမြောက်စွာချီးမွမ်းထောပနာ ပြုသင့်သည်။

နှစ်တွေရာချီကြာလာပြီးသောအခါ ဘုရားသခင်သည် ဣသရေလလူတို့ကိုဗာဗုလုန် ကျွန်ခံရာမှကယ်တင်ရန် ပရောဖက်ဟေရှာယအားဖြင့် ဂတိတော်ပေးခဲ့သည်။ ဘုရားသည် ကယ်တင်ခြင်းအမှုကို ဆက်လက်လုပ်ဆောင်နေကြောင်းကို ဣသရေလလူတို့အား သတိရစေခဲ့သည်။ ပင်လယ်နီဖြတ်ကျော်ခဲ့ခြင်းကို သတိရစေခဲ့သည်။ သို့သော် အသစ်သောစည်းမျဉ်း၊ စည်းကမ်းကိုပေးတော်မူ၏။ ငါသည်သင်တို့၏သန့်ရှင်းသော သခင်၊ ဣသရေလအမျိုးကိုဖန်ဆင်းသော အရှင်၊ သင်တို့၏သခင်ဖြစ်တော်မူ၏။ ပြင်းထန်သောပင်လယ်ရေ၌လမ်းခရီးကို ဖန်ဆင်းတော်မူထသော . . ထာဝရဘုရားမိန့်တော်မူသည်ကား၊ဖြစ်ဖူးသမျှသော အမှုတို့ကိုမအောက်မေ့ကြနှင့်။ ရှေးကာလ၏အရာတို့ကို ပမာဏမပြုကြနှင့်။ ကြည့်ရှုလော့၊ အမှုသစ်ကိုငါပြုမည် (ဟေရှာယ၊ ၄၃း၁၅-၁၉)။



ကြေငြာချက်သင်သိရဲ့လား၊ ဖြစ်ဘူးသမျှသောအမှုတို့ကို မအောက်မေ့ကြနှင့်။ ရှေးကာလ၏အရာတို့ကို ပမာဏမပြုကြနှင့်။ ဤအရာသည် စည်းမျဉ်းစည်းကမ်းအဖြစ် တောင်းဆိုသော်လည်း ပြုလုပ်ပြီးဖြစ်သည်။

အကယ်၍သင်၏လွတ်လပ်မှုကို မထုတ်ဖော်သေးပါက ယခုပင်စတင်ပါ။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် **ထာဝရမှန်ကန်ကြောင်းကို** ဝန်ခံပြီး နောက်ငှင်းနှင့်ဆန့်ကျင်ဘက်ဖြစ်သောခံစားမှုများကို လစ်လျူရှုထားလိုက်ပါက သင်၏ဝန်ခံမှုကို ဝိညာဉ်တော်သည် အတည်ပြုပေးလိမ်မည်ဖြစ်သည်။ နှုတ်ကပတ်တော်ကိုအသုံးပြု၍ နတ်ဆိုး၏လိမ်လည်လှည့်ဖြားမှုကို ချေပဖျက်စီးလိုက်ပါ။ ဘုရားသခင်မြှုပ်နှံပြီးသောအရာကို ပြန်လည်ရှင်သန်စေမည့် သင်၏ရန်သူ(သို့)သူငယ်ချင်း၊ စာတန်(သို့)သမ္မာကျမ်းစာနှင့်မကိုက်ညီသော အကြံပြုသူတို့ကို ဘယ်တော့မှ လုံးဝခွင့်မပြုပါနှင့်။

သင့်ကိုလိမ်လည်ရန် စာတန်၏အကြံအစည်နှင့် လှည့်ဖြားမှုကိုခုခံပါ။ စာတန်သည် အာဒံနှင့်ဧဝထံ၌ ဧကန်စင်စစ်ဘုရားသခင်မိန့်တော်မူသလော၊ (ကမ္ဘာ၊ ၃း၁)ဟု အလိမ္မာနည်းစနစ်ဟောင်းဖြင့် စည်းရုံးသိမ်းသွင်းခဲ့ပြီး ဘုရားသခင်ပြောမည်မဟုတ် (သို့) ပြောမှာပါစသည်ဖြင့် သံသယစိတ်များကို မရှိစေရန် သတိပြုလော့။

သင်၏အတိတ်ဘဝသို့ ပြန်လှည့်စေရန် သူ၏လှည့်ဖြားမှုကို ငြင်းပယ်၍ ဘုရားသခင်သည် ဆိုးသောမှတ်ဉာဏ်များကို မြှုပ်နှံခဲ့ပြီးဖြစ်ကြောင်းကို ယုံကြည်စိတ်ချစွာကြေငြာလိုက်ပါ။ ထို့ထက်ပိုကောင်းသည်မှာ **ငင်းစာတန်အားနာကျင်စွာခံခဲ့သောအရာတို့ကို ပြန်လည်အသိပေးလိုက်ပါ။** သူပိုင်ဆိုင်ခဲ့သော တန်ခိုးနှင့် အာဏာစက်အားလုံးသည် ယေရှု၏လက်ဝါးကပ်တိုင်တွင် ပယ်ချွတ်ရှုံးနိမ့်ခဲ့ကြောင်းကိုအသိပေးပါ။

အောင်မြင်ခြင်း သီချင်းကိုကျယ်လောင်စွာသီဆိုပါ။ ဘုရားသခင်သည် သူ၏သားတော်ကို သင်္ချိုင်းမှထမြောက်စေရုံသာမက ကြီးမားသောတန်ခိုးနှင့်အတူ ယေရှုသည် စကြဝဠာ၏ရာဇပလ္လင်ပေါ်တွင် ထိုင်၍စိုးစံစေတော်မူပြီ။ အထွဋ်အမြတ်၊ အာဏာစက်များကိုလုယူလျှင် ထင်ရှားစွာထုတ်ပြ၍ လက်ဝါးကပ်တိုင်အားဖြင့် အောင်ပွဲခံတော်မူပြီ (ကောလော၊ ၂း၁၅)။

## အခန်း (၁၁)
## ဒုက္ခကြပ်တည်းမှုကိုထုတ်ဖော်ဖြေရှင်းပါ

ကြည့်မှန်ထဲသို့သင်ကြည့်တဲ့အခါတိုင်း ရှုပ်ထွေးသောအရာနှင့်အတူ သင့်ကိုပြန်ကြည့်သောသူဟာ ဘယ်သူလဲ၊ သင့်ကိုသူစိမ်းတစ်ယောက်ကဲ့သို့ သင်သွားသောနေရာတိုင်းစိုက်ကြည့်သောသူဟာ ဘယ်သူလဲ၊ ထိုလူကိုသင်သေချာသိရဲ့လား၊ ဤမေးခွန်းကိုသင်မဖြေနိုင်လျှင် သေချာသောတိုင်းတာချက်ဖြင့် စမ်းကြည့်ပါက ဒုက္ခအကျပ်အတည်းကိုထုတ်ဖော်နိုင်စေပြီး သင်၏အတွင်းပိုင်း တွင်အထောက်အကူဖြစ်စေလိမ်မည်။

သင်၏ထုတ်ဖော်ချက်သည် အဓိကအပိုင်းကြီး(၃)ပိုင်း ပေါင်းစည်းထားမည်။ **အတိတ်**တွင် အတိုင်းတာတခုအောင်မြင်မှုအတွက်ကြည်နူးနေခြင်းကို **ယခုလက်ရှိ** အသက်တာကျေနပ်မှုနှင့်ပေါင်းစပ်ပါ။ သို့သော် **အနာဂတ်** အတွက် စိတ်လှုပ်ရှားဖွယ် ပန်းတိုင်များထပ်ဖြည့်ရမည်။ ၎င်းတို့သည် သင့်ကိုတန်ဖိုးရှိ/မရှိ အောင်မြင်မှုရ/မရ ဆိုတာကို သဘောပေါက်စေလိမ့်မည်။ ၎င်းတို့သည် အသက်တာ ဘဝ၏စိန်ခေါ်မှုကို ရင်ဆိုင်ခြင်းအားဖြင့် သင်၏ရင့်ကျက်မှု လက္ခဏာကိုသိလိမ့်မည်။

သာမန်အားဖြင့် ကြီးထွားမှုသည် လုံခြုံခြင်းပေးသောဦးဆောင်မှုနှင့် မေတ္တာဖြင့်ဆုံးမသွန်သင်သောအိမ်မှ အစပြုသင့်ပြီးတချိန်တည်းမှာ **မိမိကိုယ်ကိုဆုံးမခြင်း** ဟုခေါ်သော ဘဝ၏တန်ဖိုးအရှိဆုံးသော ဥပဒေများချမှတ်သောနေရာလည်းဖြစ်သင့်သည်။

အိမ်ထောင်သည် ကလေးငယ်များဖွံ့ဖြိုးတိုးတက်မှုကို လွတ်လပ်စွာထုတ်ဖော်ပေးသောနေရာဖြစ်စေရုံသာမက သူတို့၏လွတ်လပ်မှုကြောင့် သူတပါးထိခိုက်နစ်နာမှုမရှိစေရန် တာဝန်ယူသင်ပေးသောနေရာဖြစ်သင့်သည်။ အခြားသူတပါးအားစဉ်းစားငဲ့ညှာရန်သင်ယူခြင်းသည် **မိမိကိုယ်ကိုကြွယ်ဝစေသော** ဘဝ၏အခြားသောပညတ်တခုဖြစ်သည်။

ထိုမှတဆင့် လူငယ်အရွယ်သို့ တဖြည်းဖြည်းကြီးထွားလာစဉ် စိတ်ဒဏ်ရာများမရမိစေရန် သူတို့၏အသက်တာကို လမ်းပြဦးဆောင်သင့်သည်။ အကယ်၍



သူ၏သက်သေခံချက်ဖြစ်သည်။ စာတန်နိုင်ငံထဲမှ ရွေးနှုတ်ကယ်တင်ခြင်းခံခဲ့ပြီးသောသူများအတွက် မရှင်းလင်းသောအရာနှင့် မထုတ်သုံးရသေးသော တန်ခိုးတော်များရရှိနိုင်ကြောင်းကို အသိပေးခြင်းပင်ဖြစ်သည်။

လွန်ခဲ့သောနှစ်အချို့ခန့်က Basingstoke ၌ရှိ လူငယ်တစ်ယောက်ကယ်တင်ခြင်းရရှိခဲ့သည်။ သူမပြောင်းလဲခင်က "Hells Angels" ဆိုသော လူဆိုးဂိုဏ်းနှင့်ပေါင်းခဲ့ပြီး၊ သူ၏လက်မောင်းတွင်လည်း "Hells Angels" ဆေးမင်ကြောင်ထိုးထားပြီး ၎င်းသည်ပြောင်းလဲပြီးချိန်တွင်လည်း စိတ်အနှောင့်ယှက်ဖြစ်စေခဲ့သည်။ သူနောင်တရခဲ့ပြီးနောက် ရေနှစ်ခြင်းမင်္ဂလာခံယူခဲ့ရာ၊ ရေနှစ်ခြင်းမင်္ဂလာခံယူအပြီးတွင် ၎င်းဆေးမင်ကြောင်သည်လုံးဝပျောက်သွားကြောင်းကို သူသိရှိခဲ့ရသည်။ ဘုရားသခင်သည် ၎င်းဆေးမင်ကြောင်ကိုရေနှစ်ခြင်းဖြင့် ယူဆောင်ပျောက်ကွယ်သွားစေခဲ့သည်။

လန်ဒန်မြို့မှာနေထိုင်သော လူတစ်ယောက်သည် နှစ်တော်တော်ကြာပျောက်ဆုံးနေသော သူငယ်ချင်းလင်မယားကို တွေ့လိုခဲ့သည်။ သူသည်မတွေ့ရှိနိုင်ခဲ့ပါ။ ထိုသူသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို လစ်လျူရှုကာ၊ မှော်ဆရာထံအကူအညီတောင်းခဲ့သည်။ မှော်ဆရာသည် နတ်ဝိညာဉ်များကိုခေါ်၍ မေးမြန်းသော်လည်း နေ့ရက်တိတိကျကျမဖော်ပြနိုင်ခဲ့ပါ။ ထို့ကြောင့် ထိုလူသည် နောက်ဆုံးသူတို့နှင့်နေခဲ့သော နေရာသို့ ခရီးဆက်ခဲ့သည်။ ၎င်းနေရာ၌ရှိသော လူတစ်ယောက်သည် ထိုလင်မယားတို့ကိုသတိရ၍ ထိုသူကိုအမှုတော်ဆောင်တစ်ယောက်ထံသို့ ပို့ခဲ့သည်။ အမှုတော်ဆောင်ဆရာသည် ပထမတွင် ထိုသူကိုနတ်ဝိညာဉ်များမေးမြန်းခြင်းသည် အန္တရာယ်ရှိကြောင်းရှင်းပြခဲ့ပြီး ဒုတိယတွင်သူ့သူငယ်ချင်းလင်မယားသည် ကောင်းမွန်စွာအသက်ရှင်နေထိုင်ကြောင်း ပြောပြခဲ့သည်။ ထို့နောက်မှော်ဆရာအားဖြင့် နတ်ဝိညာဉ်နှင့် နောက်ဆုံးဆက်သွယ်မေးခဲ့သည့်နေ့ရက်ကို ထိုသူအား ဆက်မေးခဲ့ရာ၊ မှော်ဆရာပေးသောနောက်ဆုံးနေ့ရက်သည် အမှုတော်ဆောင် ဆရာကထိုလင်မယားကိုနှစ်ခြင်းမင်္ဂလာ ပေးသောနေ့ရက်နှင့် တထပ်တည်း ဖြစ်ကြောင်းတွေ့ခဲ့ရသည်။ ၎င်းနေ့ရက်မှစ၍ ထိုလင်မယားအတွက် နတ်ဝိညာဉ် များ၏ မှတ်တမ်းပျောက်ဆုံးနေဟန်ရှိကြောင်းတွေ့ရသည်။

ရေအားဖြင့် နှစ်ခြင်းမင်္ဂလာပေးခြင်းကဲ့သို့ ဆင်တူရိုးမားအခြားအသိမှတ်ပြုခြင်းလက္ခဏာကို ယုံကြည်သူများသည် မှားယွင်းစွာမျှော်လင့်စောင့်စားတတ်ကြသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ အထိရောက်ဆုံးသောအလုပ်မှာ ပုဂ္ဂိုလ်တစ်ဦးစီတိုင်း၏ အနက်ရှိုင်းဆုံးသော အတွင်းစိတ်လှုပ်ရှားမှုကို ရပ်နားစေခြင်းဖြစ်သည်။ ဤအရာသည် သတိရှိစွာမှတ်သားထိုက်သောအရာဖြစ်၏။ ယေရှုကလေဖြတ်ကြောသေသောလူနာကို ကျန်းမာစေသောအခါ အတွင်းစိတ်မှ ဝေဖန်ခြင်း၊ သံသယဖြစ်ခြင်းတို့ကို တိတ်ဆိတ်စေရန် မိန့်တော်မူခဲ့သည်မှာ လူသားသည် မြေကြီးပေါ်မှာအပြစ်လွှတ်နိုင်သည်ကို သင်တို့သိစေခြင်းငှာထလော့၊ ကိုယ့်အိပ်ရာကိုဆောင်၍ သွားလော့ဟုမိန့်တော်မူ၏ (မာကု၊ ၂း၁၀-၁၁)။

ကျွန်ုပ်တို့၏ အပြစ်များကို ခွင့်လွှတ်ခြင်းသည် ကျွန်တော်တို့အပြစ်များကို မေ့ပျောက်ရန် ဘုရားသခင်က လမ်းဖွင့်ပေးခြင်းဖြစ်ပြီး ရေနှစ်ခြင်းမင်္ဂလာသည်လည်းကျွန်တော်တို့၏ အတိတ်ဇာတိဟောင်းကိုမြှုပ်နှံရန် ဘုရားသခင်၏အံ့သြဖွယ်ရာနည်းလမ်းဖြစ်နိုင်ပါသည်။ သို့မှသာ ကျွန်တော်တို့လည်း အပြစ်နှင့်ဇာတိဟောင်းကိုမေ့ပျောက်နိုင်မည်။

အကယ်၍သင်သည် ရေနှစ်ခြင်းမင်္ဂလာမခံယူသေးပါက နောက်မကျပဲ အမြန်ခံယူလိုက်ပါ။ သို့သော်သင်၏ဇာတိလူဟောင်း မြှုပ်နှံခြင်းကို နာခံခြင်းအားဖြင့်သင်ခြေလှမ်းမှုအတွက် ဝိညာဉ်တော်၏ အသိမှတ်ပြုပေးခြင်းကို ငြိမ်သက်စွာစောင့်မျှော်၍ ထို့နောက်မှနားလည်မှုအပြည့်ဝနှင့် ရေထဲသို့ မြှုပ်နှံခြင်းဖြင့်နာခံလုပ်ဆောင်ရန်ဖြစ်သည်။

အကယ်၍သင်သည် ရေနှစ်ခြင်းမင်္ဂလာကို ခံယူပြီးဖြစ်ပါက နောက်ထပ်ပြန်ခံယူရန်မလိုအပ်ပါ။ အမှန်ဆိုရပါက ၎င်းရေနှစ်ခြင်းကြောင့် ဘုရားသခင်၏ကောင်းချီးမင်္ဂလာသင့်အပေါ်၌ သက်ရောက်ပြီးသားလည်း ဖြစ်နိုင်ပါသည်။ သို့သော်ဧဝကဲ့သို့ စာတန်၏လိမ်လည်လှည့်ဖြားခြင်းခံနေရတာလည်း ဖြစ်နိုင်ပါသည်။ ထိုသို့စာတန်ကို အခွင့်ရေးပေးခြင်းကြောင့် သင်ရရှိမည့်အခွင့်အရေးများဆုံးရှုံးနိုင်ပါသည်။

အကယ်၍ ဤကိစ္စကဲ့သို့သောအရာကိုသင်ခံနေရလျှင် သင်မယုံကြည်မှုကိုနောင်တရ၍ သင်ဆုံးရှုံးသောအရာကို “အသေခံခြင်း၌ ဗတ္တိဇံကိုခံသောအားဖြင့်



ထိုသခင်နှင့် အတူမြှုပ်နှံကာသေခြင်းမှ ထမြောက်ခြင်းဖြင့် ငါတို့သည်လည်း အသစ်သော အသက်တာ၌ ကျင်လည်ရကြပြီ (ရောမ၊ ၆း၄)။

နောက်အခန်း ၁၁ တွင်မူ ဝိညာဉ်ပကတိအတိုင်း ဘယ်လိုအသက်ရှင်ရမည်ကိုရှာဖွေတွေ့ရှိရန် ကူညီပေးလိမ့်မည်။ အလွန်တန်ဖိုးရှိသောအရာ၌ သင်ပြုံလဲချိန်ရှိလိမ့်မည်။ သင်၏အခြေအနေအမှန်နှင့် သင်တန်ဖိုးရှိပုံကိုတွေ့မြင်ရလိမ့်မည်။ ဘာကြောင့် သင်မွေးဖွားလာရတာလဲ၊ ဘုရားသခင်ဖြစ်စေချင်သောအရာကို သင်မြင်တွေ့ရလိမ့်မည်။

သောသူဖြစ်သည် (မဿဲ၊ ၁၆း၂၄-၂၅)။

ထို့ကြောင့်နောက်တကြိမ်ကြည့်မှန်ကို သင်ကြည့်သောအခါ ငါသည်ဘုရားသခင်အတွက် အလွန်တန်ဖိုးရှိသည်။ ငါသည်အပြစ်သားမဖြစ်ခင်ကတည်းက ဘုရားသခင်၏သားဖြစ်ရန် ရွေးချယ်ခြင်းခံရသော ပုဂ္ဂိုလ်ဖြစ်သည်ဟု စိတ်ချစွာ သင်ပြောဆိုနိုင်သင့်သည်။ ငါသည် ဘုရားသခင်သားတော်၏ အသွေးဖြင့် ရွေးဝယ်ပြီးသောသူဖြစ်သည် (ဧဖက်၊ ၁း၃-၁၄)။ စာတန်အုပ်စိုးမှုမှောင်မိုက်တန်ခိုးမှ လည်းငါတို့ကိုနုတ်၍ ယေရှု၏နိုင်ငံထဲသို့သွင်းတော်မူ၏ (ကောလော၊ ၁း၁၃)။

ယခုပင်သင့်ကိုသင် ဤသို့ပြောပါ။ ငါ၏အပြစ်များ ဆုံးရှုံးမှုများနှင့် အကျင့်ဆိုးများအားလုံးတို့သည် ပယ်ချွတ်ပြီး အသက်တာပြောင်းလဲပြီး (၂ကော၊ ၃း၁၈)ဖြစ်သည်။ ဘုရားသခင်အမြင်တွင် **ထူးခြားသော ပုဂ္ဂိုလ်တဦးအဖြစ်** မြင်လျက်ရှိပြီ။ ငါသည်ပြည့်စုံခြင်းမရှိသေးသော်လည်း စိတ်ရှည်စွာသည်းခံမည်။ အကြောင်းမှာ ငါနှင့်အတူ ဘုရားသခင်၏အလုပ်မပြီးမြောက်သေးသောကြောင့် ဖြစ်သည်ဟု ယခုပင်မှန်ကြည့်၍ပြောပါ။

နောက်သင်ခန်းစာ ၁၂ တွင်မူ အံ့သြဖွယ်ရာ ဘုရားသခင်၏ ကြီးမားသော ကယ်တင်ခြင်းထဲသို့ သင့်ကိုပို့ဆောင်လိမ့်မည်။ ရှေးကာလပတ်လုံး ဝှက်ထားလျက်ရှိသော်လည်း ယခုတွင် ဘုရားသခင်သည် တမန်တော်ရှင်ပေါလုထံတွင် နှုတ်ကပတ်တရားတော်ကို အကုန်အစင်ပြောလျက်ရှိပြီ (ကောလော၊ ၁း၂၆)။ ယခုတွင် နားမထောင်ခြင်းကြောင့် အာဒံဆုံးရှုံးခဲ့သော ဘုန်းအသရေတော်ကို ပြန်လည်ရရှိလာခြင်း ဘုရားသခင်၏ လမ်းစဉ်ကိုဆက်လက်လေ့လာကြပါစို့။



စည်းကမ်းလိုက်နာခြင်းနှင့် ကြိုးစားအားထုတ်ခြင်းဖြင့် သူတို့၏ပန်းတိုင်များဆွတ်ခူးရရှိဖို့ရန်ဇွဲလုံ့လဝိရိယနှင့်ကြိုးစားပါက အောင်မြင်မှုအကျိုးရလဒ်ရရှိရုံသာမက ဘဝ၏အခြားပြဿနာဖြစ်သော **မိမိကိုယ်ကို လှုံ့ဆော်ခြင်း** ကိုသင်ယူနေခြင်းဖြစ်သည်။

ထိုသို့ကြီးထွားခြင်းကြာလာ၍ အရွယ်ရောက်လာကြသောအခါ ကာမဆန္ဒများလက်ခံလာမည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့၏ ပတ်ဝန်းကျင်သည် အလွန်အရေးကြီးလှပြီး ကျွန်တော်တို့၏ အစိတ်အပိုင်းတခုစီတိုင်းကို လွှမ်းမိုးစေနိုင်သော တန်ခိုးရှိသည်။ ၎င်း၏ထိခိုက်မှုကို ဘယ်လိုသွန်သင်ရမည်ကို ဘုရားသခင်သည် အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းသွန်သင်မှုကိုလိုက်လျှောက်ရန် ပျက်ကွက်မှုသည် ကျွန်တော်တို့အပေါ်၌ ဘုရားသခင်၏တရားစီရင်ခြင်း ကျရောက်စေရုံသာမက ရှုပ်ထွေးသောဒုစရိုက်ကြောင့် ကျန်းမာရေးကိုပါ ထိခိုက်စေပါသည်။ လူအသိနည်းသော်လည်း ပို၍ထိခိုက်ခံရသောအရာမှာ ကျွန်တော်တို့၏ အတွင်းပိုင်းဖြစ်သည်။ ထိုအရွယ်၌ အောင်မြင်သောသူသည် ကောင်းချီးများစွာရရှိလာလိမ့်မည်။ သို့သော်လည်း အသေးငယ်ဆုံးအရာတခုမှ **မိမိကိုယ်ကို အထင်ကြီးရန်** မရှိပေ။

အကယ်၍ ပုဂ္ဂိုလ်တစ်ဦးကြီးထွားစဉ်တွင် သူတပါးကိုချစ်ရန်နှင့် အတ္တဆန်သောအကျင့်ကို အောင်မြင်ရန်မသင်ယူပဲ အိမ်ထောင်ပြုပါက ထိုသူ၏မေတ္တာအားလုံးနှင့်ပင်လျှင် ပုဂ္ဂိုလ်တစ်ယောက်၏ ဂရုဏာမဲ့စွာပြုမူမှုကို ကာကွယ် နိုင်လိမ့်မည်မဟုတ်ပေ။ သူတပါးကိုချစ်ချင်းနှင့် သင့်ကိုယ်သင်ပေးဆပ်ခြင်းသည် သင်၏ထုတ်ဖော်မှုကို ဘယ်တော့မှ ဆုံးရှုံးခြင်းမရှိပဲ စစ်မှန်သောသင်၏ တန်ဖိုးရှိမှု၊ အလေးထားမှုပို၍ကြီးထွားလာစေလိမ့်မည်။

မိမိကိုယ်ကိုလှည့်ဖြားခြင်းသည် ကိုယ့်ကိုယ်ကိုဖျက်စီးစေခြင်းဖြစ်သည်။ သူတစ်ပါးကိုလှည့်ဖြားခြင်းသည် မိမိကိုယ်ကိုတန်ဖိုးလျော့နည်းစေခြင်းဖြစ်သည်။ ခိုးသောသူလည်းမိမိကိုယ်ကို လုံးဝဆုံးရှုံးစေသောသူဖြစ်သည်။ မုသာပြောသာသူသည် မိမိကိုယ်ကိုယုံကြည်မှုလျော့နည်းစေပြီး ကြောက်စိတ်ဝင်လာစေသည်။ အတ္တဆန်ခြင်းသည် သင်၏မြင့်မြတ်မှုကို မတိုးပွားစေနိုင်ပါ။ ၎င်းအားဖြင့် သင်၏ရိုးသားဖြူစင်မှုကို ဖျက်စီးစေပါသည်။ တပ်မက်ခြင်းထဲသို့ ကျဆင်းသောသူသည် မြင့်မား

သော မေတ္တာကိုတိုင်းဆရန်စွမ်းရည်မရှိနိုင်ပေ။ ရိုးသားဖြူစင်မှုသည် လုပ်ငန်းခွင်တွင် အကောင်းဆုံးသောမူဝါဒဖြစ်ရုံသာမက ၎င်းအားဖြင့်သာ အသက်တာတွင် သူတပါး လေးစားမှုများရရှိနိုင်ပါသည်။ သင်မှားသောအချိန်တွင် သူတပါးကို စွပ်စွဲခြင်းသည် မိမိကိုယ်ကို သေးသိမ်စေခြင်းမျှသာ ဖြစ်သည်။ ရိုးသားဖြောင့်မတ်ခြင်းသည် ဘဝ၏အသုံးဝင်သောအရာဖြစ်ပြီး မရိုးသားခြင်းသည် ဆုတ်ယုတ်မှုသာဖြစ်စေနိုင်သည်။

နှုတ်ကပတ်တော်သွန်သင်ချက်မှာ အသက်တာတခုလုံးကို ဘုရားသခင်၏လမ်းစဉ်တိုင်း အသက်တာတွင် ဆုံးရှုံးမှုများကို ဖြေရှင်းရန်ဖြစ်သည်။ သူ၏ပညတ်ချက်များသည် တောင်များကဲ့သို့ ခက်ခဲမည်းမှောင်ခြင်းကြားထဲက တက်ရန်သင့်ကို စိန်ခေါ်ပြီး လိုက်လျှောက်အောင်မြင်သောသူသည် ထာဝရချမ်းသာမှုရရှိစေသည်။

မယုံကြည်သောသူသည် ဒုက္ခကျပ်တည်းမှုကို ထုတ်ဖော်ရန်မလိုပါ။ အဘယ့်ကြောင့်ဆိုသော် သူ၏အတိတ်၊ ပစ္စုပ္ပန်နှင့်အနာဂတ်သည် ထာဝရဘုရားသခင်၏ သားတော်နှင့်သက်ဆိုင်သည်။ ခရစ်တော်နှင့်အတူ မိမိကိုယ်ကို ထုတ်ဖော်ခြင်းအားဖြင့် ကျွန်တော်တို့၏ နေ့ရက်များသည် ဤကမ္ဘာမတည်မရှိမီကပင် ခွဲခန့်မှတ်သားပြီးဖြစ်ကြောင်းကို သိနားလည်စေပါလိမ့်မည် (ဧဖက်၊ ၁း၃-၆)။ ယခုလက်ရှိအခြေအနေများသည် ဘုရားသခင်စီမံရေးဆွဲထားရုံသာမက သူ၏ထိန်းချုပ်မှုမေတ္တာအောက်၌ အပ်နှံရန်ဖြစ်ပြီး (ရောမ၊ ၈း၂၈-၂၉)၊ ၎င်းထက်မက ကျွန်တော်တို့၏ အနာဂတ်များပင်လျှင် သူ့ထံတွင်လုံခြုံစွာသိုဝှက်ထားလျက်ရှိသည် (ရောမ၊ ၈း၃၆-၃၉)။

ယုံကြည်သူတိုင်းသည် အသက်တာတွင် ဘုရားသခင်ခွဲခန့်မှတ်သားထားသည့်အတိုင်း ကျေနပ်ရောင့်ရဲရန်နှင့် **ဘုရားသခင်၏ဖော်ပြချက်တွင် ထူးခြားသောပုဂ္ဂိုလ်တဦး** ဖြစ်ကြောင်းကို လုံခြုံစိတ်ချစွာ သိသင့်သည်။ ဤအရာသည်ဝါကြွားခြင်း (သို့) မာန်တတ်ခြင်းမဟုတ်ပဲ ဝိညာဉ်ရေးရာရင့်ကျက်မှုကို အကဲဖြတ် ခြင်းဖြစ်သည်။ ယုံကြည်သူတိုင်းသည် ခရစ်တော်နှင့်တူရန် ရည်မှန်းချက်ထားရှိပြီး “ငါ့ကိုမြင်သောသူသည် ခရစ်တော်ကို မြင်ပြီ”ဟု ရောက်လေရာရာတိုင်းတွင် ပြောဆိုနိုင်ရန် ကြိုးစားသင့်သည်။



ဘုရားသခင်သည် လူများဘယ်လိုပဲ တွန့်လိမ်ကောက်ကျစ်ပါစေ ပြောင်းလဲနိုင်ကြောင်း ယာကုပ်၏အသက်တာတွင်တွေ့ရှိရသည်။ ယာကုပ်သည် ကောက်ကျစ်လုယူတတ်သော်လည်း ဝိညာဉ်ကောင်းချီးမင်္ဂလာကို လက်ခံရရှိလိုသော ဆန္ဒရှိခဲ့သည်။ ဘုရားသခင်သည် ယာကုပ်၏ကောက်ကျစ်မှု ကုန်ဆုံးသည်အထိ သည်းခံစောင့်ဆိုင်းပြီးမှ ဝိညာဉ်ကောင်းချီးခံစားစေသည်။ ဘုရားသခင်သည်များစွာသောလူတို့အား ကိုယ့်ခွန်အားအစွမ်းအစဖြင့် ဘာမျှမတတ်နိုင်ကြောင်းကို သိစေရန် ပြဿနာကျပ်တည်းမှုများကို တွေ့ကြုံရင်ဆိုင်စေတတ်သည်။ (ယောဟန်၊ ၁၅း၄-၅)။

(ရောမ၊ ၇) ထဲတွင် ဘုရားသခင်သည် သူ၏လူများကို စိတ်ပျက်ဖွယ်ဒုက္ခထဲသို့ ဘယ်လိုမောင်းနှင်သည်ကို ဓမ္မသစ်ကျမ်းတွင် ရှင်ပေါလုအားဖြင့် ပုံဥပမာပြထားလျက်ရှိသည်။ ကျွန်တော်တို့ကို ဂရုဏာမဲ့စွာထုတ်ဖော်လှစ်ဟပေမဲ့ ခရစ်ယာန်အသက်တာ၌ မကျဉ်လည်ပဲ၊ ဇာတိခွန်အားကို ကိုးစားအသက်ရှင်ပါက ကျွန်တော်တို့သည် အမင်္ဂလာပြစ်တင်ခြင်းခံရရုံသာမက ကျွန်တော်တို့၏ စစ်မှန်သော အသက်တာကို ဘယ်တော့မှ တွေ့နိုင်မည်မဟုတ်ပေ၊ (ရောမ၊ ၈း၁-၄)။

ဘုရားသခင်နှင့်အတူ ငြိမ်သက်ခြင်းနှင့်အပြစ်သားဖြစ်ခြင်းမှ လွတ်မြောက်ခြင်းသည် ကျွန်တော်တို့ ပထမပြစ်တင်ခြင်းမှ လွတ်ငြိမ်းချမ်းသာစေသည်။ သို့သော်ပြည့်စုံသော ကယ်တင်ခြင်း၏ရလဒ်ဖြစ်သော **မိမိကိုယ်ကို ငြိမ်သက်ခြင်း** ကိုမူကား ဇာတိအသွေးသားအလိုသို့ လိုက်ခြင်းမှ လွတ်မြောက်ပြီဟု သိရှိပြီးမှသာပြည့်စုံလာသည်။ ဤအမှုသည် နက်နဲသောအသက်တာ ပြောင်းလဲခြင်း မသိရှိပါက မဖြစ်နိုင်ပါ (ဂလာ၊ ၂း၂၀)။

မိမိကိုယ်ကိုတန်ဖိုးရှိစေခြင်းသည် ကိုယ့်ကိုယ်ကိုငြင်းပယ်ခြင်းဖြင့်အနိုင်ရရှိမှုပေါ်အခြေခံ၍၊ အဘယ်သူမျှ ထိုမင်္ဂလာတရားကိုမငြင်းဆန်ကြချေ။ အဘယ့်ကြောင့်ဆိုသော် ရာထူးအဆင့်တန်း (သို့) သင်ယူခြင်းကြောင့်မဟုတ်ပဲ လူတိုင်းမိမိကိုယ်ကိုမှန်ကန်စေရန် ကြိုးစားသက်ရှင်ခြင်းကြောင့်ဖြစ်သည်။

လူတိုင်းမိမိကန့်သတ်ထားသော ဖြောင့်မတ်ခြင်းတွင်အသက်ရှင် ရန်ကြိုးစားနိုင်ကြသည်။ သို့သော်၎င်းထက် မင်္ဂလာရှိသော ပုဂ္ဂိုလ်မှာကိုယ့်ကိုယ်ကို ငြင်းပယ်၍ မိမိလက်ဝါးကပ်တိုင်ထမ်းကာ ယေရှုနောက်တော်သို့ လိုက်လျှောက်

ချက်မှာ “ထိုသူတို့ (တမန်တော်တို့) အဘို့သာ အကျွန်ုပ်ဆုတောင်းသည် မဟုတ်ပါ။ သူတို့ဟောပြောခြင်းအားဖြင့် အကျွန်ုပ်ကိုယုံကြည်သောသူတို့အဘို့လည်း ဆုတောင်းပါ၏။ အဘကိုယ်တော်သည် အကျွန်ုပ်၌ရှိတော်မူ၍ အကျွန်ုပ်သည်လည်း ကိုယ်တော်၌ရှိသကဲ့သို့ ထိုသူအပေါင်းတို့သည် ငါတို့၌တစ်လုံးတဝတည်း ဖြစ်စေခြင်းငှာ ဆုတောင်းပါ၏ . . . . . အိုအဘ၊ ကိုယ်တော်သည် ဤကမ္ဘာမတည် မရှိမှီ အကျွန်ုပ်ကိုချစ်၍ အကျွန်ုပ်အားပေးတော်မူသော ဘုန်းတော်ကို အကျွန်ုပ်အားပေးတော်မူသောသူတို့သည် ရှုမြင်ရမည်အကြောင်း အကျွန်ုပ်ရှိရာအရပ်၌ အကျွန်ုပ်နှင့်အတူ ရှိနေစေခြင်းငှာ အကျွန်ုပ်အလိုရှိပါ၏ (ယောဟန်၊ ၁၇း၂၀-၂၄)။

ယေရှုဆုတောင်းသည်မှာ “သူ၏ဘုန်းအသရေကိုမြင်ရသက်သက်သာမက ယခုပင်ဝေမျှဖို့ရန်ဖြစ်သည်။ ထို့ကြောင့် သင်၏ယုံကြည်ခြင်းကို ဝန်ခံခြင်းအစပြုရမည်မှာ “ ဘုရားသခင်သည် ယေရှုထဲ၌ကိန်းဝပ်၍ ခရစ်တော်သည် ငါ့အထဲ၌ ကိန်းဝပ်၏။ ထို့ကြောင့် ဝိညာဉ်တော်၏ တန်ခိုးတော်အားဖြင့် ယေရှုခရစ်တော်နှင့် တစ်လုံးတဝဖြစ်ခြင်းကိုငါတတ်စွမ်းနိုင်၏ (ကောလော၊ ၂း၆-၁၀)။ ကိုယ်ခန္ဓာ၊ စိတ်၊ ဝိညာဉ်သုံးပါးလုံး အပြစ်တင်ခြင်းနှင့်ကင်းလွတ်ခြင်းသည် ဖြစ်နိုင်ပါသည် (၁သက်သာ၊ ၅း၂၃)။

သင်၏ယုံကြည်ခြင်းကို ဝန်ခံခြင်းသည် ကိုယ့်ကိုယ်ကိုငြင်းပယ်ခြင်းဖြင့် ဆက်လက်လိုက်လျှောက်ရန်ဖြစ်သည်။ အကြောင်းမှာ ဘုရားသခင်၏ ချစ်ခြင်းသဘောကိုလက်ခံရရှိပြီးဖြစ်သောကြောင့် ယခုတွင် ဇာတိလူဟောင်းအားငြင်းဆန်ခြင်းဖြင့် ဘုရားသခင်အတွက်အခန်းနေရာကို ပြင်ဆင်ပေးရမည်။ ၎င်း၏ အကျိုးရလဒ်မှာ သင်၌သူ၏ဘုန်းအသရေတိုးပွားလာမည်ဖြစ်သည်။

သင်၏ဖြစ်အင်တခုလုံး ဘုရားသခင်ထံအပ်နှံ သောအခါသူ၏ တန်ခိုးတော်သည်သင်၏အခြေအနေ အားလုံးကိုပြုပြင်၍ ခရစ်တော်နှင့်သဏ္ဌာန်တူ လာစေရန် ပုံသွင်းပေးလိမ့်မည် (ရောမ၊ ၈း၂၈-၂၉)။ သင်၏ခန္ဓာကိုယ်တစ်ခုလုံးကို နှစ်သက် ဖွယ်သောယဇ်ကဲ့သို့ သင်ပူဇော်သကဲ့သို့ ဘုရားသခင်သည် သင်၏ အဓိက ပျောက်ဆုံးမှုကြီးကို ပြန်လည်ပျိုးထောင်၍ အသက်တာ၏ ရည်ရွယ်ချက်နှင့် သင်မွေးဖွားလာရခြင်းအကြောင်းကို နားလည်စေလိမ့်မည်။



## အခန်း (၁၂)
## ရာစုနှစ်ပေါင်းများစွာရှာဖွေသောအရာ

ရာစုနှစ်ပေါင်းများစွာတလျှောက်လုံး လူများသည်သူတို့၏အဓိက မဏ္ဍိုင်ကြီးများ မှားယွင်းလွဲချော်နေခြင်းကို ရှာဖွေခဲ့ကြသည်။ နက်နဲသောမေးခွန်းများကို ထုတ်၍ မေးမြန်းရှာဖွေသော်လည်း ကျေနပ်ဖွယ်ရာအဖြေ တစ်စုံတခုမျှမတွေ့ရှိခဲ့ပေ။ ဤကဲ့သို့သောမေးခွန်းမျိုးထုတ်ခဲ့ကြသည်။ ငါဟာဘာအတွက် အသက်ရှင်နေတာလဲ ငါ၏တန်ဖိုးအမှန်ကို ဘယ်မှာတွေ့ရမလဲ၊ ငါ့အသက်တာ၌ ကြီးမားသောလစ်ဟာနေမှုကဘာလဲ၊ စစ်မှန်သောကျေနပ်မှုကို ဘယ်မှာတွေ့ရှိနိုင်မလဲ။ ဤပြဿနာများကို အစမှနားလည်နိုင်ဖို့ရန် ဘုရားသခင်၏ နှုတ်ကပတ်တော်သို့ ပြန်လှည့်၍ လူဟာ ဘာလဲဟု ပြန်မေးရမည်။ ဘုရားသခင်သည် လူကိုဘာကြောင့် ဖန်ဆင်းခဲ့တာလဲ ဘာမှားယွင်းခဲ့ရတာလဲ။

အာဒံသည် ဘုရားသခင်၏လက်ဖြင့် မြေမှုန့်မှ ဖန်ဆင်းခဲ့သောထူးခြားသောပုဂ္ဂိုလ်ဖြစ်သည် (ကမ္ဘာ၊ ၂း၇)။ ကောင်းကင်တမန်များထက် အနည်းငယ်နိမ့်ချအောင်ဖန်ဆင်းခဲ့သောကြောင့် သေခဲ့ရသော်လည်း တိရစ္ဆာန်များထက်များစွာသာလွန်ခဲ့သည်။ များစွာစဉ်းစားနိုင်သောဉာဏ်ရည်ရှိရုံမက ဘုရားသခင်၏ သဏ္ဌာန်ကိုရောင်ပြန်ဟပ်စေနိုင်သော စွမ်းရည်လည်းရှိခဲ့သည်(ဟေဗြဲ၊ ၂း၅-၈)။ အံ့ဩဖွယ်ရာ အမှုတီထွင်နိုင်သော ခန္ဓာကိုယ်အပ်နှင်းခြင်းခံခဲ့ရပြီး ထိုခန္ဓာထဲရှိ အံ့ဩဖွယ်ကောင်းသောအရာ နက်နဲမှုသည် လူတွေသိနားမလည်သောအရာများကို နားလည်စေရန် ရှာဖွေဖော်ထုတ်ပေးလျှက်ရှိသည် (ဆာလံ၊ ၁၃၉း၁၃-၁၆)။

၎င်းအံ့ဩဖွယ်ရာ ခန္ဓာအားဖြင့် ပို၍ကောင်းမွန်သောအရာများကို တည်ဆောက်ခဲ့ကြသည်။ အကြောင်းမှာ ထိုခန္ဓာထဲသို့ဘုရားသခင်သည် ဇီဝအသက်မှုတ်သွင်းသောအခါ လူသည် အသက်ရှင်သော သတ္တဝါဖြစ်လာခဲ့သည် (ကမ္ဘာ၊ ၂း၇)။ ထိုခန္ဓာကိုယ်ထဲတွင် ပုဂ္ဂိုလ်တဦး၏စွမ်းဆောင်နိုင်မှုရှိသည်အတိုင်း သက်ရှင်ရုံသာမက သူတို့၏ဖန်ဆင်းရှင်ကို ချစ်ခြင်း၊ အစေခံနိုင်ခြင်းစသည့် စွမ်းရည်လည်းပါရှိသည်။

ဤအံ့သြဖွယ်ရာများအပြင် တိရစ္ဆာန်များထက်သာလွန်သော မဏ္ဍိုင်တခုကို ထပ်ဖြည့်ထားသည်မှာ ဝိညာဉ်ဖြစ်သည်။ ထိုဝိညာဉ်သည်သူ၏ ဖန်ဆင်းရှင်နှင့် မိတ်ဖွဲ့နိုင်သော သိနားလည်နိုင်သောစွမ်းရည်ရှိရုံသာမက ဖန်ဆင်းသောအရာများကို အုပ်စိုးပိုင်သော တန်ခိုးကိုလည်း ပေးထားလျက်ရှိသည်။ တဖန်ဘုရားသခင်က ငါတို့ပုံသဏ္ဍာန်နှင့်တညီတသဏ္ဍာန်တည်း လူကိုဖန်ဆင်းကြစို့။ သူသည်. . . . အုပ်စိုးစေဟု အမိန့်တော်ရှိ၏ (ကမ္ဘာ၊ ၁း၂၆)။

ဤအရာသည် လူ၏ဘုန်းကြီးခြင်းဖြစ်ပြီး မြင့်မြတ်သော လေးစားမှုခံရန်ခန့်ထားခဲ့သော်လည်း ၎င်းမှကျဆင်းခဲ့ရသည်။ ဘုရားသခင်အားဖြင့် ကြိုတင်သတိပေးခြင်းခံခဲ့ရသော်လည်း၊ သံသယဖြစ်ရန် စာတန်၏ သွေးဆောင်ခဲ့ခြင်းကြောင့်ဘုရားစကားနားမထောင်ပဲ သေခြင်းသို့ရောက်ခဲ့ရသည်။ သေခြင်း၏အရိပ်ဖြစ်သောအပြစ်ကြောင့် အာဒံ၏ ဝိညာဉ်တွင်မှောင်မိုက်မှုကို ထည့်သွင်းလျက်ရှိပြီး အချိန်တခဏအတွင်း ဘုရားသခင်သည် အာဒံ၏အတွင်းရှိသူ၏ သဏ္ဍာန်ကိုရုပ်သိမ်းခဲ့ရုံမက ဧဒင်ဉယျာဉ်မှ နှင်ထုတ်ခြင်းခံခဲ့ရသည် (ကမ္ဘာ၊ ၃း၂၂-၂၄)။

အာဒံအပြစ်ထဲသို့မကျဆင်းချိန်တွင်မူ သူ၏ခန္ဓာတခုလုံးသည် ဘုရားသခင်၏ သဏ္ဍာန်နှင့်ပြည့်စုံပြီး ကြိုးစားအားထုတ်ရန်မလိုဘဲ ဖန်ဆင်းရှင်၏သဏ္ဍာန်ကို ရောင်ပြန်ဟပ်စေရုံသာမက ဖန်ဆင်းသောအရာ အားလုံးကိုအုပ်စိုးနိုင်ခဲ့သည်။

သို့သော် အာဒံအပြစ်ထဲသို့ ကျဆင်းပြီးနောက်တွင် ကြောက်မက်ဖွယ်တရားသည် သူ့ကိုဖိနှိပ်စပြုခဲ့သည်။ ဘုရားသခင်နှင့် သူ၏တန်ခိုးတော်သည်အာဒံ၏အထဲတွင် ကိန်းဝပ်မည့်အစား ကြောက်မက်ဖွယ်အထီးကျန်ခြင်း ဝေဒနာဆိုးသာ ကျန်ရစ်ခံစားခဲ့သည်။ သူ့ကိုယုံကြည်စိတ်ချစွာ သွားလာစေသောဘုရားသခင်နှင့် ရင်းနှီးစွာ မိတ်ဖွဲ့မည့်အစားသူ၏စိတ်ဝိညာဉ်သည် တသီးတခြားဖြစ်ခဲ့ရသည်။ သူသည်ဇာတိပုဂ္ဂိုလ်ဖြစ်ရုံသာမက ဆိုးရွားသောမှောင်မိုက်တန်ခိုးသည် သူ၏အတွင်းတွင် နက်ရှိုင်းစွာအမြစ်တွယ်ချခဲ့သည်။ ၎င်းသည်အပြစ်၏ တန်ခိုးဖြစ်သည်။ ယခုတွင် အာဒံသည်ဇာတိအားဖြင့် ကျိန်ခြင်းအမင်္ဂလာ၏သားဖြစ်ခဲ့ရသည် (ဧဖက်၊ ၃း၁-၃)။

အာဒံသည် လူသားမျိုးနွယ်တို့၏ ဖခင်ဖြစ်သကဲ့သို့ လောကနှင့် သူ၏



မျိုးနွယ်စဉ်ဆက် အားလုံးအပေါ်သို့ အပြစ်ရောက်စေရုံသာမက ဆိုးရွားရှုပ်ထွေးသော ကျိန်ခြင်းအမင်္ဂလာခံကြရသည်။ ဘုရားသခင်၏ဘုန်းတော်ကိုလည်းမခံစာကြရတော့ပေ။ ထိုကဲ့သို့သူ၏ သားစဉ်မြေးဆက်တို့သည် ပြည့်စုံခြင်းမရှိတော့ပဲ ဝမ်းနည်းဖွယ်ကောင်းစွာ ယိုယွင်းပျက်စီးခြင်းသို့ ရောက်သွားကြသည်။

ရာစုနှစ်ပေါင်းများစွာတလျှောက်လုံး လူတို့သည် သူတို့၏ဘုန်းအသရေပျောက်ဆုံးခြင်းဖြင့် ဆက်လက်အသက်ရှင်ကြရသည်။ သူတို့၏အတွင်းစိတ်အားဖြင့် ဘုရားသခင်၏ အံ့သြဖွယ်ရာသိရှိရန်မှာ ယေရှုခရစ်တော် ဒုတိယ အာဒံမရောက်မှီတော့မဖြစ်နိုင်ပါ။ ထိုယေရှုသည် သူတို့၏အပြစ်ထဲမှ ကယ်နှုတ်ရုံသာမက သူ၏ဝိညာဉ်တန်ခိုးတော်အားဖြင့် ဘုရားသခင်နှင့်အတူ ပြန်မိတ်ဖွဲ့နိုင်ရန် လုပ်ဆောင်ပေးခဲ့သည်။ ထိုအရာသည် ပျောက်ဆုံးခဲ့သော ဘုန်းအသရေပြန်လည်ရရှိစေရန်တခုတည်းသောမျှော်လင့်ခြင်းဖြစ်သည်။

ရှင်ယောဟန်က ယေရှုအကြောင်းဖော်ပြသည်မှာ "နှုတ်ကပတ်တော်သည်လည်း လူဇာတိအဖြစ်ခံယူ၍၊ ကျေးဇူးတော်နှင့်၎င်း၊ သစ္စာတော်နှင့်၎င်းပြည့်စုံလျက်ငါတို့တွင်တည်နေတော်မူသည်ဖြစ်၍ ခမည်းတော်၌တပါးတည်းသော သားတော်၏ဘုန်းကဲ့သို့သူ၏ဘုန်းအသရေကို ငါတို့သည်မြင်ရကြပြီ (ယောဟန်၊ ၁း၁၄)။

ထာဝရအတိတ်မှ ဘုရားသားတော် ယေရှုမွေးဖွားသည်အထိ အာဒံပျောက်ဆုံးခဲ့သော ဘုန်းအသရေကို ယေရှုအားဖြင့်ထုတ်ဖော်ရုံသာမက ၎င်းဘုန်းအသရေကို ပြန်လည်ရရှိစေခဲ့ပြီ။ လူသားများပေါက်ဖွားလာရခြင်းသည်ကြွယ်ဝသောအသက်တာဖြင့် ဝမ်းမြောက်စေရန်နှင့် ဘုရားသခင်၏ ဘုန်းအသရေနှင့်အသက်ရှင်ရန် ဘုရားသခင်ရည်ရွယ်ထားကြောင်းကို ပြသခဲ့သည်။

နောက်ပိုင်းတွင် ယေရှုသည် မိမိအသက်ကိုစွန့်၍ လူများကိုရွေးနှုတ်ခြင်းငှာကြွလာတော်မူပြီ (မဿဲ၊ ၂၀း၂၈)။ သေခြင်းသို့ အပ်နှံခြင်းခံခဲ့ရသော်လည်းခမည်းတော်သည်သေခြင်း၏တန်ခိုးမှ ထမြောက်စေမည်ဟု ကိုးစားယုံကြည်ခဲ့သည်။ သူရှင်ပြန် ထမြောက်အပြီးတွင် ဘုရားသခင်သည် သူ၏ဝိညာဉ်ကိုလူများစွာထဲသို့စေလွှတ် မည်ဖြစ်ကြောင်းလည်းသိရှိခဲ့သည်။

ယေရှု၏ဆုတောင်းခြင်းသည် သင့်အသက်တာတွင် တစိတ်တပိုင်းပြည့်စုံပြီးဖြစ်သော်လည်း ယခုတွင်ပို၍ပြည့်စုံလာစေမည်ဖြစ်သည်။ ယေရှုဆုတောင်း

ခံစားရာသို့ ပို့ဆောင်ရန်ဖြစ်သည် (ဟေဗြဲ၊ ၂း၁၀)။

ကျွန်တော်တို့သည် “ဖောက်ပြန်ပျက်စီးတတ်သော မျိုးစေ့အားဖြင့် ဖြစ်ပွားသည်မဟုတ်။ မဖောက်ပြန်မပျက်စီးတတ်သော အသက်ရှင်၍အစဉ်အမြဲတည်တော်မူသော နှုတ်ကပတ်တော်အားဖြင့် ဖြစ်ပွားခြင်းဖြစ်သည်။ ကျွန်တော်တို့၏ ဝိညာဉ် အတွင်းလူသည် ထာဝရမျိုးစေ့ကို ယုံကြည်လက်ခံလျက်ရှိသည် (၁ပေ၊ ၁း၂၃)။

ယခုခေတ်နည်းပညာအကူညီမပါပဲ၊ ဆာလံဆရာဖော်ပြချက်မှာ “ကိုယ်တော်သည် အကျွန်ုပ်၏ကျောက်ကပ်ကိုပင် ဖန်ဆင်း၍၊ အမိဝမ်းထဲမှာ အကျွန်ုပ်ကိုဖုံးအုပ်တော်မူပြီ။ အကျွန်ုပ်သည် ထူးဆန်းသောလက္ခဏာကြောက်မက်ဖွယ်သောလက္ခဏာတို့နှင့် ပြည့်စုံသည်ဖြစ်၍ ကိုယ်တော်ကိုချီးမွမ်းပါမည်။ မထင်ရှားသောအရပ်၌ အကျွန်ုပ်ကိုဖန်ဆင်း၍၊ မြေကြီးအောက်အရပ်၌ စေ့စပ်စွာပြုပြင်တော်မူသောအခါ အကျွန်ုပ်၏ကိုယ်ခန္ဓာသည် ရှေ့တော်၌ထင်ရှားလျက်ရှိပါ၏။ မစုံလင်သေးသော အကျွန်ုပ်၏အလုံးအထွေးကိုလည်း ကိုယ်တော်သည် ကြည့်ရှု၍မြင်တော်မူပြီဟု ဖော်ပြထားပါသည် (ဆာလံ၊ ၁၃၉း၁၃-၁၆)။

သို့သော်အချိန်ရောက်ရှိသောအခါ အမိဝမ်းထဲ၌ပတ်ရစ်သောရေများကွဲအက်ကာ ဤလောကသို့ရောက်ရှိခဲ့ရသည်။ မဖော်ပြနိုင်သော အံ့သြဖွယ်အချိန်အတောအတွင်းပြင်းထန်စွာ အသက်တစ်ချောင်းဝေဒနာခံစားရစဉ်တွင်အခြားသော အသက်တစ်ချောင်းလောက၌စတင်ခဲ့ရပြီ။

ယေရှုက အကယ်၍ဒုတိယမွေးဖွားခြင်းမခံပါက ကျွန်တော်တို့သည် ဝိညာဉ်ရေးရာနိုင်ငံတော်သို့ ဘယ်တော့မှမဝင်ရဟုရှင်းလင်းစွာ ဖော်ပြထားပါသည်။ ယေရှုကလည်း ရေနှင့်ဝိညာဉ်တော်မမွေးသောသူမည်သည်ကား ဘုရားသခင်၏နိုင်ငံတော်သို့ မဝင်ရဟုငါအမှန်အကန်ဆို၏ (ယောဟန်၊ ၃း၅)။

ဝိညာဉ်တော်၏ လှုပ်ရှားပုံသည် လေနှင့်တူ၏။ ကျွန်တော်တို့သည် လေ၏စွမ်းအားကိုခံစား၍ ၎င်း၏အကျိုးသက်ရောက်ပုံကိုသိသော်လည်း ၎င်း၏အရှိန်ကို မထိမ်းချုပ်နိုင်ပေ။ သို့သော်သေချာမှုတခုမှာ မမြင်နိုင်သောလူ့နှလုံးသား အသိစိတ်သည် ကောင်းကင်နိုင်ငံတော်၏ လှုပ်ရှားမှုတန်ခိုးနှင့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ကို သိမြင်လာသောအခါ ဘုရားသခင်၏အကြံအစည်တော် များသည်



သင်၏အထဲ၌ ဘုန်းအသရေမျှော်လင့်ခြင်းနှင့် ခရစ်တော်သင့်အထဲ၌ ကိန်းဝပ်၍ ဘုန်းတော်ပို၍ထင်ရှားတောက်ပစေခြင်းသည် ဘုရားသခင်တပါးတည်းသာလျှင် တတ်နိုင်သည် (ကောလော၊ ၁း၂၈)။ အကယ်၍ သင်မွေးဖွားလာရခြင်းအကြောင်းကိုရှာဖွေတွေ့ရှိ၍ ဤလောကနှင့် နောင်လာမည့်အချိန်အတွက် သင်၏အဖြစ်မှန်အကြောင်းကို သိနားလည်၍ ဝမ်းမြောက်ခြင်းသည် တန်ဖိုးမဖြတ်နိုင်သောအရာဖြစ်သည်။ သို့သော်လည်း ထာဝရဘုန်းတော်ခံစားခြင်းနှင့် နှိုင်းယှဉ်ပါက ထိုသို့သောအရာသည် သေးငယ်သောအရာဖြစ်သည်။

ခရစ်ယာန်အနည်းစုသည် တမန်တော်ရှင်ပေါလုကဲ့သို့ ဆင်းရဲဒုက္ခခံရန် ဘုရားသခင်၏ ခေါ်ခြင်းခံရသည်။ သို့သော်ဒုက္ခလမ်းကို သူလျှောက်နေစဉ်တွင် ရှင်ပေါလုသည် “ငါတို့အားပေါ်ထွန်းလတံ့သော ဘုန်းကိုထောက်သော် ယခုမျက်မှောက်ကာလ၌ ခံရသောဆင်းရဲဒုက္ခကို ပမာဏမပြုထိုက်ဟု (ရောမ၊ ၈း၁၈)တွင် ပြောဆိုနိုင်ခဲ့ပါသည်။ ထို့ပြင်ကျွန်တော်တို့၏ နေ့ရက်သည် အလွန်တိုတောင်းသောကြောင့် ယုံကြည်သူများထံသို့ တောင်းဆိုသည်မှာ “ညီအစ်ကိုတို့၊ အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ ဘုရားသခင်နှစ်သက်တော်မူသောလက္ခဏာနှင့် ပြည့်စုံသော ယဇ်ကိုသင်တို့ပူဇော်၍ . . . ကောင်းမြတ်သောအရာနှစ်သက်ဘွယ်သောအရာ၊ စုံလင်သောအရာတည်းဟူသော ဘုရားသခင်၏အလိုတော်ရှိသောအရာသည် အဘယ်အရာဖြစ်သည်ကို သင်သိနိုင်မည်အကြောင်းစိတ်နှလုံးကိုအသစ်ပြင်ဆင်၍ ပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ရောက်ကြလော့ဟု (ရောမ၊ ၁၂း၁-၂)တွင် တိုက်တွန်းထားပါသည်။

ဘုရားသခင်သည် သေးငယ်သောသင်၏ လူသားဖြစ်ခြင်းထဲမှ ကြီးမားသော ဘုန်းတော်ကိုရရှိနိုင်မည်ဖြစ်ပြီး များစွာသောလူတို့သည် ဤလောကသို့သင်ပေါက်ပွားလာခြင်းကြောင့်များစွာသော ကောင်းကျိုးရရှိရုံသာမက သင်ကိုယ်တိုင်ကြီးမားသောပြည့်စုံခြင်း သိရှိလာမည်ဖြစ်သည်။ ဤအရာသည် အလွန်တန်ဖိုးကြီးသောအရာမဟုတ်သော်လည်း ကြီးမားသောအခွင့်အရေးကြီးဖြစ်သည်။ ဤအရာကိုရရှိခြင်းသည် ကွယ်ပျောက်နေသော ဘဝ၏အဓိက မဏ္ဍိုင်ကြီးကို ရှာဖွေတွေ့ရှိခြင်းဖြစ်ပြီးရာစုနှစ်ပေါင်းများစွာ လူတို့ရှာဖွေနေသော အရာလည်းဖြစ်ပေသည်။

ဤအံ့သြဖွယ်ရာအားဖြင့် သင့်ကိုမလွှမ်းခြုံမီ၊ ဘုရားသခင်၏ထာဝရအကြံ

အစည်တော်သည် ဤကမ္ဘာမတည်မရှိမီအချိန်ကတည်းက သင်၏အသက်တာကို စီမံကိန်းရေးဆွဲထားပြီးဖြစ်ကြောင်းသိရှိစေရန်သင့်ကို ဤလောကသို့ပြန်လည် ခေါ်ဆောင်လိုပါသည် (ဧဖက်၊ ၁း၃-၆)။



## အခန်း (၁၃)
## အသက်ရှင်ခြင်း၏ မှန်သောအချက်အလက်များ

ယေရှုက "ဒုတိယမွေးခြင်းကို မခံသောသူမည်သည်ကား ဘုရားသခင်၏ နိုင်ငံတော်ကို မမြင်ရဟုငါအမှန်အကန်ဆိုသည်ဟု ပြန်၍မိန့်တော်မူ၏ (ယောဟန်၊ ၃း၃)။

ဘုရားသခင်၏ နိုင်ငံတော်ကို ဒုတိယမွေးဖွားခြင်းခံသောသူကသာလျှင် သိနိုင်၊ ခံစားနိုင်ပြီး၊ ၎င်းကိုစစ်မှန်သော အသက်တာဖြင့် ရင်းနှီးစွာသိကျွမ်းခြင်းသည် ကျွန်တော်တို့ကို နိုင်ငံတော်ထဲသို့ ဝင်စားစေရုံသာမက နောက်ပိုင်းတွင် ထာဝရနိုင်ငံသို့ဆက်လက်ပို့ဆောင်ဦးမည် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် သန့်ရှင်းသောဝိညာဉ်တော်သည် နှုတ်ကပတ်တော်အားဖြင့် ပထမ ဤလောကသို့ ကျွန်တော်တို့မွေးဖွားလာခြင်းနှင့် ဝိညာဉ်ရေးရာဒုတိယမွေးဖွားခြင်းကို ခြားနားတတ်စေရန် သွန်သင်ပေးပါသည်။

ကလေးတစ်ဦးအတွက် ရှေးဦးစွာမိဘနှစ်ပါး၏ ရည်ရွယ်ဦးတည်ချက်သည် ကောင်းမွန်စွာနှင့် လှပစွာကြီးထွားဖွံ့ဖြိုးလာရန်ဖြစ်သည်။ အမိဝမ်းထဲ၌ ပဋိသန္ဓေမရှိစဉ်ကပင် ကလေးသည်မိဘ၏အတွေးထဲ၌ ရှိနှင့်ပြီးသကဲ့သို့ ကျွန်တော်တို့သည်လည်း ဘုရားသခင်၏ ထာဝရအကြံအစည်တော်ထဲ၌ ရှိနှင့်ပြီးဖြစ်သည်။ ဤကမ္ဘာမတည်မရှိမီ ငါတို့ကိုခရစ်တော်၌ ရွေးကောက်တော်မူသည်နှင့်အညီ . . ထိုဘုရားသခင်သည် ချစ်တော်မူသောသားတော်ကြောင့်၊ ငါတို့အားပေးတော်မူသောကျေးဇူးတော်၏ ဘုန်းအသရေကို ချီးမွမ်းခြင်းရှိစေခြင်းငှာ ငါတို့သည် ယေရှုခရစ်တော်အားဖြင့် သားအရာကိုရမည်အကြောင်း အလိုတော်ရှိသော စေတနာအတိုင်းရှေးမဆွက ခွဲခန့်မှတ်သားတော်မူ၏ (ဧဖက်၊ ၁း၄-၅)။

ကျွန်တော်တို့ မိဘနှစ်ပါး၏ ရည်ရွယ်ချက်မပါပဲ ဘုရားသခင်၏ ရည်ရွယ်ချက်ဖြင့် ကျွန်တော်တို့မွေးဖွားလာပြီး ဒုတိယမွေးဖွားခြင်းရရှိစေရန်ဖြစ်သည်။ ဘုရားသခင်၏ရည်ရွယ်ချက်သည် အမြဲတမ်းအပြစ်ကင်းစင်သောလောကကို သေခြင်းမဲ့သောလူများဖြင့် ပြည့်နှစ်စေရန်ဖြစ်သည်။ ၎င်းထက်အံ့ဩဖွယ်ကောင်းသောအရာမှာ များစွာသောသားတို့ကိုကယ်တင်၍ အနာဂတ်ဘုန်းစည်းစိမ်

တန်ခိုးတော်အားဖြင့် စောင့်ရှောက်တော်မူသော သင်တို့အဘို့ ကောင်းကင်ဘုံ၌ သိုထားလျက်ရှိသော အမွေတည်းဟုဖော်ပြထားပါသည် (၁ပေ၊ ၁း၅-၆)။ ကျွန်တော်တို့သည် သင်္ချိုင်း (သို့မဟုတ်) မိုးတိမ်ပေါ်သို့ရောက်လျှင်လည်း၊ သေချာနေသော အရာ တခုမှာသေခြင်းကင်းမဲ့လျက် ယေရှုကဲ့သို့ဖြစ်လိမ့်မည်။

ထိုချိန်၌ထိမ်းမြားစုံဘက်ခြင်း လိုအပ်မည်မဟုတ်၊ အကြောင်းမှာယေရှုက "ထမြောက်ရာကာလ၌ စုံဘက်ခြင်းကိုမပြု၊ ထိမ်းမြားပေးစားခြင်းကိုမပြု၊ ကောင်းကင်သားဘုရားသခင်၏ တမန်တော်ကဲ့သို့ဖြစ်ကြ၏ (မဿဲ၊ ၂၂း၃၀) ဟု ဆိုထားပါသည်။ နောက်တဖန်သေဘေးမရှိရ။ စိတ်မသာညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်းမရှိရ။ အကြောင်းမူကား ရှေးဖြစ်ဘူးသောအရာတို့သည် ရွေ့သွားကြပြီ။ ငါသည်ခပ်သိမ်းသောအရာတို့ကို အသစ်ဖန်ဆင်းသည်ဟု မိန့်တော်မူ၏ (ဗျာဒိတ်၊ ၂၁း၄-၅)။

ဤဂတိတော်များအားဖြင့် ဒုတိယမွေးဖွားခြင်းသည် အဆုံးမရှိသော ဘဝ/အသက်တခုစတင်ခြင်းဖြစ်ကြောင်းကို သေချာစေပါသည်။ ကျွန်တော်တို့သည် တနေ့သောအခါ ဝမ်းမြောက်ပျော်ရွှင်စွာ ကောင်းကင်သစ်နှင့် မြေကြီးသစ်ကို ဝင်စားရမည်ဖြစ်သည် (ဗျာဒိတ်၊ ၂၁း၁-၇)။ ဤအရာများသည် ထာဝရ အသက်၏အချက်အလက်များဖြစ်သည်။

ထို့ကြောင့် ယေရှုခရစ်ကြွလာသည်တိုင်အောင် သူ၏မိသားစုဝင်များ ပြန်လည်စည်းရုံးဖို့ရန် မေတ္တာအားဖြင့် လုပ်ဆောင်ရမည့်အရာတခုမှာ သူ့ကိုသတိရစေရန်ပွဲတော်မုန့်များ အတူတကွသုံးဆောင်ရန်ဖြစ်သည်။ ထိုသို့သုံးဆောင်ရာတွင် ယုံကြည်ခြင်းအားဖြင့် လက်ဝါးကပ်တိုင်နှင့် ရှင်ပြန်ထမြောက်ခြင်းကို သတိရရုံသာ မကပဲအချက် ၂ ချက်ကိုသိစေပါသည်။ ၎င်းတို့မှာ ဝိညာဉ်တော်သည် ကျွန်တော်တို့၏ ဝိညာဉ်များကို ယုယပြုစုပေးခြင်းနှင့် ခရစ်တော်ကြွလာသည်တိုင်အောင် သူ့ကိုချစ်ရန်နှင့် သူ၏အသက်တာနှင့်အမြဲမိတ်သဟာရဖွဲ့ရန်တို့ဖြစ်သည်။



ကျွန်တော်တို့၏ ဝိညာဉ်ထဲ၌ နေရာယူလာလျက်ရှိသည်။

ကျွန်တော်တို့၏ ဒုတိယမွေးဖွားသောနေ့ရက်သည် အခြားသော ဘဝသစ်၌စတင်သက်ရှင်ခြင်းဖြစ်သည်။ ကျွန်တော်တို့၏အာရုံများသည် သမ္မာကျမ်းစာနှင့်မကိုက်ညီသောအရာများဖြင့် ချုပ်နှောင်ခြင်းမရှိတော့ပဲ၊ ဝိညာဉ်ရေးရာ လောကသို့အသက်ရှူ၍ ပထမခြေလှမ်းလာပြီး "အဗ္ဗအဘဟုခေါ်ခြင်းစပြုလာသည် (ရောမ၊ ၈း၁၅)။ အံ့သြဘွယ်နိမိတ်ဖြစ်သွားသည်မှာ ကျွန်တော်တို့သည် အထက်မှမွေးဖွားသောသားဖြစ်ခြင်းပင်ဖြစ်သည် (ယောဟန်၊ ၈း၂၃)။

မိခင်များသည် များစွာသောနာကျင်ခြင်းဝေဒနာခံစားရင်း၊ ကြောက်ရွံ့ခြင်း၊ နာကျင်ခြင်း၊ ဝမ်းမြောက်ခြင်းနှင့် ရောထွေးစွာ ကျွန်တော်တို့ကိုမွေးခဲ့ရသည်။ အချို့သောမိခင်များမှာ လွယ်ကူစွာမွေးဖွားနိုင်ပြီး၊ အများစုမှာ နာကျင်ခြင်းနှင့် ဝေဒနာကြာရှည်ခံစားရင်း မွေးဖွားကြသည်။ ထိုနည်းတူစွာအထက်မှ မွေးဖွားခြင်းသည်လည်း အချို့မှာရှုပ်ထွေးမှုမရှိပဲလွယ်ကူစွာ မွေးဖွား၍ စိတ်ချမှုရရှိပြီး၊ အချို့မှာမူ ဒုက္ခဝေဒနာရေရှည်ခံစားရင်းမွေးဖွားကြရပေသည်။

ကလေးငယ်တဦးကြီးထွားလာရန် ကလေးသည် မိခင်၏နို့ရည်ဘက်သို့ ရှေ့ရှုသကဲ့သို့ ကျွန်တော်တို့လည်း နှုတ်ကပတ်တော်သို့ ပြန်လှည့်ရမည်။ "နှုတ်ကပတ်တေရား၏နို့စစ်အားဖြင့် ကြီးပွားမည်အကြောင်း၊ ဖွားစသောသူငယ်ကဲ့သို့ ထိုတရားနို့ကို အလွန်လိုချင်သောစိတ်ရှိကြလော့ (၁ပေ၊ ၂း၂)။ ဝိညာဉ်ရေးရာ ကလေးဘဝ၌ စိတ်ဒဏ်ရာနှင့် စုံစမ်းခြင်းများမှ မေတ္တာလက်ရုံးတော်နှင့် ယုယပိုက်ထွေးမှုဖြင့် ကူညီမစရန် ဘုရားသခင်သည်သူ၏အသင်းတော်ကို ပြုစုထားလျက်ရှိသည်။ သို့သော် ကျွန်တော်တို့သည် လူသား၏အထောက်အမမပါပဲ ယုံကြည်ခြင်းဖြင့် ခြေလှမ်းစလှမ်းခြင်းပြုရာတွင် ကြမ်းတမ်းခက်ထန်သောအရာသည် ကျွန်တော်တို့ရှေ့၌ ရင်ဆိုင်ရမည်ဖြစ်သည်။

ထို့နောက် ဝိညာဉ်ရေးရာအကြောနှင့်အရိုးသန်မာစေရန် ဘုရားသခင်၏ နှုတ်ကပတ်တော် မာကြောသောအစားအစာကို သုံးဆောင်ရန်ဖြစ်သည်။ "ထိုသို့နှင့် အညီငါတို့ကိုဘုန်းတန်ခိုးတော်နှင့် ခေါ်တော်မူသော ဘုရားကိုသိသောဉာဏ်အားဖြင့် ငါတို့အားအသက်ရှင်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်းနှင့် စပ်ဆိုင်သော အရာရှိသမျှတို့ကို ဘုရားတန်ခိုးတော်သည် ပေးသနားတော်မူပြီ။ ထိုသို့သော

အားဖြင့်လည်း အလွန်ကြီးမြတ်၍ အဖိုးထိုက်သောဂတိများကိုငါတို့၌အပ်ပေးတော်မူပြီ။ အကြောင်းမူကားထိုဂတိတော်များကို အမှီပြု၍သင်တို့သည် လောကီတပ်မက်ခြင်း အညစ်အကြေးနှင့်ကင်းလွတ်သဖြင့် ဘုရားပကတိကို ဆက်ဆံရသောသူဖြစ်ကြမည်အကြောင်းတည်း။ ထိုသို့အလို့ငှာ သင်တို့သည်ယုံကြည်ခြင်း၌ သီလကိုငင်း၊ သီလ၌ပညာကိုငင်း၊ ပညာ၌ကာမဂုဏ်ချုပ်တီးခြင်းကိုငင်း၊ ကာမဂုဏ်ချုပ်တီးခြင်း၌သည်းခံခြင်းကိုငင်း၊ သည်းခံခြင်း၌ ဘုရားဝတ်၌မွေ့လျော်ခြင်းကိုငင်း၊ ထိုမွေ့လျော်ခြင်း၌ညီအစ်ကိုစုံမက်ခြင်းကိုငင်း၊ ညီအစ်ကို စုံမက်ခြင်း၌ချစ်ခြင်းမေတ္တာကိုငင်း အလွန်ကြိုးစားအားထုတ်၍ ထပ်ဆင့်ကြလော့။ အကြောင်းမူကား ထိုပါရမီတို့သည် သင်တို့၌ရှိ၍ကြွယ်ဝလျှင်၊ ငါတို့သခင်ယေရှုခရစ် ကိုသိကျွမ်းခြင်း၌ မပျင်းရိစေခြင်းငှာငင်း၊ အကျိုးမဲ့မဖြစ်စေခြင်းငှာငင်း ပြုပြင်တတ် ကြ၏ (၂ပေ၊ ၁း၃-၈)။

ခရစ်တော်၏ သဏ္ဍာန်တော်သည် ငါတို့ထဲ၌ဖြည်းညင်းစွာပြုပြင်လျက်ရှိ၏ (ဂလာ ၄း၁၉)။ ဝိညာဉ်ရေးရာကလေးအရွယ်မှ လူငယ်အရွယ်သို့ ကူးပြောင်းစဉ်တွင် ကျွန်တော်တို့အသက်တာသည် ဦးဆောင်မှုလိုအပ်လာခြင်းကိုစတင်ရင်ဆိုင်ရပေမည်။ ထိုသို့သောအားဖြင့် လူပေါင်းများစွာတို့သည် သူတို့၏ဦးတည်ချက်မကျော်ဖြတ်နိုင်သော အသက်တာမျိုးကို ကျွန်တော်တို့အသက်တာ၌လည်း အာရုံဦးပေါ်လာသကဲ့သို့ ရောက်ရှိလာမည်။ သို့သော်လည်း ထိုသို့သောအရာသည် အသက်တာဆက်ကပ်အပ်နှံထားသောသူတို့ထံ၌သာ ရောက်ရှိတတ်သည်။

ရောမ၌ရှိသော ယုံကြည်သူများထံသို့ ရှင်ပေါလုတိုက်တွန်းထားသည်မှာ "ညီအစ်ကိုတို့အသက်ရှင်ခြင်း လက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင်နှစ်သက်ဘွယ်သော လက္ခဏာနှင့်ပြည့်စုံသော ယဇ်ကိုသင်တို့သည် ပူဇော်၍ မိမိကိုယ်ခန္ဓာကို ဘုရားသခင်အား ဆက်ကပ်ခြင်းတည်းဟူသော သင်တို့ပြုအပ်သောဝတ်ကို ပြုမည်အကြောင်း၊ သင်တို့ကိုငါတိုက်တွန်းနှိုးဆော်၏။ သင်တို့သည် လောကီ ပုံသဏ္ဍာန်ကိုမဆောင်ကြနှင့်။ ကောင်းမြတ်သောအရာ၊ နှစ်သက်ဘွယ်သောအရာ၊ စုံလင်သောအရာတည်းဟူသော ဘုရားသခင်အလိုတော် ရှိသောအရာသည် အဘယ်အရာဖြစ်သည်ကို သင်နိုင်မည်အကြောင်း၊ စိတ်နှလုံးကိုအသစ်ပြင်ဆင်၍ ပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ရောက်ကြလော့ (ရောမ၊ ၁၂း၁-၃)။



အသက်တာကြီးထွားခြင်းဆိုသည်မှာ ကြီးမားကျယ်ပြန့်သော တာဝန်များထမ်းဆောင်ရန်အစပြုခြင်းဖြစ်သည်။ ကျွန်တော်တို့ ရင့်ကျက်လာရခြင်းသည် ကိုယ့်အတွက်သာအသက်ရှင်ခြင်းမှ သူတပါးအတွက် အသက်ရှင်ကာ ပြုစုပျိုးထောင် ပေးရန်ရည်ရွယ်လျက်ရှိသည်။

ယေရှုက "လူသားသည်သူတပါးကို စေစားခြင်းငှာမလာ၊ သူတပါးအစေကို ခံစားခြင်းငှာငင်း၊ မိမိအသက်ကိုစွန့်၍လူများကိုရွေးခြင်းငှာငင်း ကြွလာသည်" (မဿဲ၊ ၂၀း၂၈)ဟု မိန့်တော်မူ၏။ တမန်တော်ရှင်ယောဟန်ကလည်း "အဘတို့ သင်တို့သည် ရှေးဦးစွာကပင်ရှိတော်မူသောသူကို သိသောကြောင့် သင်တို့အား ငါရေးပေးလိုက်ခဲ့ပြီ။ လူပျိုတို့သင်တို့သည် ခွန်အားနှင့်ပြည့်စုံ၍ဘုရားသခင်၏ နှုတ်ကပတ်တော်၌ မှီဝဲဆည်းကပ်သဖြင့် မာရ်နတ်ကိုအောင်သောကြောင့် သင်တို့အားငါရေးပေးလိုက်ခဲ့ပြီ (၁ယော၊ ၂း၁၃-၁၄)ဟု ဖော်ပြထားပါသည်။

ယခုတွင် ကျွန်တော်တို့၏ ဝိညာဉ်ရေးရာ ရင့်ကျင်ရုံနှင့် မပြီးဆုံးသေးပါ။ ငါတို့၏ပြင်လူသည် ဖောက်ပြန်ပျက်စီးခြင်းသို့ရောက်သော်လည်း အတွင်းလူမူကား တနေ့ထက်တနေ့ပြုပြင်ခြင်းကိုခံရ၏ (၂ကော၊ ၄း၁၆)။ ဤမြေကြီးခန္ဓာသည် နောက်ဆုံးတွင် သေဆုံးရသော်လည်း ၎င်းသည်အိပ်ပျော်ခြင်းမျှသာဖြစ်သည်။ (၁ကော၊ ၁၅း၂၀-၂၂)။ မဖောက်ပြန်မပျက်စီးနိုင်သော မျိုးစေ့အားဖြင့် ဖြစ်ဘွားသောသူတို့သည် ခြားနားစွာအသက်ရှင်ရုံသာမက သေချိန်တွင်လည်း ခြားနားမှုရှိသည်။ သင်္ချိုင်းတံခါးဝသည် အနာဂတ်သေခြင်းကင်းမဲ့သောဘုန်းစည်းစိမ် တံခါးဝဖြစ်လာသည် (ဖိလိ၊ ၂း၂၁-၂၃)။ ခေတ္တခဏကြေကွဲဝမ်းနည်းရသော်လည်း မျှော်လင့်ခြင်းမရှိသောသူများကဲ့သို့မဟုတ်ပေ (၁သက်၊ ၄း၁၃)။

သန်းပေါင်းများစွာသောလူတို့အကြားတွင် တနေ့သောအခါယေရှုခရစ်ပြန်လာ၍ သူနှင့်အတူနေရန် ယုံကြည်သူများကို သိမ်းဆည်းသောအခါ ကျွန်တော်တို့လည်း ပါဝင်လျက်ရှိမည်ဖြစ်ကြောင်း ကြီးမားသောမျှော်လင့်ခြင်းကို ထားရှိနိုင်ပါသည် (၁သက်၊ ၄း၁၃-၁၈)။

ခရစ်တော်သည် ငါတို့အတွက်နေရာပြင်ဆင်ခြင်းငှာ သွားသည်ကိုသေချာသကဲ့သို့မပျက်ပြယ်၊ မညှိုးနွမ်း၊ မပျက်စီးနိုင်သော အမွေတော်မိသားစု ဝမ်းမြောက်ခြင်းတွင်ခေါ်ဆောင်သွားမည်ကိုလည်း သေချာနေကြောင်းကို "ဘုရားသခင်၏

အပွင့်ရရှိရန် ကြိုးစားအားထုတ်နေပါက ငါတို့သည်မိုက်မဲသောသူ ဖြစ်ကြသည်။ ခရစ်တော်၏ပွဲတော်ကို မသုံးဆောင်မီဘာကြောင့် ကိုယ့်စိတ်နှလုံးကို စစ်ဆေးရန် စေခိုင်းသနည်း၊ အကြောင်းရင်း ၂ ချက်မှာ (၁)ကိုယ့်ကိုယ်ကို ဒုက္ခရောက်စေနိုင်ပြီး၊ (၂) ပြင်ထန်သောဘုရားသခင်ဆုံးမခြင်းခံရတတ်သောကြောင့်ဖြစ်သည် (၁ကော၊ ၁၁း၂၃-၃၃)။

ခရစ်တော်၏ သေခြင်းသည်စာတန်၏အုပ်စိုးမှုမှ ကယ်တင်ပြီး ဘုရားသခင်နှင့်ရန်ငြိမ်းစေကြောင်းကို ကျွန်တော်တို့လက်ခံယုံကြည်လာသောအခါ သူ၏ ဝိညာဉ်သည်ငါတို့ဝိညာဉ်ကိုအသက်ရှင်စေပြီးနောက် ကျွန်တော်တို့သည် ဒုတိယမွေးဖွားခြင်းကိုခံရကြသည်။ ထိုသို့ကျိန်ခြင်းအမင်္ဂလာ၏ သား/သမီးများမဟုတ်တော့ပဲ (ဧဖက်၊ ၂း၁၁)၊ ချစ်ခြင်းမေတ္တာ၏ သားသမီးများဖြစ်ကြသည် (၁ယော၊ ၄း၇)။ ကျွန်တော်တို့သည် ဝိညဉ်ရေးရာ၌သေနေသောသူများမဟုတ်တော့ပဲ အသက်ရှင်သောသူ ဘုရားသခင်၏မေတ္တာကို ရရှိသောသူများဖြစ်ကြသည်။

သို့သော် ဒုတိယမွေးဖွားခြင်းခံရပြီးတွင် အသစ်သောပြဿနာကြုံတွေ့ရသည်မှာ ခရစ်တော်၏ဝိညာဉ်နှင့် ကျွန်တော်တို့၏ ဇာတိလူပဟောင်းဆန့်ကျင်ဘက်ဖြစ်ခြင်းဖြစ်သည် (ဂလာ၊ ၅း၁၇)။ အကယ်၍ဇာတိလူပဟောင်းကို ငြင်းပယ်ပါလျှင် တန်ခိုးနှင့်ငြိမ်သက်ခြင်းကို ဆက်လက်ခံစားရမည်ဖြစ်ပြီး အကယ်၍ဇာတိလူဟောင်းကို ဘုရားသခင်၏သေခြင်း၌ မမြှုပ်နှံပဲ (ရောမ၊ ၆း၆) (သို့) ငြင်းပယ်မှုမပြုပဲနေပါက အတွင်းပိုင်းပြဿနာမဖြေရှင်းနိုင်ပဲ စိတ်ဓါတ်ကျခြင်း ရောဂါနှင့် သေခြင်းပင်လျှင် ဖြစ်ပေါ်စေနိုင်ပါသည်။

ချစ်ခြင်းမေတ္တာ၌ကျင်လည်ခြင်းသည် ကိုယ့်ကိုယ်ကိုငြင်းပယ်၍ သူတပါးအတွက် သက်ရှင်ခြင်းဖြစ်သည် (၁ယော၊ ၂း၇-၁၁)။ မေတ္တာ၌အသစ်သောအသက်တာနှင့်ကျင်လည်ခြင်း၏ ရလဒ်များမှာ ဝမ်းမြောက်ခြင်း၊ ပျော်ရွှင်ခြင်း၊ ငြိမ်သက်ခြင်း၊ ကျန်းမာခြင်း၊ ကြွယ်ဝသောအသက်တာပိုင်ဆိုင်ခြင်းနှင့် အမှုတော်မြတ်အောင်မြင်ခြင်းတို့ဖြစ်သည်။ ဇာတိလူပဟောင်းအတ္တဆန်ခြင်းသည် အပြစ်ဖြစ်ရုံသာမက၊ အန္တရာယ်လည်းဖြစ်စေသည်။

တမန်တော်ရှင်ပေါလုသည် ကောရိန္သုအသင်းတော်ရှိ ယုံကြည်သူများ၏ အတ္တဆန်စွာပွဲတော်အသုံးပြုခြင်းကို ကောင်းစွာသတိပေးခဲ့သည်။ သူတို့သည်



## အခန်း (၁၄)
## မှတ်မိခြင်းတခုသက်သက်ပဲလား

ယုံကြည်သူများစွာတို့သည် အံ့သြဖွယ်နက်နဲသော တစိတ်တဝမ်းမိတ်သဟာရဖွဲ့ခြင်းရှိသော်ငြားလည်း ပြည့်စုံသောဝမ်းမြောက်ခြင်းမခံစားနိုင်ကြသည်မှာ အလွန်ဝမ်းနည်းဖွယ်ဖြစ်သည်။ သစ္စာရှိစွာသူ့ကိုသတိရဖို့ ပွဲတော်မုန့်ဖဲ့ခြင်းပြုလုပ်ရန် ခရစ်တော်၏ မိန့်မှာချက်ကိုလည်း နာခံကြ၏။ ကျေးဇူးတင်ရှိစွာ ကျမ်းစာဖော်ပြချက်အတိုင်း သူတို့၏အပြစ်အတွက် ခရစ်တော်လက်ဝါးကပ်တိုင်ပေါ်တွင်အသေခံကြောင်းကိုလည်း ပြန်ပြောကြ၏။ မျှော်လင့်ချက်ရှိစွာ အနာဂတ်ခရစ်တော်ပြန်လာမည့်နေ့ရက်ကို မျှော်မှန်း၍ သူ၏နိုင်ငံတွင် အသစ်သော ပွဲတော်ပြန်သုံးဆောင်ရန်လည်း (မဿဲ၊ ၂၆း၂၈) မျှော်လင့်ကြ၏။ **သို့သော်ဝမ်းနည်းစွာ** ထိုအရာသည် အထိမ်းအမှတ်ကျင်းပခြင်းသက်သက်မဟုတ်ပဲ၊ တစိတ်တဝမ်းမိတ်သဟာရဖွဲ့ခြင်း၊ အံ့သြဖွယ်ရာဆက်သွယ်ရေးပြုလုပ်ချိန်ဖြစ်သည်ကို သူတို့သည် သတိမေ့လျော့တတ်ကြသည်။

ရိုးရှင်းသောယုံကြည်ခြင်းသည် သင်္ကေတနိမိတ်ထက်ပို၍ သိမြင်တတ်သည်။ ယုံကြည်ခြင်းသည် ဘုရားသခင်သားတော်၏ ကောင်းမြတ်ခြင်းနှင့် အသက်တာကို လက်ခံရရှိရန် ဆွတ်ခူးပေလိမ့်မည်။ ယုံကြည်ခြင်းသည် စပျစ်ရည်နှင့် မုန့်ကိုသုံးဆောင်သောအခါ "ကျွန်ုပ်၏ခန္ဓာကိုယ်သည် သူ၏ချစ်ခြင်းမေတ္တာ၌အထိမ်းအမှတ်ကိုလက်ခံသကဲ့သို့ ကျွန်ုပ်တို့၏ဝိညာဉ်သည် ဘုရားသခင်၏အသက်ကိုလက်ခံကာပြောင်းလဲပြီ" ဟု ပြောဆိုပေလိမ့်မည်။

ယေရှုကိုသတိရစေခြင်းငှာ ပွဲတော်မုန့်ကိုဖဲ့ခြင်းသည် ယေရှုမိန့်မှာချက်ကို နာခံရုံသက်သက်မဟုတ်ပဲ ကျွန်တော်တို့ကို တဆင့်ပြီးတဆင့်သို့ ပြောင်းလဲစေဖို့ အလို့ငှာ သူ၏အသက်ကိုမျှဝေလာသောအခါ လှုံ့ဆော်နိုးဆော်မှုကို ခံစားရပြီး ပုံသဏ္ဍာန်တော်နှင့်အညီ ပြောင်းလဲခြင်းရှိကြရမည် ဖြစ်သည် (၂ကော၊ ၃း၁၈)။

ထိုသို့သော မေတ္တာကိုဆင်ခြင်ကြည့်ပါက အလွန်လှပသော်လည်းပဲ အမှတ်ရခြင်းတခုသက်သက်ဖြစ်တတ်သောကြောင့် အကျိုးရလဒ်မှာ ရေရှည်မတည်တံ့နိုင်ပေ။ အထူးသဖြင့် ပြောင်းလဲမှုမရှိသောသူ၊ ဘုရားတရားကို မသိသော

သူများကိုချစ်ပြီး သူတို့နှင့်အတူနေထိုင်ပါက ရေရှည်မတည်တံ့နိုင်ပေ။ အနာဂတ်ဘုန်းအသရေကိုရှေ့ရှုခြင်းသည် စိတ်ဓါတ်ကိုမြင့်တင်စေသော်လည်း တခါတရံပတ်ဝန်းကျင်တွင် စိတ်နာကျင်ဖွယ်ရာတွေ့ကြုံရသောအခါတွင် မြေကြီးသို့တိုက်မိဆောင့်မိစေရန်လျှင်မြန်စွာ ဆွဲချတတ်သည်။

ရဲရင့်သောခြသေ့်နှင့် သိုးသငယ်ကဲ့သို့သေရဲလောက်အောင် သတ္တိရှိစွာသခင်ယေရှုကို နှလုံးသားထဲမှ ကြည်ညိုဝတ်ပြုသော်လည်း ညင်းပန်းနှိပ်စက်ခြင်းနှင့် ဒုက္ခပြဿနာပေါ်လာသောအခါ သူ့ကိုစံနမူနာယူ၍ နောက်တော်လိုက်ရန်မေ့လျော့တတ်ပြီး ကျွန်တော်တို့ပြိုလဲတတ်လေ့ရှိသည်။

ယေရှု၏စိတ်ရှည်သည်းခံခြင်း တန်ခိုးခွန်အားကိုသိမြင်ပြီး ထိုသို့သောသည်းခံခြင်းရှိသောသူသည် လောကတွင်အမွေခံစားရမည်ကို သိကြသော်လည်းဘဲကျွန်တော်တို့၏အခွင့်အရေးအတွက် လောဘဒေါသကြီးစွာ တိုက်ခိုက်ကြခြင်းဖြင့်ကျွန်တော်တို့အသက်၏ ထက်ဝက်ကိုလွန်သွားလေ့ရှိတတ်ကြသည်။

အကယ်၍မောရှေသည် ဣသရေလလူများအား ကောင်းကင်တမန်မုန့်ဖြင့် ကျွေးမွေးခြင်းကိုမြင်ရလျှင် (ဆာလံ၊ ၇၈း၂၅) ထာဝရအသက်မုန့်ဖြင့်ကျွန်တော်တို့ကို ကျွေးမွေးပြုစုခြင်းသည် အဘယ်မျှလောက် အံ့သြဖွယ်ရာဖြစ်သနည်း။ တကယ့်အစာဖြစ်သော ခရစ်တော်၏ အသက်ကိုရသောသူသည် ခေတ်အဆက်ဆက် ထာဝရအသက်ရှင်ရလိမ့်မည်။ သူတို့သည် ခရစ်တော်လူသားဖြစ်ရခြင်း၏ကောင်းမြတ်ခြင်းနှင့် ဝိညာဉ်တော်အားဖြင့် လမ်းပြဦးဆောင်မိတ်သဟာရဖွဲ့ခြင်းတို့၌ ဝမ်းသာပီတိဖြစ်တတ်သည်။ ခရစ်တော်၏ အသက်ကိုပိုင်ဆိုင်သောသူသည် ထာဝရအသက်ရှင်ခြင်းသို့ ကူးပြောင်းသောသူဖြစ်သည်။ သူတို့သည်သီးခြားစွာနေထိုင်တတ်ကြပြီး ခရစ်တော်ကြောင့်သီးခြားစွာသေတတ်သည်။ အကြောင်းမှာ တနေ့သောအခါ ဝမ်းမြောက်စွာ ဤသို့သီဆိုကြလိမ့်မည်။ ကိုယ်တော်သည်အသေသတ်ခြင်းကိုခံတော်မူသောအားဖြင့် အသီးအသီးဘာသာစကားကိုပြောသောလူအမျိုးအနွယ်ခပ်သိမ်းတို့အထဲမှ အကျွန်ုပ်တို့ကိုယူ၍ အသွေးတော်နှင့်ဘုရားသခင်အဘို့ ရွေးနှုတ်တော်မူ၍ အကျွန်ုပ်တို့၏ဘုရားသခင်ရှေ့မှာရှင်ဘုရင်အရာ၌၎င်း၊ ယဇ်ပုရောဟိတ်အရာ၌၎င်း ခန့်ထား၍ မြေကြီးပေါ်မှာစိုးစံရသောအခွင့်ကို ပေးတော်မူ၏။ ထို့ကြောင့် ကိုယ်တော်သည် စာစောင်ကို



ခံယူ၍ တံဆိပ်တို့ကိုဖွင့်လိုက်တော်မူ၏ဟု အသစ်သောသီချင်းကို သီ၍လျှောက်ဆိုကြ၏ (ဗျာဒိတ်၊ ၅း၉-၁၀)။

ထိုသူတို့ကလည်း အသေသတ်ခြင်းကိုခံခဲ့ပြီးသောသိုးသငယ်သည်တန်ခိုး၊ စည်းစိမ်၊ ပညာ၊ အစွမ်းသတ္တိ၊ ဂုဏ်သရေ၊ ဘုန်းအာနုဘော်၊ ကောင်းကြီးမင်္ဂလာကိုခံထိုက်တော်မူ၏ဟု ကြီးသောအသံနှင့်ပြောဆိုကြ၏ (ဗျာဒိတ်၊ ၅း၁၂)။

ကျွန်တော်တို့ ခရစ်ယာန်အသက်တာသည် ကျွန်တော်တို့၏ သေနေသောဝိညာဉ်များအပေါ် ခရစ်တော်၏ဝိညာဉ်အားဖြင့် အသက်ရှင်စေခြင်းကို လက်ခံခြင်းအားဖြင့်အစပြုခြင်းဖြစ်သည် (ဧဖက်၊ ၃း၁)။ ပို၍အရေးကြီးသောအရာမှာ၎င်းခရစ်ယာန်အသက်တာသည် အံ့သြဘွယ်ရာ တန်ခိုးကိုစုပ်ယူနိုင်သော ယုံကြည်ခြင်းကို အဆက်မပြတ် ထိမ်းသိမ်းပြုစုပျိုးထောင်ပေးရန် အရေးကြီးပေသည်။

အခြားသောဘာသာတရားများကဲ့သို့ ဘုရားကိုရှာနေခြင်းမဟုတ်ပဲခရစ်ယာန်သည် ဘုရားသခင်နှင့်အတူ မိတ်သဟာရဖွဲ့ရန်ဖြစ်သည်။ ဘုရားသခင်သည်လူသားများကိုရှာဖွေရုံသာမက သူ၏သားတော် အသက်ကိုပင်ဝေမျှပေးကမ်းသောသူဖြစ်သည် (ယောဟန်၊ ၃း၁၆)။

ခရစ်ယာန်တို့၏ အရင်းအမြစ်ဖြစ်သော ခရစ်တော်နှင့်တလုံးတဝဖြစ်ခြင်းမှလမ်းလွဲပြိုလဲခြင်းသည် အန္တရာယ်ရှိကြောင်းကို တမန်တော်ရှင်ပေါလုသည်အဆက်မပြတ် အသင်းတော်များထံသို့ သတိပေးခဲ့ပါသည်။ ရိုးရှင်းသောသတင်းကောင်းမှ သွေဖယ်မသွားရန် ဆက်လက်သတိပေးခဲ့သည်မှာ "ထို့ကြောင့်သင်တို့သည် သခင်ယေရှုခရစ်ကို ခံယူပြီးသည်ဖြစ်၍ ထိုသခင်၌ကျင်လည်ကြလော့ဟု (ကောလော၊ ၂း၆၊ ဂလာ၊ ၃း၃)။ သူတို့သည် မိတ်သဟာရဖွဲ့ခြင်း၊ ဆုတောင်းခြင်း၊ ဩဝါဒသွန်သင်ပေးခြင်းဖြင့် ကျင်လည်ရုံမက ပွဲတော်မုန့်ဖွဲ့ခြင်းလည်း ပြုလုပ်ခဲ့ကြသည် (တမန်၊ ၂း၄၂)။

အကယ်၍ဝိညာဉ်တန်ခိုးတော်နှင့် ခွန်အားကို ဆက်လက်ထိမ်းသိမ်းမည်ဆိုပါက နေ့စဉ်ခန္ဓာကိုယ်အစားအစာသုံးဆောင်ခြင်းထက် ဝိညာဉ်အစာသုံးဆောင်ခြင်းက ပို၍လက်ခံရန်အရေးကြီးပေသည် (ယောဟန်၊ ၆း၄၈)။ အကယ်၍ယေရှုက "ငါနှင့် ကင်းကွာလျှင် သင်တို့သည်အဘယ်အမှုကိုမျှ မတတ်နိုင်ကြ (ယောဟန်၊ ၁၅း၄-၅) ဟုဖော်ပြထားသော်လည်း ကိုယ့်အစွမ်းအစနှင့် အမှုတော်မြတ်၌ အသီး

၁း၁)။ ဤအကြောင်းကြောင့် ကျွန်တော်တို့၏ ပတ်ဝန်းကျင်တွင် ဖျားနာခြင်းနှင့် မမှန်ကန်သောအရာဖြင့် ရစ်ပတ်နေခြင်းဖြစ်သည်။

ရောင့်ရဲသောစိတ်သည် ကြီးစွာသော အကျိုးဖြစ်ရုံသာမက ကျန်းမာရေးကိုကောင်းမွန်စေပါသည် (၁တိ၊ ၆း၆)။ ဘုရားသခင်၌ အစဉ်ဝမ်းမြောက်ခြင်းသည် ခက်ခဲသော်လည်းသင်၏သွေးလည်ပတ်မှုကို ကောင်းမွန်စေပါသည် (ဖိလိ၊ ၄း၄)။ လူအပေါင်းတို့နှင့် သင့်တင့်စွာပေါင်းသင်းဆက်ဆံခြင်းသည် ဖြစ်နိုင်ချေနည်းသော်လည်း နှစ်ခြိုက်စွာအိပ်ပျော်စေပါသည် (၂တိ၊ ၂း၂၂)။

ဘုရားသခင်၏အကြံပြုချက်သည် အနည်းငယ်သာဖြစ်သော်လည်း မူးယစ်ဆေး (သို့) ဆေးဝါးများထက် ပိုအရေးပါပြီး ပို၍တန်ခိုးကြီးသောအရာတို့မှာ ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းနှင့် ချစ်ခြင်းမေတ္တာတို့ဖြစ်သည် (၁ကော၊ ၁၃း၁၃)။

**ယုံကြည်ခြင်း**သည် ကျန်းမာခြင်းရရှိရန်၊ ကြောက်ရွံ့ခြင်းနှင့် ပူပန်ခြင်းတို့ကို ဖျက်စီးအောင်မြင်နိုင်သော တခုတည်းသောအဖြေဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ကြောက်ရွံ့မှုကို အောင်နိုင်ခြင်းနှင့်ပြည့်စုံပြီး ယုံကြည်ခြင်းသည် ဂတိတော်များကို သက်ဝင်စေသည်။ ပြဿနာအားလုံးနီးပါးနှင့် ပတ်ဝန်းကျင်အခြေအနေ အားလုံးနီးပါးတို့သည် သုတ္တံကျမ်းနှင့်ဆာလံကျမ်းတို့တွင် ရေးသားဖော်ပြလျက်ရှိသည်။ ဘုရားသခင်သည် ကျမ်းစာအားဖြင့် သင့်နှလုံးသားသို့ စကားပြောနိုင်သည်။ အကယ်၍ ဘုရားသခင်ထံသို့ သင်ချဉ်းကပ်ပါကသူသည် သင့်ကိုငြိမ်သက်ခြင်းပေးနိုင်သည်။ ယေရှုကိုယ်တိုင် စိုးရိမ်ခြင်းနှင့်ပတ်သက်၍ ကျွန်တော်တို့ကို သတိပေးခဲ့သည် (လုကာ၊ ၁၂း၂၂-၃၄)။ အကယ်၍ စာငှက်တို့သည် နေ့ခင်းချိန်တွင် အစာရှာရင်း သီချင်းဆိုလျက် ဝမ်းမြောက်စွာ အသက်ရှင်နိုင်ပြီး၊ တောမြက်ပင်တို့လည်း ပွင့်လန်း၍ နေရောင်ခြည်ကို ဝမ်းမြောက်စွာခံစားနိုင်လျှင်၊ ကျွန်တော်တို့လည်း အကယ်၍သင်ယူပါက တတ်စွမ်းနိုင်သည်။

**မျှော်လင့်ခြင်း**သည် ကြီးစွာအဖိုးထိုက်သောရလဒ်ဖြစ်သည်။ ၎င်းသည် ကျွန်တော်တို့၏ ထာဝရအိမ်နှင့် ဆက်စပ်ရုံသာမက လောကတွင် ကျန်းမာခြင်းအတွက်လည်းဖြစ်သည်။ ဘုရားသခင်သည် ကျွန်တော်တို့၏မနက်ဖြန်ကို တောက်ပစေသောသူ အနာဂတ်လိုအပ်မှုအတွက် ဖူလုံစေသောသူနှင့် ခန္ဓာ၊ စိတ်၊ ဝိညာဉ်အတွက်ခွန်အားဖြစ်ကြောင်း အမြဲတမ်းသိမြင်စေသည် (ဖိလိ၊ ၄း၁၉)။



အတူစည်းဝေးကြသောအခါ သူတို့အတွက် ခရစ်တော်အသွေးသွန်းလောင်းခြင်းကိုသတိရခြင်းမရှိသည့်အပြင် သူတို့အချင်းချင်းပင်လျှင် မုန့်ဖဲ့ရန်အလိုမရှိကြကြောင်းကို (၁ကော၊ ၁၁း၂၀-၂၁)တွင် ဖော်ပြထားပါသည်။

ထိုသို့သူတို့၏ အတ္တဆန်သောအပြုအမူများကြောင့် ချစ်ခြင်းမေတ္တာ ခန်းခြောက်သွားသည်သာမက သူတို့၏ ညီအစ်ကိုများသည် ခရစ်တော်၏ခန္ဓာကိုယ်ဖြစ်ကြောင်းကိုလည်း မသိနိုင်ကြတော့ပေ။ ထိုသို့ပွဲတော်ကို မှားယွင်းစွာအသုံးပြုခြင်းဖြင့် ခရစ်တော်၏ ခန္ဓာကိုယ်ပြစ်မှားရာရောက်သည်ကိုလည်း မသိတော့သည့်အပြင် ဒဏ်ရာအပေါ် ထပ်ဆင့်ဒဏ်ရာဖြစ်စေကြသည်။ ထိုသို့သောအပြုအမူသည် ကောင်းကင်တမန်များလည်းအံ့ဩရုံသာမက ဘုရားသခင်၏ တရားစီရင်ခြင်းပါ ခံခဲ့ကြရသည်။

အောက်ပါခရစ်တော်၏ မေတ္တာဖြင့်ဖိတ်ခေါ်သံကိုအစဉ်သတိရကြပါစို့ ဤမုန့်ကား သင်တို့အဘို့အလို့ငှာ ချိုးဖဲ့သော ငါ၏ကိုယ်ဖြစ်၏ ယူ၍စား ကြလော့” ဟူသော (၁ကော၊ ၁၁း၂၄)နှင့် ကျွန်တော်တို့၏ အသွေးသည် သူ၏အသွေး၌ တည်သော ပဋိညာဉ်တရားသစ် (၁ကော၊ ၁၁း၂၅)ကို သတိရခြင်းဖြင့် စပျစ်ရည်ခွက်ကိုယူ၍သောက်ကြစို့။

များမကြာသောနေ့ရက်တွင် ကျွန်တော်တို့၏ ယုံကြည်ခြင်းသည် မျက်စိဖြင့်မြင်နိုင်သောအရာသို့ ပြောင်းလဲလာလိမ့်မည်။ သူဖြစ်ခြင်းကဲ့သို့ မြင်ရမည်ဖြစ်သည်။ ထိုသို့သော အချိန်မရောက်သည်တိုင် ကျွန်တော်တို့သည် ခရစ်တော်နှင့်တလုံးတဝဖြစ်ခြင်းအကြောင်းကို မဟောပြောရမည့်အကြောင်းရင်းမရှိပါ အကြောင်းမှာ ၎င်းအချိန်ရောက်လာသောအခါ မိုးကောင်းကင်သည် ရှုမျှော်ခင်းအဖြစ်သို့ ပြောင်းလဲလာမည်ဖြစ်သည်။ ဟာလေလုယာ အာမင် သခင်ယေရှု ကြွလာတော်မူပါ။

## အခန်း (၁၅)
## ဘုရားသခင်၏ကျန်းမာစေခြင်း

ကမ္ဘာဦးကျမ်းမှ ဗျာဒိတ်ကျမ်းအထိ ဘုရားသခင်၏နှုတ်ကပတ်တော်သည်လူနှင့်နတ်ဆိုးမင်းကြီး အကြောင်းကို ကြွင်နာကင်းမဲ့စွာ ဖော်ပြထားသည်။ ဘုရားသခင်ကို ပုန်ကန်သောသူတို့၏ နောက်ကိုလိုက်လျှောက်ပါက ယိုယွင်းပျက်စီးရမည့်အကြောင်းကိုလည်း ဖော်ပြထားပါသည်။ တခါတရံဖျားနာခြင်းသည် ဇာတိနှင့်အပြစ်ထဲတွင် နစ်မွန်းအသက်ရှင်ခြင်းကြောင့် တိုက်ရိုက်ရရှိလာသော အကျိုးရလဒ်ဖြစ်တတ်ပြီး၊ များစွာသော လူတို့သည်အပြစ်မရှိပဲအခြားလူများကြောင့် နာကျင်မှုဝေဒနာခံစားရတတ် သည်ကိုကျွန်တော်တို့မမေ့အပ်ပေ။ နှုတ်ကပတ်တော်သည် ဒုစရိုက်နှင့်ပတ်သက်၍ ရှင်းလင်းစွာသတိပေးရုံသာမက သည်းခံခြင်းဖြင့် အနိုင်ယူဖို့ရန်မှန်ကန်သော ဩဝါဒကိုလည်း သွန်သင်ပေးလျက်ရှိသည် (၂တိ ၊ ၃း၁၆)။ ၎င်းသည် ကာကွယ် ပေးသောဆေးဝါးနှင့်တူပေသည်။

ဆရာဝန်၏ခွဲစိတ်မှုတွင် (၆၀%)လူနာအများစုသည် စိတ်ပိုင်းဆိုင်ရာရောဂါကြောင့်ဖြစ်သည်။ စိတ်ဆိုးခြင်း၊ နာကြည်းခြင်း၊ ကြောက်ရွံ့ခြင်း၊ စိုးရိမ်ပူပန်ခြင်းနှင့် ၎င်းတို့ထက်ဆိုးသော ဒုစရိုက်အပြစ်စသည်တို့ကြောင့် ခန္ဓာကိုယ်သည် လွယ်ကူစွာရောဂါရရှိစေပါသည်။ သို့သော်အချို့သောရောဂါဖျားနာမှု၏ အရင်းအမြစ်မှာဦးနှောက်အတွေးနှင့် စိတ်နေသဘောထားမမှန်ကန်ခြင်းကြောင့်ဖြစ်သည်။

တခါတရံ ဆရာဝန်သည် နားကြပ်၊ သာမိုမီတာနှင့် ရောဂါစစ်တမ်းထုတ်ကိရိယာများကိုချထားလေ့ရှိသည်။ ထိုသို့ဖြစ်ရခြင်းအကြောင်းရင်းမှာ ရောဂါ(သို့) ပင်မမှားယွင်းမှုကို မတွေ့ရသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ဆရာဝန်သည် လူနာ၏ ရောဂါခံစားမှုလက္ခဏာများကို တခုပြီးတခုပြန်မေးမြန်း၍ ရောဂါပြဿနာကိုပြန်ရှာဖွေတတ်လေ့ရှိသည်။

တခါတရံကူးစက်တတ်သောရောဂါနှင့် ၎င်းပိုးသည် ခန္ဓာကိုယ်အတွင်းရှိ ရောဂါတိုက်ဖျက်ကာကွယ်သောအစိတ်အပိုင်းတွင်းသို့ တိုးဝင်တတ်သည်။ ထိုကဲ့သို့ စီးဝင်ခြင်းသည်လည်း စိတ်ဖိစီးမှုများကြောင့် ရောဂါကိုမတိုက်ဖျက်နိုင်ခြင်းဖြစ်တတ်သည်။



ဘုရားသခင်သည် ကျွန်တော်တို့၏ ကိုယ်ခန္ဓာကျန်းမာခြင်းကို အလွန်ပင်အလေးထားသည် (ထွက်၊ ၁၅း၂၆)။ ကျန်းမာခြင်းကိုပေးနိုင်သော သူ၏နှုတ်ထွက်စကားကို ငြင်းဆန်ခြင်း (သို့) အသိမှတ်မပြုခြင်းသည် အမြဲတမ်းဆိုးကျိုးခံစားရတတ်သည်။ "ငါ့သား ငါ့စကားကိုနားထောင်လော့။ ငါ့ဟောပြောချက်တို့ကိုနားသွင်းလော့။ သင့်မျက်မှောက်မှမကွာစေနှင့်။ နှလုံးတွင်း၌စောင့်ထားလော့။ အကြောင်းမူကား၊ ထိုတရားစကားကိုတွေ့ရသောသူတို့သည် အသက်ရှင်ခြင်း၊ တကိုယ်လုံးကျန်းမာခြင်းအကြောင်းကိုတွေ့ရပြီ (သုတ္တံ၊ ၄း၂၀-၂၂)။

ဘုရားသခင်သည် ၎င်းထက်ပို၍ ဂရုစိုက်သောအရာရှိသေးသည်။ သူသည် သင့်ကိုကောင်းသော အရာနှင့်ရောင့်ရဲစေ၍ သင်၏အရွယ်သည် ရွှေလင်းတ၏အရွယ်ကဲ့သို့ ပြုပြင်ခြင်းရှိ၏ (ဆာလံ၊ ၁၀၃း၅)။ ဘုရားတစ်ပါးတည်းသာလျှင် နှလုံးသားလိုအင်ဆန္ဒများဖြည့်ဆည်းပေးခြင်းဖြင့် ကျွန်တော်တို့၏ ခန္ဓာကိုနုပျိုလန်းဆန်းစေခြင်းနှင့်အသက်ရှင်စေနိုင်သည် (ကမ္ဘာ၊ ၂၅း၁-၄)။

အကယ်၍ကျွန်တော်တို့၏ နုပျိုသော ကာလသည် ဘုရား၏လူတို့အားဖြင့် ပြုပြင်ပေးရန် ပြင်းပြသောဆန္ဒရှိခြင်းနှင့် ဘုရားကိုချစ်သောမိသားစု၏ ဂရုစိုက်မှုမှ ကြီးပြင်းလာခြင်းအားဖြင့် နုပျိုသောအရွယ်၌ ပြဿနာများလျော့နည်းစေနိုင်ပါသည်။ အကယ်၍ဘုရားသခင်သည် ရွှေလင်းတကို ထက်ကောင်းကင်သို့ပျံသန်းနိုင်စေရန် အသစ်သောတောင်ပံနှင့် အသစ်သောခွန်အားကို ပြုပြင်ဖြည့်ဆည်းပေးနိုင်ပါက ဘုရားသခင်သည် သူ၏လူများအပေါ်တွင်လည်း ပြုပြင်ဖြည့်ဆည်းပေးနိုင်ပါသည်။

ဘုရားသခင်တပါးတည်းသာလျှင် သင်၏ညစ်ညမ်းသော ဩတပ္ပစိတ်ကို သန့်ရှင်းစင်ကြယ်စေပြီး သင်၏အပြစ်ကိုလည်း ခွင့်လွှတ်နိုင်သည်။ ဤပြဿနာမှ ကင်းလွတ်ရန်အခြားသောအရင်းအမြစ်သို့ လှည့်လည်ရှာဖွေသောသူသည် မိုက်မဲ၊ ဆုံးရှုံးသောသူဖြစ်သည် (မာကု၊ ၂း၇-၁၂၊ ၁ယော၊ ၁း၁-၉)။ ကျန်းမာခြင်းအတွက် အရေးပါသောစိတ်နှလုံးငြိမ်သက်ခြင်းသည် ဘုရားသခင်တပါးတည်းသာလျှင် ပေးနိုင်သည် (ရောမ၊ ၅း၁)။ ယိုယွင်းပျက်စီးနေသော သင်၏ဇာတိနှင့် အပြစ်ကို ပြုပြင်အစားထိုးရန် နှုတ်ကပတ်တော်အားဖြင့်သာ သင့်ကိုကူညီနိုင်သည်။ မတရားသောသူ၏လမ်းသို့ လိုက်လျှောက်သောသူသည် မိုက်မဲသောသူဖြစ်သည် (ဆာလံ၊

## အခန်း (၁၆)
## မိမိကိုယ်ကိုမနာကျင်စေနှင့်

၇၅ ပေမြင့်သော ကြိုးစင်ကိုတည်ဆောက်ပြီး မိမိကိုယ်ကို မထိခိုက်စေနှင့် ဟုဆိုလိုခြင်းလား၊ မဟုတ်ပါ ထိုသို့သောအရာကိုမဆိုလိုပါ။ ဟာမန်သည် ဘုရားသခင်၏လူ မော်ဒကဲသတ်ရန် ထိုကဲ့သို့သောကြိုးစင်ကိုတည်ဆောက်ခဲ့သော်လည်း သူဆောက်ခဲ့သော ကြိုးစင်သည် သူ့ကိုယ်သူထိခိုက်စေခဲ့သည်။ အကယ်စင်စစ် သူသေရမည့်အရာကိုစီမံခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် ထိုသို့သောလူကို ဆန့်ဘက်ပြုသောကြောင့် သူဆောက်သောကြိုးစင်သို့တင်သတ်ခြင်းခံခဲ့ရသည် (ဧသတာ၊ ၃-၇)။

ဘုရားသခင်သည် ကမ္ဘာဦးကျမ်းမှ ဗျာဒိတ်ကျမ်းအထိ သူ၏လူတို့ကို ကတိပေးသည်မှာ "သင့်တဘက်၌လုပ်သော လက်နက်တစုံတခုမျှ အထမမြောက်ရ။ သင့်ကိုတရားတွေ့သောသူမည်ကား၊ အရှုံးခံရလိမ့်မည် ထာဝရဘုရား၏ ကျွန်တို့သည် ထိုသို့သောအမွေကိုခံရ၍ ငါ့ကြောင့်ဖြောင့်မတ်ရာသို့ ရောက်ကြလိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူ၏ (ဟေရှာ၊ ၅၄း၁၇)။ ဘုရားသခင်၏ ဘိတ်သိပ်ခြင်းခံသောသူကို မထိခိုက်နှင့်ဟုဆိုရာတွင် အမှုတော်ဆောင်သောသူများသာမက ဖြောင့်မတ်စွာနှင့် သစ္စာရှိစွာအစေခံကြသော သူ၏ခန္ဓာကိုယ်ဖြစ်သော ယုံကြည်သူများကို ထိခိုက်သောသူအား ဘုရားသခင်သတိပေးသည်မှာ ဘုရားသခင်သည် ဖြောင့်မတ်သောသူများ၏ ကြီးမားသောကွယ်ကာသူ ဖြစ်ကြောင်းကို (ဆာလံ၊ ၁၀၅း၁၄-၁၅)တွင် ဖော်ပြထားပါသည်။

ဘယ်သောအခါမျှ သူတပါးဆုတ်ယုတ်ကျဆင်းရန် လှို့ဝှက်စွာမကြံစည်နှင့်၊ အကြောင်းမှာ အဘယ်မျှပင်ကျွမ်းကျင်စွာသင်၏ ထောင်ချောက်ကိုသင်ဖုံးကွယ်သော်လည်း ဘုရားသခင်သည် သင့်ကိုလှန်ပြန်တော်မူလိမ့်မည်။ သင်သည် သူတပါးခြေချော်လဲကျရန် တွင်းတူးပါက ၎င်းတွင်းထဲ၌သင်ကိုယ်တိုင်လဲကျလိမ့်မည် (သုတ္တံ၊ ၂၈း၁၀)။ အကယ်၍သင်၏စိတ်သဘောထားသည် ဖြူစင်ပြီး သူတပါးနှင့် ငြိမ်သက်မှုရှိရန် ရည်ရွယ်၍သင့်လက်များလည်း သန့်ရှင်းစင်ကြယ်လျှက်နဲ့ သင့်ကိုထိခိုက်စေသောသူ၊ လက်ညိုးထိုးသောသူသည် အမင်္ဂလာရှိ၏။



မျှော်လင့်ခြင်းသည် ဒီနေ့ထက် မနက်ဖြန်သည် ပို၍ကောင်းလိမ့်မည်ဟု တတ်ကြွစွာမျှော်လင့်တတ်သည်။ မျှော်လင့် ခြင်းသည် အခြေအနေအားလုံးကို ဘုရားသခင်၏ ထိမ်းချုပ်မှုအောက်၌ရှိကြောင်း သေချာသိနားလည်ခြင်း၌ ဝမ်းမြောက်ခြင်းနှင့် အနားယူခြင်းဖြစ်သည်။

**ချစ်ခြင်းမေတ္တာ**သည် ပို၍အရေးကြီးသော အချက်ဖြစ်သည်။ တခါတရံ (ရှင်ယောဟန်၊ ၁၅း၁၂)တွင် ယေရှု၏ပထမပညတ်ချက်ကို ကျွန်တော်တို့ မေ့ထားခြင်း (သို့) လစ်လျူ ရှုထားခြင်းသည် အဘယ်မျှလောက် ဝမ်းနည်းဖွယ်ဖြစ်သနည်း၊ သင်ချစ်လာခြင်းသည် ယေရှုကိုချစ်ရုံသည်မက (ယောဟန်၊ ၁၄း၂၁)၊ သင်၏ ညီအစ်ကိုကို အံ့သြဖွယ်ရာ မင်္ဂလာပေးခြင်းနှင့် သင်၏ခန္ဓာကိုယ်အတွက် ကျန်းမာခြင်းလည်းဖြစ်စေသည်။ မုန်းတီးခြင်း၊ စိတ်ဆိုးခြင်း၊ ခါးသီးခြင်းနှင့် နာကြည်းခြင်းတို့သည် သင်၏အတွင်းခန္ဓာအစိတ်အပိုင်းထဲသို့ ပြင်းထန်သော အဆိပ်ဖြစ်စေပြီး သင်၏ကျောက်ကပ်ကို ဒုက္ခဝေဒနာနှင့်ပြည့်စေတတ်သည်။

အကယ်၍သင်သည် မိမိညီအစ်ကိုကို ခွင့်မလွှတ်နိုင်ခြင်းကြောင့် ဖျားနာခြင်းအားဖြင့် နှိပ်စက်မှုခံရပြီး၊ သင်၏စိတ်နှင့်ခန္ဓာကိုယ်ပါ ပင်ပန်းခြင်းခံစားနေရပါက အံ့သြခြင်းမရှိပါနှင့် (မဿဲ၊ ၁၈း၃၂-၃၅)။ သင်သည် ဤ (မဿဲ၊ ၁၈း၂၁-၃၁)ကို သေချာဖတ်ရှုပါက သန့်ရှင်းသော ဝိညာဉ်တော်၏ သွေးဆောင်ခြင်းအားဖြင့် ဘုရားသခင်ကိုကြောက်ရွံ့ရိုသေခြင်းသည် ကျန်းမာရေးအတွက် ဆရာဝန်များ ညွှန်ကြားထားသော ဆေးဝါးများထက် ပို၍အစွမ်းထက်ပြီး ကောင်းမွန်ကြောင်း နားလည်လိမ့်မည်

အကယ်၍သင်၏ဝိညာဉ်၌ ရန်ငြိုးသို့မဟုတ် နာကြည်းမှုကိုသင်ခံစားနေရပြီး ဘုရားသခင်၏ခန္ဓာအစိတ်အပိုင်းဖြစ်သော သင့်ညီအစ်ကိုကို နားလည်မှုမရှိပဲ သူ့ကိုဘေးအန္တရာယ်ပြုပါက သင့်ကိုယ်သင် ဒုက္ခပေးခြင်းဖြစ်သည် (၁ကော၊ ၁၁း၂၇-၃၄)။

ချစ်ကြောင်းအကြီးမားဆုံး ထင်ရှားစေသောအရာမှာ သင်ပြောသော အရာနှင့် သီဆိုခြင်း၌မဟုတ်ပဲ ဘုရားသခင်၏လူသိုးစုများ၏ ဝန်ထုတ်ကိုသင် ဘယ်လိုဂရုစိုက်မစ ကူညီသလဲဆိုသောအရာဖြစ်သည်။ အကယ်၍သင်သည် ခွင့်မလွှတ်နိုင်သော အပြစ်ရှိပါက ဆရာဝန်ထံသို့သွားခြင်းထက် သင်၏အတွေးများ

ပြောင်းလဲခြင်းသည် ပိုကောင်းသည်။

အကယ်၍သင်၏ ပြင်ပအသက်တာသည် ကြောက်ရွံ့ဖွယ်ဖြင့်ကြီးထွားလာ၍ ဘုရားသခင်နှင့်လူတိုင်းကိုစွပ်စွဲပြီး အရာရာတိုင်းတွင်ငြီးထွားနေပါက သင်၏ခန္ဓာကိုယ်ဆုတ်ယုတ်လာခြင်းကို အံ့သြမှုမဖြစ်ပါနှင့်။ ၎င်းသည်ပြင်းထန်သော ပြစ်ဒဏ်ဖြစ်ပေါ်စေနိုင်သည်။ စိတ်ရွှင်လန်းခြင်းသည် ကျန်းမာစေတတ်၏ (သုတ္တံ၊ ၁၇း၂၂)။ မျက်နှာပြုံးရွှင်ပြီး၊ ရယ်နိုင်ဖို့ရန်သင်ယူ၍ သူတပါးနှင့် နောက်ပြောင်သရော်ခြင်းလည်းပြုလုပ်ပါ။ ၎င်းတို့သည် သင့်အတွက်ကျန်းမာစေပြီး မျက်နှာရွှင်လန်းစေပါသည်။ ရယ်စရာကောင်းသော ဟာသများပြုလုပ်ခြင်းသည် စိတ်သက်သာစေပါသည်။ သို့သော်သူတပါးထိခိုက်နစ်နာစေရန် လွန်ကျူးစွာ မနေပါနှင့် (ဧဖက်၊ ၅း၄)။

ရှင်ပေါလုသည် ယေရှုနှင့်အတူ ကောင်းကင်အရပ်၌နေရာရရှိသော်လည်း (ဧဖက်၊ ၂း၆)၊ သူ၏ခြေသည် မြေကြီးပေါ်၌ မြဲမြံစွာရပ်တည်လျက်ရှိသည်။ တိမောသေကို ကောင်းသောအကြံပြုသည်မှာ “မကြာမကြာခံရသောရောဂါကြောင့် စပျစ်ရည်အနည်းငယ်ကိုသုံးလော့” ဟုဆိုခဲ့ပါသည် (၁တိ၊ ၅း၂၃)။ အသင့်အတင့်ပြုတတ်ခြင်းသည် အသက်တာမကျဆင်းစေပဲ၊ ယုံကြည်ခြင်းကို တိုးပွားစေပါသည်။ ဤအချက်တွင် စပျစ်ရည်သည်ကောင်းသည် မကောင်းသည်ကိုမဆိုလိုပဲ တိမောသေ၏ ရောဂါကုသခြင်းက အရေးကြီးသည်။ အကြောင်းမှာသူသည် မကျန်းမာပါက အမှုတော်အစေခံခြင်းမှ ရပ်နားရမည်ဖြစ်ပြီး၊ ပြန်နေကောင်းပါက ဘုရားပေးတာဝန်ကို ပြန်လည်ထမ်းဆောင်နိုင်မည်ဖြစ်သည်။

အကယ်၍ဘုရားသခင်သည် သင်၏ဆုတောင်းချက်ကို နားမညောင်းခြင်း (သို့) သင်၏ဖျားနာခြင်းအကြောင်းရင်းကို ဖော်ပြခြင်းမရှိပါက (ယာကုပ်၊ ၁း၅)။ သင့်ကိုလမ်းပြရန် နှိမ့်ချသောစိတ်ဖြင့်ဘုရားသခင်ထံတောင်းခံရမည်။ ကျွန်တော်တို့စားသုံးသော အစာသည် ကြာရှည်ခံရန်နှင့် အရောင်ဆိုးရန် ဓါတုရောနှောလျက်ရှိသောကြောင့် ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။ ညစ်ညမ်းမှုသည် အကြောင်းရင်းမျိုးစုံမှ ပေါ်ပေါက်စေနိုင်သောကြောင့် ၎င်းတို့မှကင်းလွတ်ရန် သတိပြုလော့ (မာကု၊ ၁၆း၁၈)။ သင်သည် ဘုရားသခင်ထံ၌ အကူအညီတောင်းခံပါကသူသည် ၎င်းအန္တရာယ်များမှ ကူညီမစနိုင်သည်။ လွန်ကျူးစွာလုပ်ကိုင်ခြင်း၊



လွန်ကျူးစွာ စားသောက်ခြင်း၊ အိပ်ရေးပျက်ခြင်းစသည်တို့သည်လည်းဖျားနာခြင်းကို ဖြစ်ပေါ်စေတတ်သည်။

ဘုရားသခင်သည် သင်ကျန်းမာပြီး၊ အသက်ရှင်နေထိုင်ရေး၌ သင့်ကို ဝမ်းမြောက်စေလိုပါသည်။ သူသည် ကျန်းမာခြင်းနှင့်အံ့သြဖွယ်ရာများကို ပြုနိုင်သည်၊ ပေးနိုင်သည်။ သို့သော်သူ၏နှုတ်ကပတ်တော်သည် ဖျားနာမှုကို ရှောင်ရှားနိုင်ရန် ဘယ်လိုပြုမူရမည်ကို သွန်သင်ထားပါသည်။ ဘုရားသခင်ကို ကိုယ့်အစွမ်းရှိသမျှဖြင့်ချစ်ပြီး သူ၏လူများကိုလည်း သူတို့ဖြစ်သည့်အတိုင်း ချစ်လော့။ စိုးရိမ်ခြင်းအမှုရှိသမျှကို ကိုယ်တော်၌အပ်နှံပြီး (၁ပေ၊ ၅း၇) သက်တောင့်သက်သာအနားယူလော့။ မနက်ဖြန်သည် သာယာတောက်ပသောနေ့ဖြစ်မည်ဟု ယုံကြည်ပါ။ မျော်လင့်ချက်ရှိပါ။ ဤအရာသည် ဘုရားသခင်၏ ကျန်းမာစေခြင်း နည်းလမ်းဖြစ်သည်။

## အခန်း (၁၇)
## ဘုရားသခင်၏ကောင်းမြတ်ဆုံးသောအရာကို သင်တွေ့ရှိလိမ့်မည်

အကယ်၍သင်၏နှလုံးသားသည် ရိုးသားဖြူစင်စွာ ဘုရားသခင်၏ ကောင်းမြတ်ဆုံးသောအရာကို ရှာဖွေ၍ခေါင်းမာခြင်း သို့မဟုတ် မိုက်မဲခြင်းကို ဖယ်ရှားကာ သန့်ရှင်းသော ဝိညာဉ်တော်၏ နိုးဆော်ချက်ကို အာရုံစိုက်ပါက ဘုရားသခင်၏ ကောင်းမြတ်ခြင်းကို သင်တွေ့ရှိလိမ့်မည်။ ဤအရာသည် အချီးနှီးသောဂတိတော်မဟုတ်ပဲ၊ သင်၏ဝိညာဉ်ကို ဦးဆောင်လမ်းပြသော ဗျာဒိတ်တော်ဖြစ်သည်။

အဖခမည်းတော်၏ နှလုံးသားသည် ဖြောင့်မတ်စွာသင်၏ အမွေတော်ကို ခံစားစေဖို့အလို့ငှာ တစ်ပါးတည်းသောသားတော်ကို စေလွှတ်ခဲ့သည်။ ယခုတွင် သန့်ရှင်းသော ဝိညာဉ်တော်သည် သင်၏ကိုယ်စားထက်ကောင်းကင်တွင် အလုပ်ဆောင်ရွက်လျက်ရှိသည်။ သူသည် သင်၏ကိစ္စအဝဝကို ဖြေရှင်းပေး၍ သင်၏အမွေတော်ခံရာသို့ ပို့ဆောင်ပေးလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် သင်သည်ဘုရားသခင်၏ သားဖြစ်သောကြောင့် သူ၏မေတ္တာတော်ကို အခြေပြု၍ လောကဆိုင်ရာ တရားရုံးတို့ထက် အမွေတော်ကိုပို၍ တောင်းခံနိုင်သော အခွင့်အရေးသင်၌ရှိသည်။ ထိုအမွေတော်သည် ယေရှု၏အသွေးတော်အားဖြင့် တံဆိပ်ခပ်လျက်ရှိသည်။ ထို့ကြောင့် စာတန်သည်သင့်ကို မယှဉ်ပြိုင်နိုင်တော့ပါ။ သို့သော်သင့်ကို သံသယဖြစ်စေနိုင်သည်။

ဩဝါဒကို သိက္ခမ်းခြင်း၌ ယှဉ်ပြိုင်မှုမပြုပါနှင့်။ ဩဝါဒသည် ဘုရားသခင်ကို သိက္ခမ်းစေဖို့ရန် လမ်းပြပေးသော ဝိညာဉ်တော်၏အသုံးတော်ခံ တန်ဆာပလာမျှသာဖြစ်သည်။ သင့်အသက်တာသည် ဘုရားသခင်၏အလိုတော်နှင့် ဘုရားသခင်၏ကောင်းမြတ်ခြင်းကို လက်ခံနိုင်သော အသက်တာဖြစ်လာစေဖို့ရန် ထက်မိုးကောင်းကင်သည် သင့်အတွက် ဂတိတော်ပေးထားခဲ့ပြီးဖြစ်သည်။

အကယ်၍ သင်၏ခန္ဓာကိုယ်ကို အသက်ရှင်သော ယဇ်ပူဇော်ခြင်းကဲ့သို့ ပူဇော်ပြီး လောကီရေးရာ၏ ဖိအားပေးမှုများကို ဆန့်ကျင်ဖယ်ရှားကာ နှုတ်ကပတ်တော်အားဖြင့် သင်၏အတွေးများကို ပြန်လည်စီမံပြုပြင်ရန် ခွင့်ပြုပါကသင်သည်



ဘုရားသခင်သည် သူ၏ဖြောင့်မတ်သောသူများအား ညှင်းဆဲသောသူများကို မည်ကဲ့သို့တုံ့ပြန်သည်ကို ဆက်လက်လေ့လာကြပါစို့။

အကယ်၍ ဒံယေလကဲ့သို့သင်သည် အန္တရာယ်ထောင်ချောက်ထောင်ခြင်း ခံရမည်ဆိုပါက ငြိမ်သက်စွာအနားယူနိုင်ပါ့မလား။ ဒံယေလကတော့ အဘယ်သူ့ထံမှ အကူအညီမရသော်လည်း ခြင်္သေ့များကြားတွင် တညလုံးနှစ်ခြိုက်စွာ အိပ်ပျော်နိုင်ခဲ့ပါသည်။ အဘယ်သို့သော ခေါင်းအုံးကိုသုံး၍ သူအိပ်ပျော်ခဲ့ပါသနည်း၊

ဟုတ်ကဲ့၊ ဘုရားသခင်သည် ခြင်္သေ့၏မေးရိုးကိုပိတ်ပေးခြင်း သို့မဟုတ် ခြင်္သေ့များကို အစာစားလိုစိတ်မရှိအောင် ပြုခြင်းလည်း ဖြစ်နိုင်သည်။ သို့သော် ဒံယေလအတွက် စစ်မှန်သောအစာမှာ ဘုရားသခင်၏ အစေခံခြင်းဖြစ်သည် (ဒံယေလ၊ ၆း၂၄)။

ရံဖန်ရံခါ ဘုရားသခင်အားချီးမွမ်းထောမနာပြုရန် သင်၏ဩတ္တပ္ပစိတ်၏ နိုးစေခြင်း (သို့)သင်သည် လူနာစောင့်ရှောက်ခြင်း၊ ကလေးထိမ်းခြင်း စသည်တို့မှ တပါးအဘယ်အရာကမျှ သင်၏အိပ်စက်ခြင်းကိုအနှောင့်အယှက် မရှိစေနှင့် (ဆာလံ၊ ၉၁း၁၁)။ John Wesley က စိုးရိမ်ခြင်းနှင့် ပူပန်ခြင်းအားဖြင့် သူ့ကို ဘယ်တော့မှ တညလေးမျှအိပ်ရေးပျက်ခြင်းမရှိခဲ့ပါဟုဆိုခဲ့ပါသည်။

သင်၏အတွေးစိုးရိမ်ပူပန်ခြင်းအားဖြင့် သင်၏အိပ်စက်အနားယူခြင်း အနှောင့်အယှက်မဖြစ်စေနှင့်၊ အကြောင်းမှာ "သွားလေရာရာ၌သင့်ကို စောင့်ရှောက်စေခြင်းငှာ၊ ကောင်းကင်တမန်တို့အား သင့်အဘို့မှာထားတော်မူပြီ (ဆာလံ၊ ၉၁း၁၁)။ ဘုရားသခင်သည် အမြဲတမ်းသတိနိုးကြားလျက်ရှိသောကြောင့် သင်လိုအပ်သောအချိန်၌ ခေါ်နိုင်ပါသည်။ ထို့ကြောင့်သင်အိပ်ရေးပျက်ခံပြီး ဘုရားသခင်နှင့်အတူ နိုးနေဖို့ရန်မလိုပါ (ဆာလံ၊ ၁၂၁း၃-၄)။

အကယ်၍သင်သည် ဣသရေလလူများကို ဖာရော၏စစ်တပ်များက လွတ်ရာလမ်းမရှိအောင် ပိတ်မိသကဲ့သို့ ခံစားရလျှင်မကြောက်လန့်ပါနှင့်၊ ဘုရားသခင်သည် ရေကိုနှစ်ခြမ်းကွဲစေပြီး၊ ရွံ့မြေကိုလမ်းမကြီးအဖြစ် ပြောင်းစေနိုင်ကြောင်းကို မမေ့နှင့် (ထွက်၊ ၁၄း၂၁-၂၂)။ သင့်ကိုနှိပ်စက်သောသူများအဘို့ သင်၏ဂရုဏာသက်ခြင်းကို ထိမ်ချန်ထားပါ။ အကြောင်းမှာ ဘုရားသခင်သွားစေလိုသောလမ်းသို့ သူတို့လျှောက်သွားကြသောအခါ ဘုရားသခင်သည် ရေများကို

မူလစီးဆင်းသည့်အတိုင်း ပြန်ပြောင်းလဲတော်မူလိမ့်မည် (ထွက်၊ ၁၄း၂၇)။ ထိတ်လန့်စရာအားလုံးတိုင်းသည် စာတန်ထံမှ လာခြင်းမဟုတ်ပဲ ဘုရားသခင်ထံမှ လာခြင်းဖြစ်တတ်သည်။ သို့သော် စာတန်သည် အဖိုးအခမရသောအစေခံကျွန်ဖြစ်ပြီး ဘုရားသခင်၏ ကန့်သတ်ချက်အတွင်း၌ အလုပ်လုပ်သောသူမျှသာဖြစ်သောကြောင့် သင်မခံနိုင်သော ဒုက္ခဖိအားများခံစားရန် ဘုရားသခင်ခွင့်မပြုပေ (ယောဘ၊ ၂း၂-၁၀)။

သုခအားလုံးနှင့်ဒုက္ခအားလုံးတို့သည် သင့်ကိုယေရှုခရစ်တော်နှင့် သဏ္ဍာန်တူလာဖို့ရန် ဘုရားသခင်၏ကြီးမားသောအကြံအစည်ကြီးကို ဆောင်ရွက်နေကြခြင်းဖြစ်သည် (ရောမ၊ ၈း၂၈-၃၁)။ ထို့ကြောင့် သင်၏ပြဿနာအခြေအနေကို သုံးသပ်ဆင်ခြင်၍သင်ခန်းစာယူပြီး ရွှင်လန်းပြုံးရွှင်နိုင်သော ဘဝရောက်ရှိလာစေရန်ဖြစ်သည် (ယောဘ၊ ၄၂း၁၂-၁၉)။

နေ့အချိန်ပစ်တတ်သောမြှားနှင့်ညဥ့်အခါဖြစ်တတ်သောဘေးသည် သူတစ်ပါးထံသို့ရောက်ရှိသော်လည်း သင်သည်မကြောက်ရပါ (ဆာလံ၊ ၉၁း၅-၁၃)။ ဘုရားသခင်သည် ဖြောင့်မတ်သောသူကို ညှဉ်းဆဲသောသူအားထို "ဖြောင့်မတ်သောသူကိုထိခိုက်ပါကငါ့ကိုထိခိုက်ခြင်းဖြစ်သည်"ဟု သတိပေးထားပါသည် (တမန်၊ ၉း၅၊ ဟေရှာ၊ ၄၁း၁၁-၁၄၊ ဆာလံ၊ ၁၀၉း၂၉)။ ဘုရားသခင်သည် သူ၏လူတို့ကို မိုးတိမ်တိုင်ဖြင့်လွှမ်းခြုံခြင်းအားဖြင့် သဲကန္တာရသို့ ခရီးသွားစေခဲ့သည်။ (ထွက်မြောက်၊ ၁၄-၁၉) ထို့အပြင်သူ၏ စွမ်းရည်အားဖြင့် ဆာလောင်ငတ်မွတ်ခြင်း၊ ရေငတ်ခြင်းဘေးမှလည်း ဆက်လက်ကျွေးမွေးထိမ်းသိမ်းခဲ့သည် (ဟေရှာ၊ ၄၉း၁၀)။

သင်သည်သူ၏ ဂရုစိုက်မှုအောက်၌အတိတ်နှင့် ပစ္စုပ္ပန်အားလုံးအတွက် လုံခြုံစိတ်ချရရုံသာမက သင်၏အနာဂတ်အတွက်လည်း ကြိုတင်စီမံထားလျက်ရှိသောကြောင့် လကမ္ဘာ၏ဆွဲအားလည်ပတ်မှု၌ သင်၏စိတ်ကိုရှုးသွပ်စေနိုင်မည်မဟုတ်တော့ချေ။ ဟုတ်ကဲ့၊ လောကကမ္ဘာရှိဆွဲအား အားလုံးသည်သူ၏ ထိမ်းချုပ်မှုအောက်၌ရှိကြသောကြောင့် နေ၊ လ၊ ကြယ်တို့အားဖြင့်လည်း သင့်ကိုထိခိုက်စေနိုင်မည်မဟုတ်ပေ (ဆာလံ၊ ၁၂၁ း ၅-၆)။ ထို့ကြောင့်သင်၌ကြောက်ရွံ့စရာဘာမျှမရှိတော့ပေ။



ဟုတ်ကဲ့၊ သင့်ကိုကျော့ကွင်းထောင်သောသူသည် ၎င်းကျော့ကွင်း၌ပင်ပိတ်မိခြင်းခံရလိမ့်မည် (ဆာလံ၊ ၁၄၁း၈-၁၀)၊ ဘုရားသခင်သည် ကျော့ကွင်းကြိုးကွင်းကို မြင်တော်မူ၍ အပြစ်ကင်းစင်သောသူကို ကွယ်ကာစောင့်ရှောက်တော်မူ၏ (ဆာလံ၊ ၁၄၂)။ ဘုရားသခင်သည် ဖြောင့်မတ်ခြင်းတရားကို အစပြုသောသူဖြစ်သောကြောင့် သူ၏တရားစီရင်ခြင်းသည် သမိုင်းမှတ်တမ်းများကို ဖြောင့်မတ်စွာတရားစီရင်လိမ့်မည်။ (ဆာလံ၊ ၉၄း၂၁၊၂၃)။ ဘုရားသခင်သည် သူ့လူတို့၏ရန်သူများကို ရှုပ်ထွေးစေပြီး လေတိုက်သောဖွဲကဲ့သို့ ဖြန့်ကြဲ၍ ညင်းဆဲလိုက်လံတိုက်ထုတ်ကာ လွဲစေတော်မူလိမ့်မည် (ဆာလံ၊ ၃၅း၁-၉)။ အပြစ်ကင်းစင်သောသူကိုဆန့်ကျင်တိုက်ခိုက်သောသူသည် သနားဖွယ်ကောင်းသောသူဖြစ်၏ (ဟေရှာ၊ ၄၉း ၂၄-၂၆)။ အကြောင်းမှာ ဘုရားသခင်၏အထွဋ်အထိပ်ကွယ်ကာရာခံတပ်ကြီးကိုကျူးကျော်တိုက်ခိုက်သောကြောင့် သေချာပေါက်ဆုံးရှုံးမည်ဖြစ်သည် (ဆာလံ၊ ၉၁း၂)။

သမိုင်းသည်သူ၏သမိုင်းဖြစ်သော်လည်း ဘုရားသခင်သည် သူ၏လူတို့ကို "မျက်ဆန်ကဲ့သို့" ကွယ်ကာစောင့်ရှောက်တော်မူကြောင်းကို ဖော်ပြထားပါသည်။ (ဇာခရိ၊ ၂း၈)။ ထို့ကြောင့် သက်တောင့်သက်သာနေပါ၊ မကြောက်နှင့် သင်၏ဝမ်းနည်းမှုကို ရပ်စဲပြီးသင့်ကိုညှဉ်းဆဲသောသူတို့အဘို့ သနားကြင်နာခြင်းကိုချန်ပေးထားပါ။ ကြိုးစင်များ၏ အရိပ်သည်သင့်အတွက် မဟုတ်ပါ။ ထို့ကြောင့်ဆာလောင်နေသော ခြင်္သေ့၏ဟိန်းဟောက်သံ၊ ဒေါသမီးလျှံနှင့် သင်၏ခြေရင်း၌လူဆိုးတို့၏ အော်သံကြောင့် သင့်ကိုမကြောက်ရွံ့စေနှင့် (သို့) သင်၏အိပ်စက်ခြင်းကို အနှောင့်အယှက်မဖြစ်စေပါနှင့်။ သင့်ကိုသင်ကသာလျှင် ထိခိုက်နာကျင်စေနိုင်ပါသည်။

ဧကန်မုချ ဘုရားသခင်၏ ကောင်းမြတ်ဆုံးသောအရာကို တွေ့ရှိလိမ့်မည်။

ဘုရားသခင်သည် သင်၏လူသားဖြစ်ခြင်းထဲမှ သူ၏ဘုန်းတော်ကို ကြီးထွားစေတော်မူလိမ့်မည်။ ၎င်းသည် **မွန်မြတ်သောအရာ** ဖြစ်သည်။ ခရစ်တော်၌ သင်၏အသက်တာခရီးကိုတွေ့ရှိခဲ့ပြီးဖြစ်သောကြောင့် သူတစ်ပါးတို့သည် သင့်ထံမှ ကောင်းကျိုးများခံရလိမ့်မည်။ ၎င်းသည် **လက်ခံနိုင်ဖွယ်သောအသက်တာ**ဖြစ်သည်။ နောက်ဆုံးတွင် သင့်အသက်တာ ကြီးထွားရင့်ကျက်ပြည့်စုံလာမည်ဖြစ်သည် ၎င်းသည် **ပြည့်စုံခြင်း** ဖြစ်သည် (ရောမ၊ ၁၂း၁-၂)။

ဘုရားသခင်၏ မေတ္တာတော် သားတော်ယေရှု၏ လုပ်ဆောင်ပေးခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်၏ မစခြင်းမပါပဲ၊ နှစ်ပေါင်းတစ်သောင်း သင်အသက်ရှင်သော်လည်း ဘယ်တော့မှ ဘုရားသခင်၏ ကောင်းမြတ်ဆုံးသောအရာ မတွေ့ရှိနိုင်ပေ။ ၎င်းတို့၏အကူညီအားဖြင့်သာ သင်တွေ့ရှိနိုင်မည်။

ဘုရားသခင်၏ အံ့ဩဖွယ်ကျေးဇူး ဂရုဏာသည် သင်၏အသက်တာထဲ၌ စီးဝင်ခဲ့ပြီး သူ၏ကြီးမားသော မဟာမေတ္တာတော်ထဲ၌ သင်၏ပျက်စီးချွတ်ယွင်းချက်အားလုံးသည် အကောင်းပကတိဖြစ်ခဲ့ပြီ။ သင်သည် မပျက်စီးနိုင်သော နှုတ်ကပတ်တော်အားဖြင့် မွေးဖွားခဲ့ခြင်းဖြစ်သောကြောင့် သူသည်သင့်ကိုပြည့်စုံစေတော်မူလိမ့်မည်။ သင့်အသက်တာကို အုပ်စိုးသောသခင်သည် သင့်အပေါ်၌တည်ရှိပြီ၊ အရာခပ်သိမ်းအဆိုး၊ အကောင်းအားလုံးတို့သည် သင့်အတွက်ကောင်းကျိုးများသာဖြစ်လာပြီး ၎င်းတို့အားဖြင့် သားတော်၏ ပုံသဏ္ဍာန်နှင့်တူညီလာစေရန် သင့်ကိုပြုပြင်ဖန်ဆင်းတော်မူလိမ့်မည် (ရောမ၊ ၈း၂၉)။

ဘုရားသခင်သည် သင့်နှလုံးသားထဲမှ သူ့အတွက်ငိုကြွေးခြင်းကို ကြားသိတော်မူသည်။ ယခုတွင် ဘုရားသခင်သည် **သူ၏ကောင်းမြတ်ခြင်း** ထဲသို့သင့်ကို ခေါ်ဆောင်ရန် ကောင်းကင်နှင့်မြေကြီးကို ရွှေ့လျားစေတော်မူလိမ့်မည်။

**အင်တာနက်မှအခမဲ့ဖြန့်ဝေသည်**

The World Christian Net work

The DCI Trust, England

http://www.dci.org.uk